# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၁)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (5-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၅၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

စာမျက်နှာ - ၁၉

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်မြို့ကျက်သရေဆောင် လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညို

**ဖူးမြော်ကြည်ညို**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုစဉ်။





**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ကျက်သရေဆောင် လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့





**Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်**
**Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။**

ဝန်ထမ်းလစာများပေးချေခြင်း၊ လျှပ်စစ်မီတာပေးဆောင်ခြင်း၊ e-Topup ဖုန်းငွေဖြည့်သွင်းခြင်း၊ ပြည်တွင်းပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ ဒီဂျစ်တယ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၅ ရက်
အယ်ဒီတာ့အာဘော်

# ဆရာများ၏ ဂုဏ်ကျေးဇူးကို ပူဇော်ကန်တော့

အောက်တိုဘာ ၅ ရက်(ယနေ့)သည် ကမ္ဘာ့ဆရာများနေ့ဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် ဆရာ၊ ဆရာမများကို "အာစရိယဂုဏော အနန္တော"ဟု သတ်မှတ်ကာ ပူဇော်မှုအစုစုတို့ကို ပြုကျင့်လေ့ရှိကြသည်။ ထိုသို့ ပြုကျင့်ကြခြင်းသည် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတည်းဟူသော အမြတ်ဆုံးကျေးဇူးရှင်ငါးပါးထဲတွင် တစ်ဂိုဏ်းတည်းထားကာ ပူဇော်မှုပြုကြခြင်းဖြစ်သည်။

၁၉၆၆ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျင်းပခဲ့သော အထူးညီလာခံကြီးက ဆရာများ၏ ဂုဏ်သိက္ခာနှင့်ဆိုင်ရာ ထောက်ခံချက်ကို အညီအညွတ် ဆွေးနွေးအတည်ပြုပြဋ္ဌာန်းပေးခဲ့သဖြင့် ကမ္ဘာပေါ်တွင် ဆရာများ၏ ဂုဏ်သိက္ခာထောက်ခံချက် သို့မဟုတ် ပြဋ္ဌာန်းချက်အခိုင်အမာအတည်ပြုပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ဆရာသမိုင်းတွင် သမိုင်းဝင်ဖြစ်ခဲ့ရသည့် ၁၉၆၆ ခုနှစ် အောက်တိုဘာ ၅ ရက်ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပေသည်။

ကမ္ဘာတစ်ဝန်းလုံးက အာစရိယမြတ်ဆရာများကို ၁၉၆၆ ခုနှစ်ကစ၍ ဂုဏ်ပြုအမွှမ်းတင်နေကြသော်လည်း မြန်မာလူမျိုးများအနေဖြင့် ရှေးပဝေသဏီကတည်းက သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအားလုံးကို အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင်အဖြစ် သတ်မှတ်ကာ ပူဇော်ကန်တော့ကြလေ့ရှိခဲ့ကြသည်။ သို့သော် မြန်မာနိုင်ငံတွင် ၂၀၀၂ ခုနှစ် အောက်တိုဘာ ၅ ရက်မှစ၍ နိုင်ငံတော်အဆင့် ကမ္ဘာ့ဆရာများနေ့အဖြစ် ကျင်းပကာ ဆရာ၊ ဆရာမများ၏ ဂုဏ်ကျေးဇူးများကို ဖော်ထုတ်အမွှမ်းတင်ခြင်း၊ စာပေပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ထူးချွန်ဆရာ၊ ဆရာမများကို ရွေးချယ်ဆုချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာအဘိဓာန်တွင် "ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊ အတတ်၊ လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူကို ဆရာ"ဟု ဖွင့်ဆိုထားသည်။ ဆရာအတတ်၊ ဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုမှုသည် သမ္မာအာဇီဝဖြစ်၍ ကောင်းသော၊ မွန်မြတ်သော ဂုဏ်တစ်ရပ်လည်းဖြစ်ပေသည်။ ဆရာ၊ ဆရာမတို့သည် "စေတနာ၊ ဝါသနာ၊ အနစ်နာ"ဟူသော နာသုံးနာဖြင့် တပည့်များအပေါ် ပညာသင်ကြားပေးနေကြသူများဖြစ်သောကြောင့် တပည့်များကလည်း ဆရာ၊ ဆရာမများ၏ ကျေးဇူးကို တုံ့ပြန်ပူဇော်ကန်တော့ကြရမည်ဖြစ်သည်။

ထို့ပြင် ဆရာ၊ ဆရာမများသည် တပည့်များကို ပညာသင်ကြားပေးရုံသာမက ဘဝအတွက် လမ်းပြကြယ်များလည်းဖြစ်ပေသည်။ တစ်နည်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနေကြသူများလည်းဖြစ်သည်။ ထို့ကြောင့် ဆရာ၊ ဆရာမများ၏ ဂုဏ်ကျေးဇူးကို မမေ့ဘဲ ဆရာနှင့်တပည့် အပြန်အလှန် ကျေးဇူးသိတတ်ခြင်း၊ တန်ဖိုးထားလေးစားခြင်းတို့ဖြင့် လောကကောင်းကျိုးများ ရှင်သန်တိုးပွားစေမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ဆရာများ၏ ဂုဏ်ကျေးဇူးကို အမြဲအမှတ်ရနေခြင်း၊ မကြာခဏ ထုတ်ဖော်ပြောကြားထားရှိခြင်း၊ အရိုအသေပြုခြင်းတို့သည် တပည့်ကောင်းတို့၏ တာဝန်ဖြစ်သည်။ ထို့ကြောင့် နှစ်စဉ်အောက်တိုဘာ ၅ ရက်ရောက်တိုင်း တပည့်များအနေဖြင့် ဆရာများ၏ ဂုဏ်ကျေးဇူးကို အမှတ်ထင်ထင် သိမြင်ဆင်ခြင်ကာ ပူဇော်ကန်တော့ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း တောင်သူများအတွက် မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေကျပ် သန်း ၄၆၀၀၀ ကျော်ထုတ်ချေးပေးပြီးဖြစ်



**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၂ ခုနှစ် မိုးရာသီသီးနှံစိုက်ပျိုးသည့် တောင်သူများအတွက် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်း ၄၆၀၀၀ ကျော်ကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၃ မြို့နယ်မှ တောင်သူများအတွက် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း၊ ထိုသို့ထုတ်ချေးပေးရာတွင် စပါးနှင့် အခြားသီးနှံစိုက်ပျိုးသည့် တောင်သူများကို ဇွန်လမှစ၍ ယနေ့ထိ တောင်သူဦးရေ ၇၄၀၀၀ ကျော်၊ စိုက်ဧက လေးသိန်းကျော်အတွက် ချေးငွေကျပ် ၄၆၁၈၅ ဒသမ ၇ သန်းကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

"စိုက်ပျိုးရေးတောင်သူတွေအတွက် နှစ်စဉ်ချေးငွေကို မိုး၊ ဆောင်း၊ မိုးကြိုဆိုပြီး ထုတ်ချေးပေးနေပါတယ်။ ထုတ်ချေးပေးတဲ့အခါမှာ စပါးတစ်ဧကကို ငွေကျပ်တစ်သိန်းငါးသောင်းနဲ့ အခြားသီးနှံတွေဖြစ်တဲ့ မြေပဲ၊ ပဲတီစိမ်း၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ မတ်ပဲ၊ ပြောင်း၊ ပဲပုပ် စတဲ့သီးနှံတွေကိုတော့ တစ်ဧကကို ငွေကျပ်တစ်သိန်းနှုန်း ထုတ်ချေးပေးတာဖြစ်ပါတယ်။ အခုလို ချေးပေးနေတာက တောင်သူတွေ စိုက်ပျိုးချိန်ကာလမှာ ပိုမိုထိရောက်အဆင်ပြေစွာ စိုက်ပျိုးနိုင်ဖို့ပါ။ ဒါ့ပြင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ဆန်စပါးဖူလုံစေဖို့အတွက်လဲ ရည်ရွယ်ပြီးဆောင်ရွက်ပေးနေတာပါ"ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ထိုသို့ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးပေးပြီး မြို့နယ်များမှာ မန္တလေးတိုင်းဒေသကြီး အမရပူရ၊ ပုသိမ်ကြီး၊ ချမ်းအေးသာစံ၊ ပြင်ဦးလွင်၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်၊ သာစည်၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ညောင်ဦး၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲကျားအရောင်းအဝယ်ကောင်းလာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးဈေးကွက်တွင် ပဲကျားအရောင်းအဝယ်ကောင်းလာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည် စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခင်က မန္တလေး ဈေးကွက်အတွင်း ပဲကျား အရောင်းအဝယ် အေးနေခဲ့ကြောင်း၊ ယခုလက်ရှိတွင် ပြည်ပက ဝယ်ယူမှုများရှိလာသည့်အပြင် ပြည်တွင်း၌လည်း ပဲကျားအရောင်းအဝယ် ကောင်းမွန်လျက်ရှိသဖြင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာ ပဲကျားတွေကို ပြည်ပကကော ပြည်တွင်းကပါ ဝယ်ယူမှုပြန်များလာပြီး အရောင်းအဝယ် ကောင်းလာတာကြောင့် အခုလက်ရှိ ဈေးကောင်းရရှိလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် စက်တင်ဘာလ ဒုတိယပတ်က ပဲကျားဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း အောက်တိုဘာ ၂ ရက် ပေါက်ဈေးအရ ပဲကျားဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ ရှိခဲ့ပြီး ဈေးကောင်း ရရှိလာခဲ့ကြောင်း သိရသည်။

"အခု လောလောဆယ်တော့ ပဲကျား အရောင်းအဝယ်ပြန်ပြီး ကောင်းလာတယ်။ ပြည်ပကလဲ အခုတလော အဝယ်ပြန်များလာတယ်။ နောက်ပိုင်းမှာလဲ ပဲကျား အရောင်းအဝယ် ဒီထက်ပိုကောင်းမွန်လာနိုင်ပြီး ဈေးကောင်းပိုပြီး ရလာနိုင်ပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# ဗန်းမော်-မန္တလေး-စဥ့်ကူ-ချောက် ရေလမ်းကြောင်းတစ်လျှောက်တွင် ခေတ်မီရေလမ်းညွှန်အမှတ်အသားများ ပြောင်းလဲစိုက်ထူနိုင်ရေးလုပ်ဆောင်နေ

**မန္တလေး အောက်တိုဘာ ၄**

ဗန်းမော်-မန္တလေး-စဥ့်ကူ-ချောက် ရေလမ်းကြောင်း တစ်လျှောက်တွင် တန်ဖိုးနည်းရေလမ်းညွှန် အမှတ်အသားများအစား ခေတ်မီရေလမ်းညွှန် အမှတ်အသားများ ပြောင်းလဲစိုက်ထူနိုင်ရေး လုပ်ဆောင်နေကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ရေဝတီမြစ်ကြောင်းတစ်လျှောက်၌ သင်္ဘောများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ဝါးများဖြင့်ပြုလုပ်ထားသည့် တန်ဖိုးနည်းရေလမ်းညွှန် အမှတ်အသားများကို ပြသစိုက်ထူပေးလျက်ရှိကြောင်း၊ ယခုအခါ၎င်း ရေလမ်းညွှန်အမှတ်အသားများ အစား ခေတ်မီရေလမ်းညွှန် အမှတ်အသားများ အစားထိုးပြောင်းလဲစိုက်ထူနိုင်ရေး ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

"အခုအသုံးပြုနေတဲ့ ရေလမ်းညွှန်အမှတ်အသားတွေက မိုးကာလတွေနဲ့ မြစ်ရေမြင့်တက်လာတဲ့ကာလတွေမှာ ရေစီးနဲ့မျောပါပြီး ပျက်စီးဆုံးရှုံးမှုတွေရှိတယ်။ ဒါ့ကြောင့် တန်ဖိုးနည်းရေလမ်းညွှန် အမှတ်အသားတွေထက် ရာသီဥတုဒဏ်တွေကို ပိုပြီးခံနိုင်မဲ့ PVC ပိုက်တွေကိုအသုံးပြုပြီးတော့ ခေတ်မီရေလမ်းညွှန် အမှတ်အသားတွေ အစားထိုးသွားဖို့အတွက် အောက်တိုဘာ ၁ ရက်ကစပြီး ဆွေးနွေးမှုတွေ လုပ်ဆောင်နေပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ဆက်လက်ပြောပြသည်။

အဆိုပါ ခေတ်မီရေလမ်းညွှန် အမှတ်အသားများကို ပြောင်းလဲစိုက်ထူနိုင်ပါက ရေလမ်းညွှန်အမှတ်အသားများ ပျက်စီးဆုံးရှုံးမှု လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ခေတ်မီရေလမ်းညွှန်အမှတ်အသားများ စိုက်ထူပေးခြင်းကြောင့် သင်္ဘောများသွားလာရာတွင်လည်း ယခင်ကထက် ပိုမိုလွယ်ကူစွာသွားလာနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မတ္တရာမြို့နယ် အလည်ရွာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မတ္တရာ အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ရွှေချောင်းကျေးရွာအုပ်စု အလည်ရွာကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အလည်ရွာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာတွင် ကျေးရွာတွင်းလမ်းအရှည် ၇၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၆ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က ပြောပြ၍ သိရသည်။

**ကျော်ခိုး**

# ဆီဆိုင်မြို့နယ် မြေနီကျေးရွာ၌ ခန်းမဆောင်ဖွင့်ပွဲ ကျင်းပ

**ဆီဆိုင် အောက်တိုဘာ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သည့် ခန်းမဆောင်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကုန်းဆွတ်ကျေးရွာအုပ်စု မြေနီကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းနုက မြေနီကျေးရွာတွင် ကျေးရွာတွင်း ခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ကျေးရွာခန်းမဆောင်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မြေနီကျေးရွာတွင် အလျားပေ ၄၀၊ အနံ ၂၆ ပေ၊ အမြင့် ၁၂ ပေ ရှိ ကျေးရွာတွင်း ခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း ဦးစီးအရာရှိ ဒေါ်နန်းနုထံမှ သိရသည်။

**မောင်ခိုင်**

# မြစ်သားမြို့နယ်တွင် တောင်တော်ကွင်းနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းဆောင်ရွက်မှု ၈၄ ရာခိုင်နှုန်းပြီးစီး



**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ တောင်တော်ကွင်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်း ဆောင်ရွက်မှု ၈၄ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း အဆိုပါစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် Green Power Energy Co.,Ltd မှ စီမံကိန်းအင်ဂျင်နီယာ ဦးအောင်လှထွန်းက ပြောပြ၍ သိရသည်။

အဆိုပါ တောင်တော်ကွင်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းကို မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သံရွာအနီးရှိတောင်တော်ကွင်း ဧက ၂၀၀ အနက် ဧက ၈၀ ပေါ်၌ Green Power Energy Co.,Ltd က အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၄၃ သန်းခန့်ဖြင့် ယခုနှစ် ဧပြီလမှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် တောင်တော်ကွင်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်း ဆောင်ရွက်မှု ၈၄ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စီမံကိန်းစတင်တာကတော့ ဒီနှစ် ဧပြီလက စတင်ခဲ့တာဖြစ်ပါတယ်။ ပြီးစီးမှုကတော့ ၈၄ ရာခိုင်နှုန်းရှိပါပြီ။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထဲမှာ အပြီးဆောင်ရွက်မှာပါ။ အခု တောင်တော်ကွင်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းကတော့ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၀ ထွက်ရှိမှာဖြစ်ပါတယ်။ Green Power Energy Co.,Ltd အနေနဲ့ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မှာ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၃၀ ထွက်ရှိတဲ့ သပြေဝ နေရောင် ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းကို ဆောင်ရွက်ပြီးဖြစ်ပါတယ်"ဟု Green Power Energy Co.,Ltd မှ စီမံကိန်းအင်ဂျင်နီယာ ဦးအောင်လှထွန်းက ပြောပြသည်။

Green Power Energy Co.,Ltd အနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း မဂ္ဂါဝပ်၃၀ ထုတ်လုပ်နိုင်သော သာစည်မြို့နယ် သပြေဝနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းနှင့် ယခု မဂ္ဂါဝပ် ၂၀ ထုတ်လုပ်နိုင်မည့် တောင်တော်ကွင်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စီမံကိန်းတို့အပြင် နောက်ထပ်တိုးချဲ့ဆောင်ရွက်ရန်လည်းရှိကြောင်း ၎င်းက ပြောပြ၍ သိရသည်။ **ASH**

# နတ်မောက်မြို့၌ ကျေးရွာသုံးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပေးအပ်

**နတ်မောက် အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းနက်ကျေးရွာ၊ အိုင်ဇောက်ကျေးရွာ၊ တယ်ထပ်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်စင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ချောင်းနက်ကျေးရွာ၊ အိုင်ဇောက်ကျေးရွာ၊ တယ်ထပ်ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ငွေကျပ် သိန်း ၆၀၀ ပေးအပ်သည်။

နတ်မောက်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူနှင့် စိုက်ဧကအပေါ် မူတည်၍ ချောင်းနက်ကျေးရွာအတွက် ငွေကျပ်သိန်း ၃၀၀၊ အိုင်ဇောက်ကျေးရွာအတွက် ငွေကျပ်သိန်း ၂၀၀၊ တယ်ထပ်ကျေးရွာအတွက် ငွေကျပ်သိန်း ၁၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သော်သော်**

# သာယာဝတီမြို့နယ် ဘိုကြီးကုန်းကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဖွင့်

**သာယာဝတီ အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ဘိုကြီးကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းတွင် ပို့ချပေးမည့် သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်ဆက်လက်၍ ဖွင့်လှစ်သွားမည့် သင်တန်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ သင်တန်းနည်းပြဆရာ၊ ဆရာမများက သင်တန်းတွင်ပို့ချမည့်ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကောင်းမွန်သောစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် မွေးမြူရေးဆိုင်ရာအလေ့အကျင့်ကောင်းများစသည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာများက အောက်တိုဘာ ၃ ရက်မှ အောက်တိုဘာ ၆ ရက်ထိ လေးရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းထံမှ သိရသည်။ **ချိုသန်းညွန့်**



# လောကကြီးကို ပညာအလင်းရောင်ထွန်းညှိပေးသူများ

မင်းရွှေမင်း(တောင်ကုတ်)

❖ ရှေ့လာမည့်နှစ်ပေါင်းရာထောင်ချီပြီး လောကကြီးကို ချမ်းမြေ့သာယာအောင် စွမ်းဆောင်ပေးနိုင်သည့် အမြော်အမြင်ရှိသူဖြစ်သည်။ ကမ္ဘာတည်သရွေ့ ထာဝရရှိနေကြမည့်ပုဂ္ဂိုလ်များလည်းဖြစ်သည်။ လူသားဟူ၍ ရှိနေသမျှကာလပတ်လုံး ဤလောကကြီးထဲတွင် ဆုံးမသူ၊ လမ်းညွှန်သူ၊ ဖန်တီးပေးသူ၊ ပျိုးထောင်သူ၊ ဆီမီးတိုင်ပေါင်းမြောက်မြားစွာ ထွန်းညှိပေးနေသူ၊ အလင်းတံခါးဖွင့်ပေးသူများအဖြစ် ထာဝရရပ်တည်သွားမည့်သူများသည် ဤဆရာ၊ ဤပုဂ္ဂိုလ်မြတ်များပင်ဖြစ်သည်။ ❖

ယနေ့ခေတ်တွင် ကမ္ဘာကြီးသည် လူဦးရေတိုးတက်များပြားလာသည်ဖြစ်၍ အဆိုပါလူသားများအတွက် အလိုအပ်ဆုံးသောအရာမှာ ဘဝအသိအမြင်များ၊ အတွေးအခေါ် အယူအဆများ၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို လမ်းညွှန်သင်ကြားပြသပေးမည့် ဆရာများသည် အဓိကအလိုအပ်ဆုံးဖြစ်ပေသည်။ ဆရာဟူသည်မှာလည်း နားဖြင့်ကြားသိခဲ့ရသည့် **ကြားဆရာ**၊ မျက်စိဖြင့် တပ်အပ်သေချာစွာ မြင်တွေ့ခဲ့ရသည့် **မြင်ဆရာ**နှင့် အတတ်ပညာကို ဂယနဏအသေးစိတ်နားလည်ရှင်းလင်းအောင် သင်ကြားပို့ချပေးသည့် **သင်ဆရာ**ဟူ၍ ဆရာသုံးမျိုးရှိသည့်အနက် နည်းပညာတတ်မြောက် ကျွမ်းကျင်သူပညာရှင်ထံမှ နည်းနာခံ၍သင်ယူခြင်းသည် လက်တွေ့အကျဆုံးနှင့် အထိရောက်ဆုံးဖြစ်သဖြင့် **သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ**ဟူ၍ ဆရာသုံးမျိုးအနက်မှ **သင်ဆရာ**သည်သာလျှင် ပညာပေးရာ၌ အထိရောက်ဆုံးဖြစ်၍ ပညာရေးလောကတွင် သင်ပြသူ၊ သင်ပေးသူ ဆရာဟူ၍ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ပညာတတ်မှ၊ စာတတ်မှသာ မိမိနိုင်ငံလည်း ရေရှည်ရပ်တည်နိုင်မည်ဖြစ်သည်။ ပညာတတ်မှသာ နိုင်ငံတကာတွင် လူရာဝင်မည်။ ထို့ကြောင့် ပညာရပ်များကို အချိန်တိုတိုအတွင်း မြန်မြန်ရယူနိုင်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားနေကြရသည်။ ပညာတတ်ရန်၊ စာတတ်ရန်အတွက် အဓိကအခြေခံမှာ သင်ကြားပို့ချပေးသော **ဆရာ**များပင်ဖြစ်ပေသည်။ အဆင့်မြင့်ပညာတတ်များ ပေါ်ထွန်းလာစေရန်အတွက်လည်း အဓိကအခြေခံမှာ အဆင့်မြင့်ပညာကို ကျွမ်းကျင်တတ်မြောက်သော ပညာရှင်**ဆရာ**များပင်ဖြစ်ကြပေသည်။ သို့ဖြစ်၍ ခေတ်မီတိုးတက်နေသော အီလက်ထရွန်နစ်ပညာရေးခေတ်တွင် **ဆရာ**များ၏ အခန်းကဏ္ဍသည် အနာဂတ်နိုင်ငံတော်အတွက် အခြေခံအကျဆုံး၊ အလိုအပ်ဆုံး၊ အရေးအကြီးဆုံးအဖြစ် ခံယူသတ်မှတ်ထားကြပေသည်။

ထို့ကြောင့် ဆရာတို့၏အရေးပါအရာရောက်မှုနှင့် မြင့်မြတ်မှုတို့ကို ဖော်ကျူးဂုဏ်ပြုရန်လိုအပ်လာသည့်အတွက်ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏လက်အောက်ခံအဖွဲ့ခွဲ လေးခုဖြစ်သော (၁) ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)၊ (၂) ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ (၃) နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်(ILO)၊ (၄) ကုလသမဂ္ဂ နိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ (UNICEF) စသည့်အဖွဲ့ လေးဖွဲ့တို့၏ တညီတညွတ်တည်း ဆွေးနွေးဆုံးဖြတ် အတည်ပြု၍ နှစ်စဉ်အောက်တိုဘာလ ၅ ရက်နေ့ကို **"ကမ္ဘာ့ဆရာများနေ့"**အဖြစ် သတ်မှတ်လိုက်ကြပြီး ကမ္ဘာ့နိုင်ငံများအလိုက် ဆရာများ၏ဂုဏ်ကျေးဇူးကိုဖော်ကျူးသည့်အနေဖြင့် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားများကိုကျင်းပကြရန် ၂၀၀၂ ခုနှစ်တွင် ကြေညာချက်ထုတ်ပြန်လိုက်သဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအသီးသီးတို့၌ ကျင်းပခဲ့ကြသလို မြန်မာနိုင်ငံတွင်လည်း ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် **"ကမ္ဘာ့ဆရာများနေ့"** အခမ်းအနားကို ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပေသည်။

အဆိုပါ အခမ်းအနားတွင် ကမ္ဘာ့ဆရာများနေ့ ကျင်းပရခြင်း၏ **ရည်ရွယ်ချက်များ**ဖြစ်သည့် (၁)ဆရာများ၏ အခန်းကဏ္ဍတန်ဖိုးကြီးမားပုံကို ထင်ရှားပေါ်လွင်စေရန်၊ (၂) ဆရာတို့၏ ကျင့်ဝတ်သိက္ခာနှင့် ဂုဏ်ကျေးဇူးတို့ကို ဖော်ကျူးဂုဏ်ပြုနိုင်ရန်၊ (၃) ဆရာကောင်းဆရာမြတ်များ ကမ္ဘာအနှံ့တွင် ပေါ်ပေါက်လာစေရန် စသည့်အနှစ်သာရများကို ဖော်ထုတ်တင်ပြထားသည့် အစီအစဉ်များဖြင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ကြခြင်းဖြစ်ပေသည်။

ထိုအခမ်းအနားတွင် ဟောပြောပွဲများ၊ ပြခန်းများ၊ ပြိုင်ပွဲများ၊ ဆုပေးပွဲများဖြင့် ဆရာတို့၏ အရေးပါမှုနှင့် ဂုဏ်ကျေးဇူးများကို အလေးအမြတ်ပြုခဲ့ကြပြီး အခမ်းအနားများကို တစ်နိုင်ငံလုံးရှိ ကျောင်းများတွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြကာ တာဝန်ရှိ အကြီးအကဲများကိုယ်တိုင် တက်ရောက်ချီးမြှင့်အားပေးခဲ့ကြပေသည်။

ဆရာဟူသည် အသိပညာ၊ အတတ်ပညာများကို သင်ကြားပေးသူဖြစ်၍ ကြည်ညိုလေးစား အထွတ်အမြတ်ထားရမည့် ပုဂ္ဂိုလ်များဖြစ်ကြသည်။ ထိုသို့သော ဆရာဟူသည့် ပုဂ္ဂိုလ်များသည် မြန်မာတို့အဖို့တွင် ဂေါတမဗုဒ္ဓဘုရားရှင်ပွင့်တော်မူစဉ်ကာလကပင် ဗုဒ္ဓဘုရားရှင်သည် လေးစားရိုသေအပ်သော ပုဂ္ဂိုလ်ကြီးအဖြစ် နားလည်လက်ခံထားကြပြီး ဗုဒ္ဓဒေသနာများတွင်ပါရှိသော ဗုဒ္ဓ၏ **"သတ္ထာဒေဝ မနုဿာနံ"**ဂုဏ်တော်အရ (လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ **ဆရာ**ဖြစ်တော်မူသော မြတ်စွာဘုရား)ဟူ၍လည်းကောင်း **"အာစရိယဂုဏောအနန္တော"**ဟူသည့်အဆိုအမိန့်များက သက်သေတည်နေပေသည်။ ထို့ပြင် ဗုဒ္ဓဘုရားရှင်၏ တပည့်များဖြစ်ကြသော ရဟန်းသံဃာတော်များသည်လည်း ပညာအလင်းရောင်ကို ဖွင့်ပေးခဲ့ကြသည်။ အနန္တဂုဏ်းဝင်ကျေးဇူးရှင် **ဆရာသခင်**များပင်ဖြစ်သည်ဟု စွဲမှတ်ယုံကြည်ထားခဲ့ကြပြီးဖြစ်၍ လေးစားကြည်ညိုလျက်ရှိခဲ့ကြပေသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် **"အမျိုးသားပညာရေးအစ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းက"**ဟူ၍ ယုံကြည်လေးစားသတ်မှတ်ထားခဲ့ကြသည်။ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားရာ၌ ရဟန်းသံဃာတော်များသည် ပညာသင်ကြားပို့ချပေးကြသော လက်ဦးဆရာများပင်ဖြစ်ကြပေသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာ့နယ်ပယ်တွင် အာစရိယဂိုဏ်းဝင်ဆရာရှင်များသည် ဘုရားနှင့်တစ်ဂိုဏ်းတည်း သတ်မှတ်ထားသည့် "ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ"ဟူသည့် **အနန္တဂိုဏ်းဝင်**ကြီးကျယ်မြင့်မြတ်သော သူတော်စဉ်ပုဂ္ဂိုလ်ကြီးများအဖြစ် ခိုင်မာစွဲမြဲစွာတည်ရှိနေပေသည်။

ထိုသို့ မြင့်မြတ်သော **ဆရာ**နှင့်ပတ်သက်သော အတိတ်သမိုင်းကြောင်းကို လှန်လှောလေ့လာကြည့်မည်ဆိုလျှင် ရှေးခေတ်ကာလကပင် သမိုင်းမှတ်တမ်းတင်ခံကြရသော ဆရာများမှာ ခရစ်တော်မပေါ်မီ ဘီစီလေးရာစုလောက်ကပင် ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ ထိုဆရာများ၏ လမ်းညွှန်ချက်၊ အဆိုအမိန့်များသည် နှစ်ပေါင်းထောင်နှင့်ချီ ကြာခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင်ခေတ်မီဆဲ၊ အသုံးဝင်ဆဲ၊ အကျိုးပြုနေဆဲပင်ဖြစ်သည်။ ထိုဆရာပေါင်းများစွာအနက် **ဆိုကရေးတီး၊ ပလေတို၊ အရစ္စတိုတယ်လ်** တို့သည် ထိုခေတ်ထိုအခါကပင် အကျော်ကြားဆုံး၊ နာမည်အကြီးဆုံး၊ အလေးအမြတ်အထားဆုံးသော သင်ဆရာများဖြစ်ကြသည်။ ထိုအထဲမှ **ပလေတို**နှင့် **အရစ္စတိုတယ်လ်**တို့သည် အနာဂတ်သားကောင်းရတနာများ မွေးထုတ်ပေးနိုင်ရေးအတွက် ကိုယ်ပိုင် **အကယ်ဒမီသိပ္ပံကျောင်း**ကြီးများကို ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်တည်ထောင်လျက် အနာဂတ်သားကောင်းရတနာများစွာကို မွေးထုတ်နိုင်ခဲ့ပေသည်။

ထိုသို့ အလားတူစွာပင် မြန်မာမှုနယ်ပယ်တွင်လည်း ဆရာများ ပညာသင်ကြားပေးသည့်နေရာ ကျောင်းများသည် မြန်မာ့သမိုင်း၊ ဇာတ်နိပါတ်တော်များ၌ တက္ကသိုလ်ပြည်၊ ဒိသာပါမောက္ခဆရာကြီး စသည်တို့နှင့် ရင်းနှီးမှတ်သားခဲ့ကြသည်။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အေဒီ ၄၅၀ ခန့်က ဖွင့်လှစ်တည်ထောင်ခဲ့သော **"နာလန္ဒာတက္ကသိုလ်"**သည် ထင်ရှားကျော်ကြားသော ကျောင်းတော်ကြီးဖြစ်ကြောင်း သိရှိမှတ်သားကြရပေသည်။

မြန်မာနိုင်ငံ၏ ပညာရေးလောကအစ ပထမကို လေ့လာဆန်းစစ်ကြည့်မည်ဆိုလျှင် ဘုန်းတော်ကြီးကျောင်းများသည် ပညာသင်ကြားရာ၊ သင်ယူရာ နေရာဌာနများဖြစ်ခဲ့ကြပေသည်။ ပဒေသရာဇ်ခေတ်တစ်လျှောက်လုံးတွင်လည်း ဘုန်းတော်ကြီးကျောင်းများကသာလျှင် တိုင်းပြည်သခင်၊ ရှင်ဘုရင်များ၊ မင်းညီမင်းသား၊ အိမ်ရှေ့မင်းများ၊ ဝန်ကြီးများ၊ ဝန်ထောက်များ၊ အမတ်ကြီးများ စသည့်နိုင်ငံအတွက် အဖိုးထိုက်တန်၊ အလေးအမြတ်ထားအပ်သူများကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကပင် ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပေသည်။

ထိုဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် အဖိုးတန်ကျမ်းဂန်စာပေယဉ်ကျေးမှု အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခဲ့ကြပေသည်။ ထို့ကြောင့်လည်း မြန်မာတို့၏အသိထဲတွင် လူဟူ၍ဖြစ်လာလျှင် ပညာကိုအလေးအမြတ်ထား၍ သင်ယူကြရမည်ဟူသည့် ကြီးမြတ်သောလူမှုရေးတာဝန်ကြီးကို ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်ကြရင်း ပညာသင်ကြားပြသပေးကြသည့် **ဆရာ**များကို အထူးအလေးအမြတ် တန်ဖိုးထားတတ်ကြသည့် အစဉ်အလာကောင်းကြီးအဖြစ် အမြစ်တွယ်စောင့်ထိန်းထားနိုင်ခဲ့ကြပေသည်။

ဆရာဟူသည်မှာလည်း မြန်မာ့လူ့အဖွဲ့အစည်းတွင် မြန်မာ့ယဉ်ကျေးမှုအရ အသိအမှတ်ပြုထားသည်မှာ တပည့်များအား ပညာသင်ကြားပို့ချပြသပေးသည့် ဂုဏ်နှင့် ကိုယ်လုံးပြည့်စုံသည့်ပုဂ္ဂိုလ်ကို **"အာစရိယဆရာ"** ဟူ၍လည်းကောင်း၊ ပညာသင်ယူဆည်းပူးကြသူ တပည့်တို့အား လိမ္မာရေးခြားရှိလာအောင် အမြဲပဲ့ပြင်၊ သွန်သင်ဆိုဆုံးမပေးသည့်ဂုဏ်နှင့် ကိုယ်လုံးပြည့်စုံသည့် ပုဂ္ဂိုလ်ကိုမူ **"ဥပဇ္ဈာယ်ဆရာ"**ဟူ၍လည်းကောင်း ယနေ့တိုင် ဂုဏ်ပြုသတ်မှတ်ခေါ်ဝေါ်လျက်ရှိနေကြပေသည်။ ဆရာတိုင်းသည် တပည့်များအား ပညာများကိုတတ်မြောက်အောင်သင်ကြားပို့ချသင်ပြပေးကြပြီး ယဉ်ကျေးလိမ္မာလာအောင်လည်း ပဲ့ပြင်ဆုံးမသွန်သင်ပြသပေးကြသူများဖြစ်၍ ကျေးဇူးကြီးလှ အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဆရာသခင်အဖြစ် သတ်မှတ်၍ ရိုသေလေးစားဂုဏ်ပြုလျက်ရှိနေကြပေသည်။

ထို့ကြောင့် ဆရာများသည် မိဘများနှင့်မခြား "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ကျင့်ဖို့ဝတ်ငါးဖြာ"ဟူသော ဆရာတို့၏ကျင့်ဝတ်ငါးဖြာနှင့်အညီ အသိပညာ၊ အတတ်ပညာ၊ နည်းပညာများကိုပါ သင်ကြားပို့ချပြသပေးကြသော ကျေးဇူးကြီးမားလှသော မြတ်ဆရာများပင်ဖြစ်ပေသည်။ **"တပည့်မကောင်း ဆရာ့ခေါင်း"** ဟူသောဆိုရိုးနှင့်အညီ ဆရာများမှာ တာဝန်ရှိ၍ တပည့်များအပေါ် အလေးထားပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့အပြင် စေတနာ၊ ဝါသနာနှင့်စာနာထောက်ထားခြင်း၊ စိတ်ရှည်သည်းခံခြင်း စသည်တို့ဖြင့် သင်ပြပေးခြင်း၊ ဆိုဆုံးမပဲ့ပြင်ပေးခြင်းတို့ကို အလေးထားဆောင်ရွက်ပေးကြရသည်မှာလည်း ဆရာများပင်ဖြစ်ကြပေသည်။ သို့ကြောင့်လည်း "ဆရာကောင်းတပည့် ပန်းကောင်းပန်"နိုင်ကြစေရန် တပည့်များ၏ ကောင်းကျိုးကိုအထူးလိုလားသော မွန်မြတ်သည့် ဆရာတို့၏ စိတ်ထားမြတ်ဖြင့် တပည့်များအပေါ် **"ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကြင်ကြင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသိ၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့"**ဟူ၍ ဆရာများ၏လေးနက်မှုကို **"မဃဒေဝလင်္ကာ"**တွင် ဤသို့ပင် အခိုင်အမာစိုက်ထူဖွင့်ဆိုမိန့်မှာထားသည်ကို လေ့လာမှတ်သားရပေသည်။

ဆရာနှင့်ပတ်သက်၍ ခံယူကျင့်သုံးသင့်သော အတွေးအမြင်များမှာ ဆရာသည် အတိုင်းမသိကြီးမြတ်သူဖြစ်သည်။ တပည့်များကို လူတစ်လုံးသူတစ်လုံးဖြစ်လာအောင် သောကကို ရင်မှာပိုက်လျက် ဝါသနာ၊ စေတနာ၊ အနစ်နာခံကာ မြေတောင်မြှောက်ပေးသူဖြစ်သည်။ ရှေ့လာမည့်နှစ်ပေါင်း ရာထောင်ချီပြီး လောကကြီးကို ချမ်းမြေ့သာယာအောင် စွမ်းဆောင်ပေးနိုင်သည့် အမြော်အမြင်ရှိသူဖြစ်သည်။ ကမ္ဘာတည်သရွေ့ ထာဝရရှိနေကြမည့် ပုဂ္ဂိုလ်များလည်းဖြစ်သည်။ လူသားဟူ၍ရှိနေသမျှကာလပတ်လုံး ဤလောကကြီးထဲတွင် ဆုံးမသူ၊ လမ်းညွှန်သူ၊ ဖန်တီးပေးသူ၊ ပျိုးထောင်သူ၊ ဆီမီးတိုင်ပေါင်းမြောက်မြားစွာ ထွန်းညှိပေးနေသူ၊ အလင်းတံခါးဖွင့်ပေးသူများအဖြစ် ထာဝရရပ်တည်သွားမည့်သူများသည် ဤဆရာ၊ ဤပုဂ္ဂိုလ်မြတ်များပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် **ဆရာ**ဟူသောပုဂ္ဂိုလ်မြတ်များကို လေးစားကြရမည်။ ဆရာ့ဂုဏ်ကို တန်ဖိုးထားကြရမည်။ ဆရာတို့၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြု၍ ထိုက်တန်စွာ ဂုဏ်ပြုကြရမည်ပင်ဖြစ်ပေသည်။


ထို့ကြောင့် ဆရာများသည် ဝါသနာ၊ စေတနာ၊ အနစ်နာခံကာ တပည့်များကို သင်ကြားပြသပို့ချပေးနေသူများဖြစ်ကြပြီး အောင်မြင်လာကြသောတပည့်များကိုကြည့်၍ ပီတိအာဟာရဖြင့် အားပြည့်နေကြသူများဖြစ်သည့် အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဆရာများ၏ ဂုဏ်ကျေးဇူးများကို ဖော်ကျူးပေါ်လွင်စေသည့် နေ့ထူးနေ့မြတ်ဖြစ်သော အောက်တိုဘာလ ၅ ရက် **"ကမ္ဘာ့ဆရာများနေ့"** (World Teachers' Day)တွင် အနန္တဂိုဏ်းဝင်ဆရာသခင်ကျေးဇူးရှင် ဆရာ၊ ဆရာမများ၏ ဂုဏ်ကျေးဇူးများကို အားရတက်ကြွစွာ ပါဝင်ဆင်နွှဲဂုဏ်ပြုပူဇော်ရင်း ဆရာ၊ ဆရာမတို့၏ ဂုဏ်ကျေးဇူးကြီးမားပုံတို့ကို အလေးထားဖော်ကျူးဂုဏ်ပြုရေးသားတင်ပြလိုက်ရပေသည်။

(ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုလျက်)

**ကိုးကား**

- **ဦးဝမ်ထိန်၏ ကမ္ဘာ့နေ့ကြီးရက်ကြီးများနှင့် မြန်မာ့နေ့ကြီးရက်ကြီးများစာအုပ် (၂၀၀၄ ခုနှစ် ဇူလိုင်လ)**
- **ကြေးမုံသတင်းစာ(၅-၁၀-၂၀၀၂)**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# မင်းဘူးမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် ဝါသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ဧက ၃၁၀၀၀ ထိဖြစ်လာရန် နှစ်အလိုက်တိုးချဲ့စိုက်ပျိုးမည်

**မင်းဘူး အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် ဝါသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါဧက ၃၁၀၀၀ ထိဖြစ်လာစေရန် ၂၀၂၂-၂၀၂၃ ခုနှစ်ဝါသီးနှံစိုက်ပျိုးရာသီမှစတင်ကာ လေးနှစ်စီမံကိန်းချမှတ်ပြီး နှစ်အလိုက်တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းက ပြောပြခဲ့ သိရသည်။

အဆိုပါစီမံကိန်းအရ မင်းဘူးမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ခုနှစ် ဝါသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၄၄၀၅ ဧက၊ ၂၀၂၃-၂၀၂၄ ခုနှစ် ဝါသီးနှံစိုက်ပျိုးရာသီတွင် ၁၃၁၅၈ ဧက၊ ၂၀၂၄-၂၀၂၅ ခုနှစ် ဝါသီးနှံစိုက်ပျိုးရာသီတွင် ဧက ၂၆၅၇၀ နှင့် ၂၀၂၅-၂၀၂၆ ခုနှစ် ဝါသီးနှံစိုက်ပျိုးရာသီတွင် ဧက ၃၁၀၀၀ ဖြင့် နှစ်အလိုက် တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်ထားကြောင်း သိရသည်။

"မင်းဘူးမြို့နယ်အတွင်းမှာ ဒေသခံတောင်သူတွေအနေနဲ့ အရည်အသွေးပြည့်မီတဲ့ ချည်မျှင်ရှည်ဝါတွေ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လေးနှစ်စီမံကိန်းနဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီမံကိန်းကာလကို ၂၀၂၂-၂၀၂၃ ခုနှစ် ဝါသီးနှံစိုက်ပျိုးရာသီကနေ ၂၀၂၅-၂၀၂၆ ခုနှစ် ဝါသီးနှံစိုက်ပျိုးရာသီထိ သတ်မှတ်ထားပြီး နှစ်အလိုက် ဝါသီးနှံစိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးသွားမှာပါ"ဟု မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ပြောပြသည်။

ထိုသို့ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် အရည်အသွေးမြင့် ဝါသီးနှံမျိုးစေ့များ လုံလောက်စွာရရှိစေရန် ချည်မျှင်ရှည်ဝါမျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း၊ ဝါသီးနှံအထူးဇုန်၊ ဝါသီးနှံစံပြကွက်နှင့် ဝါမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ စိုက်ပျိုးထားရှိရာ အဆိုပါစိုက်ခင်းများမှ ထွက်ရှိလာသော ငွေချည်မျိုးနှင့် ရွှေတောင်မျိုး ချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးစေ့များကို ဒေသခံ ဝါစိုက်တောင်သူများအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ချည်မျှင်ရှည်ဝါသီးနှံ တိုးချဲ့စိုက်ပျိုးရေးအစီအစဉ်တွင် ပါဝင်သော စိုက်ဧကများအတွက် တောင်သူများအား ဝါမျိုးသန့်မျိုးစေ့များ၊ မြေဩဇာများ၊ ပိုးသတ်ဆေးနှင့် ရွက်ဖျန်းအားဆေးများ ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**မိုးယံ(ဥက္ကလာ)**



# မိုးညိုမြို့နယ် တဲတန်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုးညို အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အဆိုပါစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက တဲတန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းစိုးက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

မိုးညိုမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို ကျေးရွာ ရှစ်ရွာ၌ ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ကျေးရွာသုံးရွာ၌ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာတစ်ရွာလျှင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်ထံမှ သိရသည်။

**သန္တာ**

# ကမ္ဘာတစ်လွှား ဆရာများ လေးစားဂုဏ်တင်ပါ

(ပိုဒ်စုံရတု)

- **သုံးလူဆရာ** မြတ်ဗုဒ္ဓါနှင့် နှိုင်းရာတူမျှ အနန္တဟု
ပါဝင်းဖြာ မြတ်ဆရာကို ဓမ္မာတရား လက်ကိုင်ထား၍
သင်ကြားပညာ အလိမ္မာနှင့် ကြင်နာခွေးထွေး ရင်ဝယ်မွေးသို့
ကျွေးမွေးပြုဖူး များကျေးဇူးကို အထူးသိတတ် ဂုဏ်ပြုအပ်ဖို့
လမြတ်မဟာ အောက်တိုဘာမှ ချက်ချာငါးရက် သေချာတွက်သည်
**မပျက်မေတ္တာ ဝေသောကြောင့်။**

- **ထုံးယူစရာ** မြတ်ဆရာကား မြေလွှာရွှံ့စေး ရေအိုးလေးကို
လုရေးတစ်လီ ဒေါင်ဒေါင်မြည်ရန် အလီလီစိုက် နေပူတိုက်၍
မီးမြှိုက်သည့်နှယ် အိုးထိန်းသည်သို့ တစ်သွယ်သစ်သား
လုံးပတ်ထွားကို ရင်သားဖုထစ် လုံးတင်ရစ်သည့်
စင်စစ်လူသား ပျိုမေလားသို့ ကျွန်းသားပန်းပု
တူအောင်ထု၍ ပန်းပုသူဇာ ရစ်မှိုင်ငှာဟု ရွေကာသစ်သား
တူဆောက်ဓားဖြင့် တအားရိုက်ခုတ် သေချာလုပ်လည်း
စိတ်ယုတ်မရှု စိတ်ကူးနှုသည့် ပန်းပုဆရာ ပုံပမာသို့
ရောက်လာတပည့် မတော်ဘိလည်း တော်တည့်ဖြောင့်မတ်
ပညာတတ်၍ မြင့်မြတ်စွမ်းထက် ဖြစ်စေချက်သည်
**တစ်သက်ချစ်ရှာ နေသောကြောင့်။**

- **သုံးယူစနာ** မကပါဘဲ ကမ္ဘာတစ်ခွင် ဖန်တီးရှင်ဟု မည်တွင်ပြောကြား
ဆရာများသည် တိုင်းကားပြည်ရွာ စည်ပင်သာ၍ ပညာဖွံ့ဖြိုး
ဗလတိုးပြီး အမျိုးဘာသာ သာသနာကို သေချာစောင့်ထိန်း
တိုင်းခပ်သိမ်းမှ သန်းသိန်းမက တပည့်လှပေါ် ငါးဝ ဝတ္တရား
ကျေပွန်ငြားလျက် စိတ်ထားကြည်ဖြူ တပည့်ဟူက မည်သူမည်ဝါ
မခွဲပါဘဲ မြဲသာတူမျှ သင်ပေးကြဖို့ တို့ကတစ်ခါ မြတ်ဆရာကို
သေချာဦးခိုက် ကန်တော့ထိုက်မို့ နှစ်မြိုက်စဉ်ဆက် ကြည်ညိုရက်သည်
**မပျက်သစ္စာ ခွေသောကြောင့်။**

(ယနေ့တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုကြိုဆိုပါသည်)

**မန္တလာပြေ**

# ပွင့်ဖြူမြို့နယ် နှောကျင်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ပွင့်ဖြူ အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် နှောကျင်းကျေးရွာတွင် မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေမောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ နှောကျင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၄၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက အဆိုပါလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ စုစုပေါင်းငွေကျပ် သိန်း ၁၅၀ ဖြင့် စက်တင်ဘာ ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃ ရက်တွင် လုပ်ငန်း၏ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**ဧင်မာ**




# တာဝေးပစ်ဒုံးကျည်တစ်စင်းကို မြောက်ကိုရီးယားနိုင်ငံ စမ်းသပ်ပစ်လွှတ်

**ပြုံယမ်း အောက်တိုဘာ ၄**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် ဂျပန်နိုင်ငံကိုကျော်လွန်၍ တာဝေးပစ်ဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့ကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏အဆိုပါ ဒုံးကျည် ဂျပန်နိုင်ငံမြောက်ပိုင်းကို ဖြတ်ကျော်ပျံသန်းစဉ် ဂျပန်တာဝန်ရှိသူများက ဒေသခံများအတွက် ဘေးလွတ်ရာရွှေ့ပြောင်းရေး သတိပေးချက်များထုတ်ပြန်ခဲ့ရပြီး ရထားခရီးစဉ်များကိုလည်း ယာယီရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

အဆိုပါဒုံးကျည်များသည် ဂျပန်နိုင်ငံကိုကျော်လွန်ဖြတ်သန်း၍ မိုင်ပေါင်း ၂၈၅၀ ထိ ပျံသန်းခဲ့ရာ မြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်ခဲ့ဖူးသမျှ ဒုံးကျည်များအနက် အဝေးဆုံးပျံသန်းခဲ့သော ဒုံးကျည်ဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဂျပန်နိုင်ငံကိုကျော်လွန်၍ တာဝေးပစ်ဒုံးကျည်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ၂၀၁၇ ခုနှစ်က ဝါဆောင်-၁၂ အမျိုးအစား တာဝေးပစ်ဒုံးကျည်တစ်စင်းကို ဂျပန်နိုင်ငံအား ကျော်လွန်ပစ်လွှတ်ခဲ့ဖူးသည်။

မြောက်ကိုရီးယား နိုင်ငံက ယနေ့တွင် ပြုလုပ်ခဲ့သော ဂျပန်ကိုကျော်၍ ဒုံးကျည်ပစ်လွှတ်မှုကို ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှိဒါက အဆင်ခြင်မဲ့သည့် လုပ်ရပ်အဖြစ် ပြင်းထန်စွာ ဝေဖန်ခဲ့ကြောင်း သိရသည်။ KKO

# အီကွေဒေါ်၌ အကျဉ်းထောင်အဓိကရုဏ်းဖြစ်ပွား အနည်းဆုံး အကျဉ်းသား ၁၅ ဦး သေဆုံး

**ကွီတို အောက်တိုဘာ ၄**

အီကွေဒေါနိုင်ငံ လာတာကန်ဂါမြို့ အကျဉ်းထောင်တစ်ခု၌ အောက်တိုဘာ ၃ ရက်က အကျဉ်းထောင်အတွင်း အဓိကရုဏ်းများဖြစ်ပွားခဲ့ရာ အနည်းဆုံး အကျဉ်းသား ၁၅ ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လာတာကန်ဂါမြို့ အကျဉ်းထောင် အဓိကရုဏ်းအတွင်း ဒဏ်ရာရရှိခဲ့သူ အကျဉ်းသားအရေအတွက်မှာ ၂၀ ဦး ရှိခဲ့ကြောင်း အီကွေဒေါ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လာတာကန်ဂါမြို့ အကျဉ်းထောင် အဓိကရုဏ်းသည် အီကွေဒေါနိုင်ငံ၌ နောက်ဆုံးဖြစ်ပွားသော အကျဉ်းထောင်တွင်း အဓိကရုဏ်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်အတွင်း အီကွေဒေါနိုင်ငံ၌ အကျဉ်းထောင်အတွင်း ဖြစ်ပွားခဲ့သည့် အဓိကရုဏ်းများကြောင့် အကျဉ်းသား ၃၁၆ ဦး သေဆုံးခဲ့ရသည်။

ယခုနှစ် ဇူလိုင်လတွင်လည်း စန်ဘာဒိုပင်ဂိုမြို့ အကျဉ်းထောင်တစ်ခု၌ ထောင်တွင်းအဓိကရုဏ်း ဖြစ်ပွားခဲ့ရာ အကျဉ်းသား ၁၃ ဦး သေဆုံးခဲ့ရသည်။

အကျဉ်းထောင်တွင်းအဓိကရုဏ်းများသည်နယ်မြေနှင့်မူးယစ်မှောင်ခိုလမ်းကြောင်းများကို ထိန်းချုပ်ရေးအတွက် ကြိုးစားနေသော မူးယစ်ဂိုဏ်းများကြား ရန်ပွဲများနှင့် ဆက်စပ်နေကြောင်း အီကွေဒေါအစိုးရက ပြောကြားထားကြောင်း သိရသည်။ KKO



# ယူကရိန်းနယ်မြေများ သိမ်းသွင်းရေးဥပဒေကြမ်း ရုရှားအထက်လွှတ်တော် အတည်ပြု



**မော်စကို အောက်တိုဘာ ၄**

ရုရှားနှင့်ပေါင်းစည်းရေး လူထုဆန္ဒခံယူပွဲများ ကျင်းပထားသည့် ယူကရိန်းနယ်မြေလေးခုအား ရုရှားအချုပ်အခြာအောက်ထည့်သွင်းရေးကို ရုရှားအထက်လွှတ်တော်က ယနေ့တွင် အတည်ပြုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယနေ့ လွှတ်တော်ဆွေးနွေးပွဲတွင်ရုရှားအထက်လွှတ်တော်သည် ယူကရိန်းနိုင်ငံဒွန်းနက်စ်၊ လူးဟန့်စ်၊ ဇာပိုရစ်ဇီယာနှင့်ခါဆန်ဒေသတို့၏ ရုရှားနှင့်ပေါင်းစည်းရေးဥပဒေကြမ်းကို တစ်ခဲနက်အတည်ပြုခဲ့ကြသည်။

အထက်လွှတ်တော်က အတည်ပြုခဲ့ပြီးနောက် ရုရှားသမ္မတ ပူတင်က လက်မှတ်ရေးထိုးပြီးချိန်တွင် ၎င်းဥပဒေကြမ်းမှာ ဥပဒေအဖြစ် စတင် အာဏာသက်ရောက်မည်ဖြစ်သည်။

ယူကရိန်းတစ်နိုင်ငံလုံးအကျယ်အဝန်း၏ ၁၈ ရာခိုင်နှုန်းနှင့် ညီမျှသည့် အဆိုပါနယ်မြေ လေးခုကို ရုရှားအချုပ်အခြာအောက် ထည့်သွင်းမည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က စက်တင်ဘာ ၃၀ ရက်တွင် ကြေညာထားပြီးဖြစ်သည်။

သို့သော် လက်ရှိအချိန်တွင် ရုရှားနိုင်ငံသည် အဆိုပါနယ်မြေလေးခု၏ နယ်ခြားစည်းများကို သတ်မှတ်ရသေးခြင်းမရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဇာပိုရစ်ဇီယာနှင့် ခါဆန်ဒေသများ၏ နယ်နိမိတ်ကို ပိုင်းခြားသတ်မှတ်ရေးအတွက် ဆွေးနွေးနေကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က အောက်တိုဘာ ၃ ရက်တွင် ပြောကြားထားကြောင်း သိရသည်။ KKO

# ရူပဗေဒနိုဗယ်ဆုကို ပြင်သစ်၊ အမေရိကန်၊ ဩစတြီးယား သိပ္ပံပညာရှင်သုံးဦး ပူးတွဲရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၄**

၂၀၂၂ ခုနှစ် ရူပဗေဒနိုဗယ်ဆုကို ပြင်သစ်၊ အမေရိကန်နှင့် ဩစတြီးယားသိပ္ပံပညာရှင်များက ပူးတွဲရရှိခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ပြင်သစ်သိပ္ပံပညာရှင် အလိန်းအက်စပက်၊ အမေရိကန်သိပ္ပံပညာရှင် ဂျွန်အက်ဖ်ကလော့ဆာနှင့် ဩစတြီးယားသိပ္ပံပညာရှင်အန်တွန်ဇီလင်ဂျာတို့ကို ယခုနှစ်၏ ရူပဗေဒနိုဗယ်ဆုရှင်များအဖြစ် ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက ယနေ့တွင် ကြေညာခဲ့သည်။

အဆိုပါသိပ္ပံပညာရှင် သုံးဦးကို ၎င်းတို့ပြုလုပ်ခဲ့သော ကွမ်တမ်ဆက်သွယ်ရေးနည်းပညာစမ်းသပ်မှုများအတွက် ရူပဗေဒနိုဗယ်ဆုပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက သတင်းထုတ်ပြန်ထားသည်။




၎င်းသိပ္ပံပညာရှင်သုံးဦးတို့သည် ရူပဗေဒနိုဗယ်ဆုအတွက်ရရှိမည့် ဆွီဒင်ကရောင်းငွေ ၁၀သန်း (စတာလင်ပေါင် ၈၀၂၀၀၀)ကို ခွဲဝေရရှိမည်ဖြစ်သည်။

ယခုနှစ် နိုဗယ်ဆုပေးပွဲရာသီ၏ ပထမဆုံးနိုဗယ်ဆုဖြစ်သော ဆေးပညာနိုဗယ်ဆုကို ဆွီဒင်မျိုးဗီဇပညာရှင် ဆဗင်တီပါဘိုးက အောက်တိုဘာ ၃ ရက်ကရရှိခဲ့သည်။

၂၀၂၂ ခုနှစ် ဓာတုဗေဒနိုဗယ်ဆုကို အောက်တိုဘာ ၅ ရက်တွင် ဆက်လက်ကြေညာမည်ဖြစ်ကြောင်း သိရသည်။ KKO

# အီမရန်ခန်း၏ တရားရုံးမထီမဲ့မြင်ပြုမှုကို အစ္စလာမ်မာဘတ်တရားရုံး ပြန်လည်ရုပ်သိမ်းပေး

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၄**

ပါကစ္စတန်နိုင်ငံအစ္စလာမ်မာဘတ် တရားရုံးချုပ်သည် ဝန်ကြီးချုပ်ဟောင်းအီမရန်ခန်း၏တောင်းပန်မှုကိုလက်ခံခဲ့ပြီး တရားရုံးတော်မထီမဲ့မြင်ပြုမှုစွဲချက်ကို အောက်တိုဘာ ၃ ရက်က ပြန်လည်ရုပ်သိမ်းပေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် လကုန်ပိုင်းအတွင်း ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းက တရားရုံးတော်သို့ လူကိုယ်တိုင်လာရောက်၍ တောင်းပန်ခဲ့ပြီးနောက် အစ္စလာမ်မာဘတ် တရားရုံးချုပ်က အီမရန်ခန်းအပေါ် စွဲဆိုထားသည့် တရားရုံးတော် မထီမဲ့မြင်ပြုမှုကို ပယ်ဖျက်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါစွဲချက်ဖြင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရပါက ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းအနေဖြင့် နိုင်ငံရေးလှုပ်ရှားမှုများပြုလုပ်ခွင့်ပိတ်ပင်ခံရမှုနှင့် အနည်းဆုံးငါးနှစ်ရင်ဆိုင်ရနိုင်သည်။


ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်း အနေဖြင့် တရားရုံးတော်နှင့် တရားသူကြီးများကို လေးလေးစားစားဖြင့် ကိုယ်တိုင်တောင်းပန်စကားပြောကြားခဲ့ကြောင်း၊ သို့ဖြစ်ရာ တရားရုံးတော်က ၎င်းအပေါ်စွဲဆိုထားသည့်စွဲချက်ကို ရုပ်သိမ်းပေးလိုက်ပြီဖြစ်ကြောင်း အီမရန်ခန်း၏ အကျိုးဆောင်ရှေ့နေများက အောက်တိုဘာ ၃ ရက်တွင် ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် အတိုက်အခံများ၏ အယုံအကြည်မရှိအဆိုကြောင့် ယခုနှစ် ဧပြီလအတွင်း ရာထူးမှဖယ်ရှားခံခဲ့ရပြီးနောက် ဥပဒေရေးရာပြဿနာများနှင့် ရင်ဆိုင်ခဲ့ရသည်။

အထွေထွေရွေးကောက်ပွဲများကို သတ်မှတ်ချိန်ထက်စော၍ ကျင်းပရန် အီမရန်ခန်းက တောင်းဆိုထားသော်လည်း လက်ရှိ အာဏာရအစိုးရက ငြင်းပယ်ထားကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## HD 23472 ကြယ်စနစ်တစ်ခုအတွင်း၌ အလွန်ရှားပါးသော ဗုဒ္ဓဟူးဂြိုဟ်နှင့်ပုံစံတူ အကြီးစားဂြိုဟ်နှစ်စင်းကို ပေါ်တူဂီသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**လန္ဒွန်း အောက်တိုဘာ ၄**

HD 23472 အမည်ရှိ ကြယ်စနစ်တစ်ခုအတွင်း၌ အလွန်ရှားပါးသည့် ဗုဒ္ဓဟူးဂြိုဟ်နှင့်ပုံစံတူ အကြီးစားဂြိုဟ်နှစ်စင်းကို ပေါ်တူဂီသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃ ရက်က ရေးသားတင်ပြထားသည်။

ဗုဒ္ဓဟူးဂြိုဟ်နှင့်ပုံစံတူ အကြီးစားဂြိုဟ် (Super Mercuries) များမှာ ရှားပါးပြီး ယနေ့ထိရှစ်စင်းမျှသာ ရှာဖွေတွေ့ရှိခဲ့ဖူးကြောင်း သိရသည်။

သို့ဖြစ်ရာ ကြယ်စနစ်တစ်ခုတည်းမှာပင် အကြီးစားဗုဒ္ဓဟူးဂြိုဟ်အုပ်စုဝင် ဂြိုဟ်နှစ်စင်းရှာဖွေတွေ့ရှိရမှုသည် အလွန်ရှားပါးသည့်ကိစ္စမျိုးဖြစ်ကြောင်း ပေါ်တူဂီသိပ္ပံပညာရှင်များက ပြောကြားသည်။

ပေါ်တူဂီ သိပ္ပံပညာရှင်များသည် HD 23472 ကြယ်စနစ်ရှိ အကြီးစား ဗုဒ္ဓဟူးဂြိုဟ်အုပ်စုဝင် ကြယ်နှစ်စင်းအပြင် ကမ္ဘာမြေနှင့်ပုံစံတူ အကြီးစားကျောက်သားဂြိုဟ်သုံးစင်းကိုလည်း ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

ပေါ်တူဂီ သိပ္ပံပညာရှင်များသည် ချီလီနိုင်ငံအခြေစိုက် VLT ရေဒီယိုတယ်လီစကုပ်၏အကူအညီဖြင့် HD 23472 ကြယ်စနစ်အတွင်းရှိ အကြီးစားဗုဒ္ဓဟူးဂြိုဟ်အုပ်စုဝင်ဂြိုဟ်များကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

HD 23472 ကြယ်စနစ်သည် နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၁၂၇ နှစ်ကျော် အကွာတွင်တည်ရှိကြောင်း သိရသည်။ KKO

## အိန္ဒိယနိုင်ငံ၏ မာဂဲလ်ယန်းအင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ် လောင်စာကုန်ခန်းနေပြီး ဘက်ထရီစွမ်းအင်ပြည့်စွမ်းနိုင်မှုသည်လည်း ဘေးကင်းလုံခြုံမှုရှိသောအဆင့်အားနည်းနေ

**နယူးဒေလီ အောက်တိုဘာ ၄**

အိန္ဒိယနိုင်ငံ၏ မာဂဲလ်ယန်းအင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်သည် လောင်စာကုန်ခန်းနေပြီဖြစ်ပြီး ဘက်ထရီ၏စွမ်းအင်ပြည့်ဆည်းနိုင်မှုသည်လည်း ဘေးကင်းလုံခြုံမှုရှိသည့်အဆင့် အားနည်းနေပြီဖြစ်ကြောင်း MSN သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃ ရက်က ရေးသားတင်ပြထားသည်။

မာဂဲလ်ယန်းအင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်ကို အိန္ဒိယအာကာသအေဂျင်စီ (ISRO) က ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် PSLV ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မာဂဲလ်ယန်းအင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်သည် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် အင်္ဂါဂြိုဟ်ပတ်လမ်းအတွင်း အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့သည်။



သို့ရာတွင် လက်ရှိအချိန်၌ မာဂဲလ်ယန်း အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်မှာ လောင်စာကုန်ခန်းနေပြီဖြစ်ပြီး ISRO နှင့် အဆက်အသွယ် ပြတ်တောက်နေကြောင်း သိရသည်။

သို့ရာတွင် မာဂဲလ်ယန်းအင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်နှင့်ပတ်သက်၍ ISRO က မည်သည့်သတင်းမျှ တရားဝင်ထုတ်ပြန်ခြင်း မရှိခဲ့ပေ။

မာဂဲလ်ယန်းအင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်သည် သိပ္ပံပညာစူးစမ်းလေ့လာရေးစနစ် ငါးခုပါဝင်ပြီး အင်္ဂါဂြိုဟ်ဘူမိဗေဒ၊ စည်းပုံ၊ လေထုလွှာသဘာဝနှင့် မျက်နှာပြင်အပူချိန်များကို ရှစ်နှစ်ကျော်ကြာ မစ်ရှင်ကာလအတွင်း စူးစမ်းလေ့လာခဲ့ကြောင်း သိရသည်။KKO

## စနေဂြိုဟ်၏ ဂြိုဟ်ရံလတစ်စင်းဖြစ်သော အင်စီလေးဒပ်စ်ဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာအတွင်း၌ ဖော့စဖောရပ်စ်ဒြပ်စင်များ ပေါများစွာတည်ရှိနေနိုင်

**ပေကျင်း အောက်တိုဘာ ၄**

စနေဂြိုဟ်၏ ဂြိုဟ်ရံလတစ်စင်းဖြစ်သည့် အင်စီလေးဒပ်စ်ဂြိုဟ်ရံလမြေအောက် သမုဒ္ဒရာအတွင်း၌ ဖော့စဖောရပ်စ်ဒြပ်စင်များပေါများစွာတည်ရှိနေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃ ရက်က ရေးသား တင်ပြထားသည်။

ဖော့စဖောရပ်စ်ဒြပ်စင်သည် သက်ရှိများ ပေါ်ထွန်းရေးအတွက် အရေးကြီးသော ဇီဝအခြေခံပစ္စည်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

ယခင်ပြုလုပ်ခဲ့သည့် လေ့လာချက်များမှ ထွက်ပေါ်လာသော ရလဒ်များအရ အင်စီလေးဒပ်စ်ဂြိုဟ်ရံလပေါ်၌ ဖော့စဖောရပ်စ်ဒြပ်စင်မရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားကြသည်။

သို့ရာတွင် တရုတ်သိပ္ပံပညာရှင်များ၏အဆိုအရ ဖော့စဖိတ်ဟုခေါ်သည့် ဖော့စဖောရပ်စ်ကြွယ်ဝသည့် တွင်းထွက်ပစ္စည်းများသည် အင်စီလေးဒပ်စ် ဂြိုဟ်ရံလအတွင်း ထည့်ဝတ်ဆံမှတစ်ဆင့် မြေအောက်သမုဒ္ဒရာအတွင်း ရောက်ရှိပျော်ဝင်နိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အင်စီလေးဒပ်စ်ဂြိုဟ်ရံလ၏ မြေအောက်သမုဒ္ဒရာအတွင်း ဖော့စဖိတ်များပျော်ဝင်နှုန်းမှာ မူလခန့်မှန်းထားသည်ထက် ပို၍မြင့်မားနေသည်ဖြစ်ရာ အဆိုပါမြေအောက်သမုဒ္ဒရာအတွင်း သက်ရှိများဖြစ်ထွန်းရေးအတွက် လုံလောက်သည့် ဖော့စဖောရပ်စ်ဒြပ်စင်များ စုစည်းတည်ရှိနေနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်စီလေးဒပ်စ်ဂြိုဟ်ရံလသည် စနေဂြိုဟ်၏ ဆဋ္ဌမအကြီးဆုံး ဂြိုဟ်ရံလဖြစ်ပြီး နေအဖွဲ့အစည်း၏ ၁၉ ခုမြောက် အကြီးမားဆုံး အာကာသဒြပ်ထည်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## သုက်ရည်ဂလင်းအိတ်ကင်ဆာလူနာများကို ကုသရာတွင် စတာတင်ဆေးများက အထောက်အကူပေးနိုင်ဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၄**

စတာတင် ခေါ် ကိုလက်စထရော လျှော့ချရေးဆေးများသည် ပြင်းထန်သည့် သုက်ရည်ဂလင်းအိတ် ကင်ဆာလူနာများကို ကုသရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက အောက်တိုဘာ ၃ ရက်က ရေးသားတင်ပြထားသည်။

လူနာအရေအတွက် အကန့်အသတ်ဖြင့်ပြုလုပ်ခဲ့သော ပထမဆုံးလက်တွေ့စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ စတာတင်ဆေးသည် သုက်ရည်ဂလင်းအိတ်ကင်ဆာဆဲလ်များကို အာဟာရဖြတ်ထားနိုင်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် သုက်ရည်ဂလင်းအိတ်ကင်ဆာလူနာ ၁၂ ဦးကို စတာတင်ဆေးများဖြင့် စမ်းသပ်ကုသခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ လူနာ ၁၂ ဦးအနက် တစ်ဦးမှတစ်ပါး ကျန်လူနာအားလုံးတွင် ကင်ဆာဆဲလ်များ ကြီးထွားမှု နှေးကွေးလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် သုက်ရည်ဂလင်းအိတ်ကင်ဆာရောဂါအပေါ် စတာတင်ဆေးများ၏အကျိုးသက်ရောက်မှုကို အတည်ပြုရေးအတွက် လက်တွေ့စမ်းသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ရန် လိုအပ်ကြောင်း သုတေသနပညာရှင်များက ဝန်ခံထားသည်။

သုက်ရည်ဂလင်းအိတ်ကင်ဆာရောဂါကို ကုသရာတွင် ပုံမှန်အားဖြင့် ဓာတ်ရောင်ခြည်ကုထုံးနှင့် ဟော်မုန်းကုထုံးတို့ကို အသုံးပြုလေ့ရှိကြောင်း သိရသည်။

KKO

## သွေးအတွင်းမှိုပါဝင်မှုကို စမ်းသပ်စစ်ဆေးခြင်းဖြင့် ကင်ဆာရောဂါများကို ဖော်ထုတ်လာနိုင်ဖွယ်ရှိ

**ဂျေရုဆလင် အောက်တိုဘာ ၄**

သွေးအတွင်း မှိုပါဝင်မှုကို စမ်းသပ်စစ်ဆေးခြင်းဖြင့် ပြင်းထန်သည့် ကင်ဆာရောဂါပုံစံများကို ဖော်ထုတ်လာနိုင်ဖွယ် ရှိကြောင်း The Daily Mail သတင်းစာက အောက်တိုဘာ ၃ ရက်က ရေးသား တင်ပြထားသည်။

ဇီဝရုပ်အုပ်စုဝင် မှိုများသည် ကင်ဆာဆဲလ်များအတွင်း ရှင်သန်နိုင်ကြကြောင်း အစ္စရေးနိုင်ငံ ဗိုက်ဇ်မင်းသိပ္ပံအင်စတီကျုမှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ကင်ဆာဆဲလ်များအတွင်း ရှင်သန်နိုင်သည့် ဇီဝမှိုများကို သွေးအတွင်း၌လည်း စစ်ဆေးတွေ့ရှိနိုင်သည်ဖြစ်ရာ ၎င်းမှိုများကိုရှာဖွေစစ်ဆေးခြင်းဖြင့် ကင်ဆာရောဂါများဖြစ်ခါစအဆင့်မှာပင် ဖော်ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း အစ္စရေး သုတေသန ပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အချို့သောဇီဝမှိုများသည် ရင်သားကင်ဆာဆဲလ်များအတွင်း ရှင်သန်နိုင်ပြီး အချို့ဇီဝမှိုများမှာ အရေပြားကင်ဆာ ဆဲလ်များအတွင်း ရှင်သန်နိုင်ကြောင်း အစ္စရေး သုတေသန ပညာရှင်များက ပြောကြားသည်။

မှိုများသည် နေရာအနှံ့ပျံ့နှံ့ရန်၊ မျိုးဆက်ပွားရန်အတွက် မျိုးမှုန်များထုတ်ပေးနိုင်သည့် ဇီဝရုပ်များအုပ်စုတွင်ပါဝင်ပြီး သာမန်မျက်စိဖြင့် မမြင်နိုင်သည့် အဏုဇီဝသက်ရှိရုပ်များဖြစ်ကြသည်။

အစ္စရေး သုတေသနပညာရှင်များသည် ကင်ဆာလူနာများ၏ တစ်ရှူးနှင့်သွေးနမူနာ ၁၇၀၀၀ ကျော်ကို လေ့လာခဲ့ရာ ကင်ဆာဆဲလ်များအတွင်းတွင်လည်း မှိုများရှင်သန်နိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ KKO






# ယခုနှစ် ဘောလုံးရာသီကုန်တွင် တိုက်စစ်မှူး အီဂွာဟင် ကစားသမားဘဝမှ အနားယူမည်

**ဝါရှင်တန် အောက်တိုဘာ ၄**

အမေရိကန်မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းတွင် ကစားနေသည့် အသက် ၃၄ နှစ်ရှိ တိုက်စစ်မှူး အီဂွာဟင်က ယခုနှစ် မေဂျာလိဂ် ဘောလုံးရာသီကုန်ဆုံးပါက ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု မာကာသတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး အီဂွာဟင်သည် ၂၀၂၀ ပြည့်နှစ်က ဂျူဗင်တပ်အသင်းမှ အင်တာမီယာမီအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ဘောလုံးရာသီ သုံးရာသီကစားခဲ့ရာ ပြိုင်ပွဲစုံ ၆၅ ပွဲတွင် သွင်းဂိုး ၂၇ ဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီကုန်ဆုံးပါက ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အီဂွာဟင်က "ကျွန်တော့်ရဲ့ကစားသမားဘဝကနေ နှုတ်ဆက်ရဖို့ တဖြည်းဖြည်း နီးကပ်လာပါပြီ။ ဒီနှစ်ဘောလုံးရာသီ ကုန်ရင်တော့ အနားယူတော့မှာပါ။ ကျွန်တော် ဖြတ်သန်းခဲ့ရတဲ့ ကစားသမားဘဝမှာ အတွေ့အကြုံမျိုးစုံရခဲ့ပါတယ်။ အကောင်းဆုံးအချိန်တွေ ရှိသလို အဆိုးဆုံးတွေကိုလဲ ခံစားခဲ့ရပါတယ်"ဟု အသင်းနှင့်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

အာဂျင်တီးနား တိုက်စစ်မှူး အီဂွာအင်သည် ၎င်း၏ကစားသမားဘဝကို ၂၀၀၄ ခုနှစ်က အာဂျင်တီးနားကလပ် ရေဗားပလိတ်အသင်းနှင့် စတင်ခဲ့ပြီးနောက် ၂၀၀၇ ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းသို့လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် နာပိုလီအသင်းသို့လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ဂျူဗင်တပ်အသင်းသို့လည်းကောင်း ပြောင်းရွှေ့ခဲ့ကာ အေစီမီလန်အသင်းနှင့် ချဲလ်ဆီးအသင်းတို့တွင်လည်း အငှားစာချုပ်ဖြင့် ကျင်လည်ခဲ့ရပြီးနောက် ၁၇ နှစ်တာကာလအတွင်း ပြိုင်ပွဲစုံ ၇၀၈ ပွဲတွင် သွင်းဂိုး ၃၃၃ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် နိုင်ငံတကာပြိုင်ပွဲ ၇၅ ပွဲတွင်လည်း သွင်းဂိုး ၃၁ ဂိုးသွင်းယူနိုင်ခဲ့ပြီး ချန်ပီယံဆုဖလား ၁၄ကြိမ်ထိ ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ML



# ၂၀၂၃ အာရှ ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲစဉ်တွင် မြန်မာအသင်းက ကူဝိတ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်



**ရန်ကုန် အောက်တိုဘာ ၄**

ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် ၂၀၂၃ အာရှယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲစဉ်အဖြစ် အောက်တိုဘာ ၃ ရက် ညပိုင်းက မြန်မာအသင်းနှင့် ကူဝိတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး နှစ်သင်းစလုံး အပြန်အလှန် ဂိုးသွင်းခွင့်များရရှိခဲ့ကြသော်လည်း နှစ်ဖက်အသင်းတိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်းအားနည်းမှုများနှင့်အတူ ဂိုးသမားများ လက်စွမ်းပြကာကွယ်မှုများကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံး လူစားလဲမှုများ ပြုလုပ်ခဲ့ပြီး အနိုင်ဂိုးရရှိရန် အပြန်အလှန် ဖိအားပေးမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး နှစ်ဖက်အသင်းတိုက်စစ်ကစားသမားများဂိုးရရှိရန် ဆန္ဒစောခဲ့မှုများကြောင့် ဂိုးရရှိရန်ခက်ခဲခဲ့သော်လည်း ပွဲချိန် ၇၈ မိနစ်တွင် ယူဆက်အယ်မက်တာရီက ကူဝိတ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

လက်ကျန်ပွဲချိန်များတွင်မြန်မာအသင်းက ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးကစားခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ကူဝိတ်အသင်းက မြန်မာအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၃ အာရှ ယူ-၁၇ ခြေစစ်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပွဲစဉ်နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့ပြီး အုပ်စုတတိယပွဲစဉ်အဖြစ် အောက်တိုဘာ ၇ ရက်တွင် အိန္ဒိယအသင်းနှင့်ဆက်လက်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# အာဆင်နယ်အသင်းက အဓိက ခံစစ်ကစားသမား ဆာလီဘာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်

**လန်ဒန် အောက်တိုဘာ ၄**

အာဆင်နယ်အသင်းက အသင်းမှ အဓိကလူငယ်ခံစစ်ကစားသမားတစ်ဦးဖြစ်သည့် ဆာလီဘာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် ဆွေးနွေးမှုများပြုလုပ်လျက်ရှိနေသည်ဟု Daily Cannon သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်သာ ရှိသေးသည့် ဆလီဘာသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က စိန့်အက်တီယန်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်သော်လည်း အစောပိုင်းနှစ်များက အသင်းနှင့်အတူ တစ်ပွဲမျှ ပွဲထွက်ခွင့်မရရှိခဲ့ဘဲ စိန့်အက်တီယန်အသင်း၊ နိုက်အသင်းနှင့် မာဆေးအသင်းတို့တွင် အငှားစာချုပ်များဖြင့် ကစားခဲ့ရသူဖြစ်သည်။

ဆာလီဘာသည် ပြီးခဲ့သည့် ဘောလုံးရာသီက မာဆေးအသင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပြင်သစ်လီဂူးတစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အသင်းက ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဆာလီဘာသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်းနှင့် ပြန်လည် ပူးပေါင်းခဲ့ပြီးနောက် အဓိက ဗဟိုခံစစ်ကစားသမားအဖြစ် ခြေစွမ်းပြသနိုင်ခဲ့ပြီး ရှစ်ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်သည်ထိ ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် အာဆင်နယ်အသင်းက ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ ဆာလီဘာနှင့်အာဆင်နယ်အသင်းတို့ စာချုပ်သက်တမ်းမှာ နှစ်နှစ် ကျန်ရှိနေသေးသော်လည်း လက်ရှိခြေစွမ်းပြသလျက်ရှိနေသောကြောင့် ဥရောပထိပ်တန်းအသင်းကြီးများကခေါ်ယူရန် စိတ်ဝင်စားနေသည့်အတွက် အာဆင်နယ်အသင်းက နှစ်ရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးနေခြင်းဖြစ်ကြောင်း သိရသည်။

STA

## အားကစားသတင်း အတိုအထွာများ

- နော်တင်ဟမ်အသင်းက ရလဒ်ပိုင်းကျဆင်းနေသည့် နည်းပြ စတီဗ်ကူးပါးကိုထုတ်ပယ်၍ နည်းပြဟောင်း ဘင်နီတက်ဇ်နှင့် အစားထိုးနိုင်ရန် စီစဉ်နေကြောင်း သိရသည်။
- လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ ထုတ်ပြန်ချက်အရ အမေရိကန်အမျိုးသမီးဘောလုံးအသင်းတွင် ဖိနှိပ်မှုများနှင့် ဥပဒေချိုးဖောက်မှုများရှိနေကြောင်း နိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါလိုကွန်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- ဒဏ်ရာပြဿနာကြောင့် ကိုးလကြာ အနားယူနေရသည့် ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား ချီဆာသည် ဒဏ်ရာပြန်လည်သက်သာလာသောကြောင့် အသင်းနှင့် လေ့ကျင့်ခန်း ပြန်လည်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။
- လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် စီရော်နယ်ဒိုအနေဖြင့် ထွက်ခွာလိုပါက အသင်းအနေဖြင့်တားဆီးတော့မည်မဟုတ်ကြောင်း သိရသည်။

ML

# Tel Aviv Open ချန်ပီယံဆုကို ဂျိုကိုဗစ် ဆွတ်ခူး

**ဂျေရုဆလင် အောက်တိုဘာ ၄**

အစ္စရေးနိုင်ငံတွင် အောက်တိုဘာ ၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် Tel Aviv Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ခရိုအေးရှား တင်းနစ်ကစားသမား စီလစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း TOE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ပြိုင်ဘက်ကောင်းတစ်ဦးဖြစ်သော စီလစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း အခက်အခဲမရှိဘဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ဂျိုကိုဗစ်သည် ယခုနှစ်တွင် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ၌ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီးနောက်ပိုင်း တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲအဖြစ် Tel Aviv Open တင်းနစ်ပြိုင်ပွဲ၌ ပထမဦးဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသည် အကောင်းဆုံးပုံစံရရှိနေပြီး စီလစ်ကို အနိုင်ကစားနိုင်ရန်အတွက် ပွဲချိန်မိနစ် ၅၀ သာကြာမြင့်ခဲ့ပြီး ပရိသတ်များ မျှော်လင့်ထားသည့် အကြိတ်အနယ်ရှိသော ဗိုလ်လုပွဲစဉ်တစ်ပွဲ မဖြစ်ခဲ့ကြောင်း သိရသည်။



ဂျိုကိုဗစ်က "ကျွန်တော့်အနေနဲ့ ဆုဖလားတော်တော်များများရဖူးပါတယ်။ ဒီဆုဖလားကိုတော့ မရဖူးသေးပါဘူး။ ကျွန်တော့်အတွက် ဆုဖလားအသစ် ဖြစ်ပါတယ်။ အစ္စရေးကိုရောက်လာတဲ့ ကာလတစ်လျှောက် ပရိသတ်တွေ တစ်ခဲနက်အားပေးခဲ့ကြတယ်။ ပွဲကစားနေစဉ်အတွင်းမှာလဲ ကျွန်တော်တို့ကို အားပေးနေတဲ့ ပရိသတ်တွေရဲ့ အားပေးမှုက အံ့မခန်းပါပဲ။ ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ဖိတ်ခေါ်ပေးခဲ့တဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်သလို မယုံကြည်နိုင်လောက်အောင် အားပေးခဲ့ကြတဲ့ အစ္စရေးပရိသတ်တွေကိုလဲ ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

AZL

# ၂၀၂၂-၂၃ အမျိုးသမီးချန်ပီယံလိဂ်အုပ်စုမဲခွဲပွဲတွင် အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံ




**နီယွန် အောက်တိုဘာ ၄**

၂၀၂၂-၂၀၂၃ အမျိုးသမီးချန်ပီယံလိဂ်အုပ်စုမဲခွဲပွဲကို ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ လက်ရှိချန်ပီယံလိုင်ယွန်အသင်းအနေဖြင့် အာဆင်နယ်၊ ဂျူဗင်တပ်အသင်းတို့နှင့်တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း UEFA.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အုပ်စုမဲခွဲပွဲ အုပ်စု (A)တွင် အင်္ဂလန်ကလပ် ချဲလ်ဆီးအသင်း၊ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်း၊ စပိန်ကလပ်ရီးရဲလ်မက်ဒရစ်အသင်းနှင့် အယ်ဘေးနီးယားကလပ် ဗလာဇနီယာအသင်းတို့တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စု (B) တွင် ဂျာမန်ကလပ်ဝုဖ်ဘတ်အသင်း၊ ချက်ကလပ်ဆလားဗီးယား၊ဩစတြီးယားကလပ် ပိုလ်တန်အသင်း၊ အီတလီကလပ် ရိုးမားအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စု(C) တွင် လက်ရှိချန်ပီယံပြင်သစ်ကလပ် လိုင်ယွန်အသင်း၊ အင်္ဂလန်ကလပ် အာဆင်နယ်အသင်း၊ အီတလီကလပ် ဂျူဗင်တပ်အသင်း၊ ဆွစ်ဇာလန်ကလပ် ဇူးရစ်အသင်းနှင့် အုပ်စု(D)တွင် စပိန်ကလပ် ဘာစီလိုနာအသင်း၊ ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်း၊ ဆွစ်ဇာလန်ကလပ်ရိုဇင်ဂတ်အသင်း၊ ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းတို့တစ်အုပ်တည်းကျရောက်ခဲ့သည်။

အဆိုပါ အမျိုးသမီးပြိုင်ပွဲဝင်အသင်း ၁၆ သင်းကို အုပ်စု လေးခုခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး လာမည့်အောက်တိုဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၂၂ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်သော်လည်း ရှုံးထွက်ပွဲစဉ်များကို လာမည့် ၂၀၂၃ ခုနှစ် မတ်လအတွင်းမှသာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ML

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) တွင် ISPE အသင်းက တနင်္သာရီအက်ဖ်စီအသင်းကို ၂၃ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၄**

၂၀၂၂ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ယနေ့ညနေပိုင်းက ISPE အသင်းနှင့် တနင်္သာရီအက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ISPE အသင်းက ၂၃ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ISPEအသင်းက တနင်္သာရီအက်ဖ်စီအသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန်တစ်မိနစ်၊ ကိုးမိနစ်နှင့် ၃၅ မိနစ်တွင် လင်းမြင့်မိုရ်ကလည်းကောင်း၊ ပွဲချိန် နှစ်မိနစ်နှင့် မိနစ် ၂၀ တွင် ဆုပြည့်ပြည့်ကျော်က လည်းကောင်း၊ ပွဲချိန် ငါးမိနစ်၊ ရှစ်မိနစ်၊ ၁၁ မိနစ်၊ ၁၆ မိနစ်၊ ၂၄ မိနစ်နှင့် ၂၆ မိနစ်တို့တွင် ရွှေရည်ထွန်းကလည်းကောင်း၊ ပွဲချိန် ၄၄ မိနစ်တွင်နန်းသဇင်မေကလည်းကောင်း၊ပွဲချိန် ၄၅ မိနစ်တွင် ခင်မာလာထွန်းက လည်းကောင်း ISPEအသင်းအတွက် သွင်းဂိုးများသွင်းယူပေးနိုင်ခဲ့ပြီး ပွဲချိန်ပထမပိုင်းအပြီးတွင်ပင် ၁၃ ဂိုးပြတ်ဖြင့် ISPE အသင်းက ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ပွဲချိန် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင်လည်း ISPEအသင်းက ခြေစွမ်းပိုင်းအသာစီး၊ ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဆက်လက်ဖိအားပေး ကစားနိုင်ခဲ့ကာ ပွဲချိန် ၅၂ မိနစ်နှင့် ၇၉ မိနစ်တို့တွင် ဆုပြည့်ပြည့်ကျော်က လည်းကောင်း၊ပွဲချိန် မိနစ် ၅၀ တွင် လင်းလဲ့ဦးက လည်းကောင်း၊ ပွဲချိန် ၆၇ မိနစ်နှင့် ၈၅မိနစ်တွင် နှင်းပွင့်အေးက လည်းကောင်း၊ ပွဲချိန် ၄၆ မိနစ်၊ ၆၉ မိနစ်၊ ၈၂ မိနစ်နှင့် ၈၄ မိနစ်တွင် ခင်မာလာထွန်းက လည်းကောင်း၊ ပွဲချိန် ၈၈ မိနစ်တွင် ယဉ်လွန်းအိမ်က လည်းကောင်း



ISPEအသင်းအတွက် သွင်းဂိုးများ အသီးသီးသွင်းယူနိုင်ခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် ISPEအသင်းက ၂၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၂ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် အောက်တိုဘာ ၅ရက်တွင် Sport& Education အသင်းနှင့်YREO အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# အေစီမီလန်ကွင်းလယ်ကစားသမား ဘန်နာဆာကို လီဗာပူးနှင့်ချဲလ်ဆီးအသင်းတို့ အပြိုင်ကမ်းလှမ်း

**လန်ဒန် အောက်တိုဘာ ၄**

ပရီးမီးယားလိဂ်ကလပ်ချဲလ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့က ကွင်းလယ်ပိုင်း ဖြည့်တင်းရန်အတွက် အေစီမီလန်အသင်းတွင် ခြေစွမ်းပြကစားနေသည့် ကွင်းလယ်ကစားသမားဘန်နာဆာကို ယခုနှစ်ဘောလုံးရာသီကုန်တွင် ခေါ်ယူနိုင်ရန် အပြိုင်ကမ်းလှမ်းမှု ပြုလုပ်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ ဘန်နာဆာသည်အေစီမီလန်အသင်းနှင့်လာမည့် ၂၀၂၄ ခုနှစ်မှစာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် အသင်းအနေဖြင့် စာချုပ်သက်တမ်းတိုးဆွေးနွေးနိုင်ရန် အချိန်ကျန်ရှိနေသော်လည်း အသင်း၏ဘဏ္ဍာရေးအခက်အခဲကြောင့် လက်လွှတ်ရမည်ကိုစိုးရိမ်နေသည့်အပြင်ကစားသမားကိုယ်တိုင်ကလည်း ဘောလုံးရာသီကုန်တွင် အသင်းမှထွက်ခွာရန်စီစဉ်နေသဖြင့် လီဗာပူးနှင့်ချဲလ်ဆီးအသင်းတို့က အပြိုင်ကမ်းလှမ်းခဲ့သည်။

ဘန်နာဆာသည် အာဆင်နယ်အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် အေစီမီလန်အသင်းသို့ ယူရို ၁၆ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် ခြေစွမ်းပိုင်း တိုးတက်လာခဲ့ကာ ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အမှတ်ပေးပြိုင်ပွဲ ရှစ်ပွဲတွင် ခုနစ်ပွဲထိ ပွဲထွက်ခွင့်ရရှိခဲ့ပြီး ပုံစံကောင်းပြသနေသောကြောင့် စီးရီးအေပြိုင်ဘက် ဂျူဗင်တပ်အသင်းကလည်း ခေါ်ယူရန် စောင့်ကြည့်နေသောကြောင့် အသင်းတာဝန်ရှိသူများက ကစားသမားကို စာချုပ်သက်တမ်း မတိုးနိုင်ပါက ယူရို သန်း ၅၀ ဖြင့် ရောင်းချရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် အေစီမီလန်အသင်းတွင် ကွင်းလယ်ကစားသမား ဘန်နာဆာနှင့်အတူ လီအိုသည်လည်း ပုံစံကောင်း ပြသနေသောကြောင့် ဥရောပထိပ်သီးကလပ် အသင်းကြီးများက ခေါ်ယူရန် ကြိုးပမ်းနေပြီး အသင်းအနေဖြင့်ခြေစွမ်းပြကစားသမားနှစ်ဦးကို လုပ်ခလစာတိုးမြှင့်၍ သက်တမ်းတိုးနိုင်ရန် ငွေကြေးလုံလောက်မှု မရှိသဖြင့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေး အမြောက်အမြားသုံးစွဲ၍ ကမ်းလှမ်းသည့်အသင်းရှိပါက ၎င်းတို့ကို ထွက်ခွာခွင့်ပြုရမည်ဖြစ်သည်။ ML

# လန်ဒန်မာရသွန် အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး သေဆုံးမှုဖြစ်ပွား

**လန်ဒန် အောက်တိုဘာ ၄**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့သည့် ၂၀၂၂ ခုနှစ်လန်ဒန်မာရသွန်အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး နှလုံးအမောဖောက်ကာ လဲကျသေဆုံးခဲ့ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက အတည်ပြုခဲ့သည်ဟု AAသတင်းဌာနက ဖော်ပြခဲ့သည်။

သေဆုံးသူမှာ အင်္ဂလန်နိုင်ငံသားတစ်ဦးပင်ဖြစ်ပြီးလန်ဒန်မာရသွန်အပြေးလမ်းကြောင်း၏ ၂၃ မိုင်နှင့် ၂၄ မိုင်ကြားတွင် လဲကျသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆေးအဖွဲ့ကလဲကျခဲ့သည့် ပြိုင်ပွဲဝင်အား အချိန်မီအရေးပေါ် ဆေးကုသမှုပြုလုပ်ပေးခဲ့ပြီး ဆေးရုံသို့ပို့ဆောင်ပေးခဲ့သော်လည်း ဆေးရုံ၌ သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးမှုနှင့်ပတ်သက်ပြီး အသေးစိတ် ဆေးစစ်ချက်ရလဒ်ထွက်ပေါ်လာခြင်းမရှိသေးဘဲ သေဆုံးခဲ့သည့်အခြေအနေနှင့် ပတ်သက်သည့် အချက်အလက်များကိုလည်း ထုတ်ပြန်ပေးနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

၂၀၂၂ ခုနှစ် လန်ဒန်မာရသွန်အပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင် ၄၀၀၀၀ နီးပါးခန့်ထိရှိခဲ့ကြောင်း သိရသည်။

လန်ဒန်မာရသွန် အပြေးပြိုင်ပွဲ၏ဆေးအဖွဲ့က "မာရသွန်အပြေးလမ်းကြောင်းရဲ့ ၂၃မိုင်နဲ့ ၂၄ မိုင်ကြားမှာ အသက် ၃၆နှစ်ရှိ ပြိုင်ပွဲဝင်တစ်ဦး လဲကျသွားခဲ့ပါတယ်။ အချိန်မီအရေးပေါ် ဆေးကုသမှုတွေပြုလုပ်ပေးခဲ့ပါတယ်။ ဆေးရုံကိုလဲ အချိန်မီပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လဲ ကံမကောင်းစွာနဲ့ ဒီပြိုင်ပွဲဝင်ဟာ သေဆုံးခဲ့ပါတယ်"ဟု ထုတ်ပြန်ခဲ့သည်။

ပြိုင်ပွဲကျင်းပရေး ကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက "လန်ဒန်မာရသွန် အပြေးပြိုင်ပွဲနဲ့ ပတ်သက်သူတွေ အားလုံးဟာ ဒီသတင်းနဲ့ ပတ်သက်ပြီးတော့ အရမ်းကို စိတ်မကောင်းဖြစ်နေကြပါတယ်။ပြိုင်ပွဲကျင်းပရေးကော်မတီအနေနဲ့လဲ သေဆုံးသူရဲ့မိသားစုနဲ့ထပ်တူဝမ်းနည်းမိပါတယ်။သေဆုံးသူရဲ့မိသားစုတွေကတော့ သေဆုံးမှုနဲ့ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကို တောင်းခံထားပါတယ်။ ကျွန်တော်တို့ အနေနဲ့လဲ ဆေးရုံက ဆေးစစ်ချက်ထွက်မလာသေးတဲ့အတွက် သေဆုံးသူရဲ့ မိသားစုတွေ တောင်းဆိုထားတဲ့ အချက်အလက်တွေကို ထုတ်ပြန်ပေးနိုင်ခြင်း မရှိသေးပါဘူး"ဟု ပြောကြားခဲ့သည်။ AZL

## ယူရိုပါလိဂ် အုပ်စုပွဲစဉ် ပွဲကြိုသုံးသပ်ချက်

ML

**ရိုးမား Vs ဘက်တစ်**

**ကစားမည့်ရက်/အချိန် ၇-၁၀-၂၀၂၂ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘက်တစ် ၅ - ၂ ရိုးမား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုးမား | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |
| ဘက်တစ် | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

အခုပြိုင်ပွဲမှာ တစ်ပွဲနိုင်၊တစ်ပွဲရှုံးရလဒ် ရရှိထားတဲ့ ရိုးမားအသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးပါဘူး။ ဘက်တစ်အသင်းကတော့ အသင်းလိုက်ကစားအားကောင်းတဲ့အပြင် တိုက်စစ်မှူးတွေ ဂိုးသွင်းအားကောင်းနေတာကြောင့် အဝေးကွင်းကနေဖိအားပေးလာမှာပါ။ ဒါကြောင့် အနည်းဆုံး သရေရလဒ်ကစားမဲ့ ဘက်တစ်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ရိုးမား ၂ - ၂ ဘက်တစ်**

## ယူရိုပါကွန်ဖရင့်လိဂ် အုပ်စုပွဲစဉ် ပွဲကြိုသုံးသပ်ချက်

ML

**အန်ဒါလက်ချ် Vs ဝက်စ်ဟမ်း**

**ကစားမည့်ရက်/အချိန် ၆-၁၀-၂၀၂၂ (ည ၁၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်-မရှိပါ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အန်ဒါလက်ချ် | - | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(ရှုံး) |
| ဝက်စ်ဟမ်း | - | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

အန်ဒါလက်ချ်အသင်းဟာ အခုပြိုင်ပွဲမှာ ရှုံးပွဲမရှိသေးပေမဲ့ နောက်ဆုံးအိမ်ကွင်းပွဲစဉ်မှာရှုံးနိမ့်ထားပြီး ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ ဝက်စ်ဟမ်းအသင်းကတော့ တိုက်စစ်ပိုင်းထက်မြက်နေသလို ကစားသမားစုဖွဲ့မှုသာလွန်နေတာကြောင့် အန်ဒါလက်ချ်ကို ဖိအားပေးလာမှာပါ။ ဒါကြောင့် နိုင်ပွဲထပ်မံရှာဖွေမဲ့ ဝက်စ်ဟမ်းအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - အန်ဒါလက်ချ် ၁ - ၂ ဝက်စ်ဟမ်း**

# စွဲချက်၏သဘောကိုလုံးဝမသိဘဲ အပြစ်ရှိကြောင်းဝန်ခံခြင်း

စိန်လှိုင်ဗိုလ်



ရာဇဝတ်မှုတွင် တရားခံတစ်ဦးသည် ၎င်းအပေါ် စွဲဆိုထားသောစွဲချက်၏ သဘောသဘာဝကို လုံးဝမသိရှိဘဲ အပြစ်ရှိကြောင်း ဝန်ခံခဲ့သည်။ ဝန်ခံချက်အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည်။ ထိုနောက်တွင်မှ တရားခံက အယူခံဝင်သောအမှုများ ရှိခဲ့ဖူးပါသည်။ ဗဟိုတရားရုံး၏ လုပ်ပိုင်ခွင့်များကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေဖြင့် ကန့်သတ်ထားသော်လည်း ၎င်းကိစ္စများ၌ ပြင်ဆင်မှုအာဏာများကို အလားတူ ကန့်သတ်ထားခြင်းမရှိသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၆၁(က)အရ မူလဘူတအာဏာကိုကျင့်သုံးလျက် ပြစ်မှုထင်ရှားစီရင်ခြင်းနှင့်ပြစ်ဒဏ်ကို ပယ်ဖျက်နိုင်ကြောင်းနှင့်ပတ်သက်၍ ဗဟုသုတအလို့ငှာ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ ၁၉၉၉ ခုနှစ် အောက်တိုဘာ ၂၄ ရက် နံနက် ၁ နာရီအချိန်တွင် မောင်ဦးသည် ၁၄ လက်မရှိ ဓားဦးချွန်တစ်လက်ကိုကိုင်၍ ကျောက်တော်ကြီးဘုရားပွဲသို့သွားကြောင်း၊ ၎င်းနှင့်အတူ လင်းလင်း ခေါ် ထွန်းထွန်းလင်း၊ သန့်ဇင်ဝင်းတို့သည် အမျိုးသမီးတစ်ဦးကိုခေါ်၍ ရန်ကင်းတောင်သွား ကားလမ်းဘေးရှိ နန်းဦးလွင်ရွာအရှေ့ဘက် ကန်လယ်ကားလမ်းတောင်ဘက်အစပ်၌ အဓမ္မပြုကျင့်သတ်ဖြတ်ခဲ့ကြောင်း၊ သတ်ဖြတ်ရာ၌ အသုံးပြုခဲ့သောဓားကို မောင်ဦးက ဦးဖိုးနီ၊ ဦးလှအောင်တို့ရှေ့တွင် ၎င်းတဲ၌ဝှက်ထားသည့်နေရာမှ ထုတ်ဖော်ပေးအပ်သဖြင့် ရှာဖွေပုံစံဖြင့်သိမ်းဆည်းပြီး ၎င်းတို့အပေါ် ဥပဒေအရ အရေးယူပေးရန် ရဲအုပ်စိန်ဝင်းက တရားလိုပြုလုပ်၍ ပုသိမ်ကြီးရဲစခန်း၌ တိုင်ချက်ရေးဖွင့်ခဲ့သည်။

ပုသိမ်ကြီးမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်- (၁၅၅၅/၉၉) တွင် အယူခံတရားလို မောင်ဦးကို ၁၈၇၈ ခုနှစ် လက်နက်အက်ဥပဒေပုဒ်မ-၁၉(င)အရ အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်ကျခံစေရန် အမိန့်ချမှတ်သည်။ ၎င်းအမိန့်အပေါ် မောင်ဦးက မကျေနပ်၍ မန္တလေးတိုင်းတရားရုံး (မန္တလေးခရိုင်) သို့ အယူခံဝင်ရာ အကျဉ်းနည်းပလပ်ခြင်းခံရသည်။ သို့ဖြစ်၍ တရားရုံးချုပ်သို့ ပြင်ဆင်မှုလျှောက်ထားရာတွင်လည်း အောင်မြင်မှုမရှိသဖြင့် တရားစီရင်ရေးဥပဒေပုဒ်မ-၆ အရ အထူးအယူခံဝင်ခွင့်ပြုရန် တရားရုံးချုပ်သို့ လျှောက်ထားရာ-

"လူသတ်မှုဖြင့် စွပ်စွဲခြင်းခံရသူ မောင်ဦးထံမှ သိမ်းဆည်းခဲ့သော သက်သေခံဓားနှင့်စပ်လျဉ်း၍ လက်နက်အက်ဥပဒေပုဒ်မ-၁၉(င)ဖြင့် တရားစွဲဆိုခဲ့ရာ စွဲချက်တင်စဉ်က ဝန်ခံမိသည့်အချက်အပေါ် အခြေပြု၍ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ ဥပဒေနှင့်ညီ၊ မညီ"ဟူသော ပြဿနာကို စုံညီခုံရုံးဖြင့် ပြန်လည်ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့ပါသည်။

**အထူးအယူခံခုံရုံး၏ ဓိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလရုံးအမှုတွဲကို လေ့လာကြည့်ရာတွင် တရားလို ရဲအုပ် စခန်းမှူး စိန်ဝင်း(လိုပြ-၁)နှင့် ဦးဖိုးနီ(လိုပြ-၂) တို့၏ ထွက်ဆိုချက်များအရ ၁၉၉၉ ခုနှစ် နိုဝင်ဘာ ၁၁ ရက်နေ့က ကျောက်တော်ကြီးဘုရားပွဲမှအပြန် မောင်ဦးနှင့်အတူ လင်းလင်း ခေါ် ထွန်းထွန်းလင်း၊ သန့်ဇင်ဝင်းတို့လိုက်ပါလျက် မန္တလေး ရန်ကင်းတောင်ကားလမ်း တောင်ဘက် နန်းဦးလွင်ရွာအရှေ့ဘက်၌ မိန်းမတစ်ဦးကိုခေါ်ဆောင်လာပြီး အဓမ္မပြုကျင့်သတ်ဖြတ်ခဲ့ရာတွင် အသုံးပြုခဲ့သောဓားကို ၎င်း၏နေအိမ်၌ ဝှက်ထားကြောင်းပြောပြသဖြင့် တရားခံ မောင်ဦးလိုက်ပါလျက် အရှိုး၊ အသွား ၁၄ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းကို ထုတ်ဖော်ပေးအပ်သဖြင့် ရှာဖွေပုံစံ သက်သေခံ (ခ)ဖြင့် သိမ်းဆည်းခဲ့သည်ကို အထူးခုံရုံးက စိစစ်ခဲ့သည်။

သိမ်းဆည်းခဲ့သောဓားနှင့်စပ်လျဉ်း၍ မောင်ဦးအပေါ် ပုသိမ်ကြီးမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် (၁၅၅၅/၉၉) တွင် လက်နက်အက်ဥပဒေပုဒ်မ-၁၉(င)ဖြင့်လည်းကောင်း၊ မန္တလေးခရိုင်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်-(၂၀၃/၉၉) တွင် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်-(၃၀၉)ဖြင့်လည်းကောင်း တရားစွဲဆိုထားသည်ကို တွေ့ရှိရသည်။ **လူသတ်မှုနှင့်သက်ဆိုင်သည့် စီရင်ထုံးများကိုလေ့လာကြည့်ရာတွင် လူသတ်မှုဖြင့် သိမ်းဆည်းစဲ့သော ဓားနှင့်စပ်လျဉ်း၍ တရားခံအပေါ် လက်နက်အက်ဥပဒေပုဒ်မ-၁၉(င)ဖြင့် စွဲဆိုစဲ့ဖူးခြင်းမရှိကြောင်း တွေ့ရသည်။** သိမ်းဆည်းခဲ့သည့်ဓားမှာ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်လက်နက် ဟုတ်၊ မဟုတ် အဆုံးအဖြတ်ပြုရမည်ဖြစ်ပြီး အများပြည်သူသွားလာသည့်နေရာ၌ လက်နက်ဆွဲကိုင်သွားလာခြင်းနှင့်သက်ဆိုင်မှုမရှိ၍ဖြစ်သည်ဟု ယူဆရကြောင်း အထူးခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

၁၈၇၈ ခုနှစ် လက်နက်ဥပဒေပုဒ်မ-၁၉(င)ပြစ်မှုကျူးလွန်ရန် ၎င်းဥပဒေပုဒ်မ-၁၃ တွင် ပြဋ္ဌာန်းထားသော အောက်ပါပြစ်မှုအင်္ဂါရပ်များနှင့် ညီညွတ်ရန်လိုသည်။

"လိုင်စင်ရခွင့်ပြုထားသည့် နည်းလမ်းမှတစ်ပါး မည်သူမျှ လက်နက်ဆွဲကိုင်၍ သွားလာခြင်းမပြုရ"

အထက်ဖော်ပြပါအချက်အရဆိုလျှင် အများပြည်သူတို့သွားလာသည့်လမ်းပေါ်၌ လက်နက်ဆွဲကိုင်၍ သွားလာခြင်းကို ခွင့်မပြုသည့်သဘောမျိုးဖြစ်သည်။ မောင်ဦးသည် ကျောက်တော်ကြီးဘုရားပွဲခင်းတွင် ဓားဆွဲကိုင်လျက် သွားလာနေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း၊ အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိပေ။ ထိုကဲ့သို့ အထောက်အထား တင်ပြနိုင်ခြင်းမရှိပါဘဲလျက် ပုသိမ်ကြီးမြို့နယ်တရားရုံးက မောင်ဦးအပေါ် ၁၈၇၈ ခုနှစ် လက်နက်အက်ဥပဒေပုဒ်မ-၁၉(င)အရ စွဲချက်တင်ခဲ့ခြင်းဖြစ်ရာ ထိုသို့ စွဲချက်တင်စဉ် မောင်ဦးက အပြစ်ရှိကြောင်းဝန်ခံခဲ့သဖြင့် အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အထူးခုံရုံးက စိစစ်ခဲ့သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၁၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"အထက်တွင် မည်သို့ပင်ပါရှိသော်လည်း တရားခံက အပြစ်ရှိကြောင်းဝန်ခံ၍ စက်ရှင်ရုံးကဖြစ်စေ၊ ပထမတန်းရာဇဝတ်တရားသူကြီးကဖြစ်စေ၊ ယင်းဝန်ခံချက်အရ ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်ထားရာတွင် ပြစ်ဒဏ်အတိုင်းအတာ(သို့မဟုတ်) တရားဝင်မှုနှင့် စပ်လျဉ်းသည်မှတစ်ပါး အယူခံဝင်ခွင့်မရှိစေရ"

သို့ဖြစ်ရာ အပြစ်ရှိကြောင်းဝန်ခံခြင်းဖြင့် တရားခံသည် မိမိအားပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန်မှု ရှိ၊ မရှိ စောဒကတက်ခွင့်ကို ပိတ်ပင်စေနိုင်သည်။ သို့ရာတွင် ပြင်ဆင်မှုတရားရုံးက တရားမျှတမှုရှိ၊မရှိ စိစစ်ပိုင်ခွင့်ကို ပိတ်ပင်ထားခြင်းမရှိ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၃၉ အရ ပြင်ဆင်မှုတရားရုံးသည် တရားဥပဒေတိမ်းစောင်းမှုကို တားဆီးခွင့်ရှိသည်။ တားဆီးရန်လည်း တာဝန်ရှိသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် စံပိုးချင်အမှု ၁၉၄၇ ခုနှစ် ရန်ကုန် ၂၀၂ ကို ရည်ညွှန်းသည်။

သို့ဖြစ်ရာ တရားခံသည် အပြစ်ရှိကြောင်းဝန်ခံပါက ပေါ်ပေါက်သည့် အရေးကြီးသောအကျိုးဆက်များကိုလည်းကောင်း၊ တင်ထားသောစွဲချက်၏ သဘောသဘာဝကိုလည်းကောင်း လုံးဝမသိဘဲ အပြစ်ရှိကြောင်း ဝန်ခံခဲ့ပုံပေါ်သောအမှုတွင် ပြင်ဆင်မှုတရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းကို ပြင်ဆင်နိုင်ကြောင်း ဖန်ပိန်မွေး ပါ ၈ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု ၁၉၅၈ ခုနှစ် မ. တ. စ(လွှတ်တော်) ၂၅၇ အမှုတွင် လမ်းညွှန်ထုံးဖွဲ့ထားသည်ကို အထူးအယူခံခုံရုံးက ရည်ညွှန်းခဲ့သည်။

လူသတ်မှုဖြင့်သိမ်းဆည်းခဲ့သောဓားမှာ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက် ဟုတ်၊ မဟုတ် အသေးစိတ်စစ်ဆေးပြီး ဆုံးဖြတ်ရမည့်အစား ၁၈၇၈ ခုနှစ် လက်နက်အက်ဥပဒေပုဒ်မ-၁၉(င)အရ ပြစ်မှုထင်ရှားစီရင်သည့်အချက်အပေါ် အခြေပြု၍ လူသတ်မှုတွင် အသုံးပြုသည့်ဓားဖြစ်သည်ဟု ထည့်သွင်းစဉ်းစားမည်ဆိုပါက တရားခံအဖို့ များစွာထိခိုက်နစ်နာစေသည့်အပြင် ကြီးလေးသည့်ပြစ်ဒဏ်ကိုလည်း မလွဲမသွေ ချမှတ်ခြင်းခံရတော့မည်ဖြစ်သည်ဟု အထူးခုံရုံးက အလေးအနက်ဆင်ခြင်သုံးသပ်ခဲ့သည်။

SRISAWARMAL V. THE UNION OG BURMA (U THEIN MAUNG) အမှုတွင် ထုံးဖွဲ့လမ်းညွှန်ထားချက်အရ တရားခံမောင်ဦးသည် ၎င်းအပေါ် ၁၈၇၈ ခုနှစ် လက်နက်အက်ဥပဒေပုဒ်မ-၁၉(င)အရ တင်ထားသည့်စွဲချက်၏ သဘောသဘာဝကို လုံးဝမသိဘဲ အပြစ်ရှိကြောင်း ဝန်ခံချက်အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ အယူခံဝင်သောအမှုများတွင် ဗဟိုတရားရုံး၏ လုပ်ပိုင်ခွင့်များကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၁၂ အရ ကန့်သတ်ထားသော်လည်း ၎င်းကိစ္စများ၌ ပြင်ဆင်မှုအာဏာများကို အလားတူ ကန့်သတ်ထားခြင်းမရှိသည့်အပြင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ- ၅၆၁(က)အရ မူလဘူတအာဏာကို ကျင့်သုံးလျက် ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်ကိုပယ်ဖျက်နိုင်ကြောင်း၊ ဤအခြေအနေတွင် **တရားရုံးချုပ်က မောင်ဦး၏ပြင်ဆင်မှုကို ပလပ်ခဲ့ခြင်းမှာ မှားယွင်းလျက်ရှိကြောင်း ကျွန်ုပ်တို့သဘောရရှိသည်**ဟု အထူးခုံရုံးက အလေးထားဆင်ခြင်သုံးသပ်ခဲ့သည်။

❖ မောင်ဦးသည် ကျောက်တော်ကြီးဘုရားပွဲခင်းတွင် ဓားဆွဲကိုင်လျက် သွားလာနေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း၊ အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိပေ။ ထိုကဲ့သို့ အထောက်အထားတင်ပြနိုင်ခြင်း မရှိပါဘဲလျက် ပုသိမ်ကြီးမြို့နယ်တရားရုံးက မောင်ဦးအပေါ် ၁၈၇၈ ခုနှစ် လက်နက်အက်ဥပဒေ ပုဒ်မ-၁၉(င)အရ စွဲချက်တင်ခဲ့ခြင်းဖြစ်ရာ ထိုသို့စွဲချက်တင်စဉ် မောင်ဦးက အပြစ်ရှိကြောင်းဝန်ခံခဲ့သဖြင့် အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အထူးခုံရုံးက စိစစ်ခဲ့သည်။ ❖

ထို့ကြောင့် ဤအထူးအယူခံကို ခွင့်ပြုပြီး အယူခံတရားလို မောင်ဦးကို ၁၈၇၈ ခုနှစ် လက်နက် အက်ဥပဒေပုဒ်မ-၁၉(င)အရ အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်ကျခံစေရန် ချမှတ်သည့်အမိန့်နှင့် ၎င်းအမိန့်ကို အတည်ပြုသော မန္တလေးတိုင်းတရားရုံး (မန္တလေးခရိုင်)နှင့် တရားရုံးချုပ်တို့၏ အမိန့်တို့ကိုပယ်ဖျက်၍ မောင်ဦးကို အမှုမှအပြီးအပြတ်လွှတ်စေရန်အမိန့်ချမှတ်လိုက်သည်။ မောင်ဦးနှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၀၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ်-(၂၄) (မန္တလေး)ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)တွင် တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေမှု ပြန်လည် စတင်မည်ဖြစ်



**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် သီတင်းကျွတ်ကာလမှစ၍ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေမှု ပြန်လည်စတင်မည်ဖြစ်ကြောင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ဒုတိယညွှန်ကြားရေးမှူး ဦးစန်းလှိုင်က ပြောပြ၍ သိရသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် တိုင်းရင်းသားရိုးရာ အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမကြီးတွင် အခမဲ့ ဖျော်ဖြေပေးလေ့ရှိကြောင်း၊ ပြီးခဲ့သည့်မေလမှစတင်ကာ လာရောက်လည်ပတ်သူနည်းပါးသဖြင့် ခေတ္တရပ်နားထားခဲ့ရာ ယခု သီတင်းကျွတ်ကာလတွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း သိရသည်။

“ပုံမှန်ကတော့ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တွေမှ တိုင်းရင်းသားရိုးရာ အဆို၊ အကတွေနဲ့ အခမဲ့ ဖျော်ဖြေတာ ရှိပါတယ်။ မိုးကာလမှာတော့ လာရောက်လည်ပတ်သူနည်းပါးတဲ့အတွက် ခေတ္တရပ်နားလေ့ရှိပါတယ်။ အခု သီတင်းကျွတ်ကာလ အောက်တိုဘာ ၈ ရက်၊ ၉ ရက် ကစပြီးတော့ ဒီအစီအစဉ်ကို ပြန်လည်စတင်မှာဖြစ်ပါတယ်။ သီတင်းကျွတ်ပိတ်ရက်တွေမှာဆိုရင်တော့ အထူးအစီအစဉ်အနေနဲ့ တိုင်းရင်းသားရိုးရာပဒေသာကပွဲလိုဟာမျိုး ပြုလုပ်ပေးဖို့ရှိပါတယ်” ဟု ဒုတိယညွှန်ကြားရေးမှူး ဦးစန်းလှိုင်က ပြောပြသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သည် သာကေတမြို့နယ် ပဲခူးမြစ်ကမ်းအနီးတွင် တည်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းတွင် နေထိုင်ကြသည့် တိုင်းရင်းသားများ၏ အထင်ကရနေရာများကို ထည့်သွင်း တည်ဆောက်ထားကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)သို့ ပဲခူးမြစ်မှတစ်ဆင့် အပန်းဖြေရှုပ်ပြေးရေယာဉ်၊ သင်္ဘောတို့ဖြင့် လာရောက် လည်ပတ်နိုင်ရေး ဆိပ်ခံဘောတံတား တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ASH

# Horizon ဇာတ်ကားတွင် မင်းသား တွမ်ပေနေး ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၄**

New Line Cinema ရုပ်ရှင်ကုမ္ပဏီ၏ Horizon ဇာတ်ကားတွင် မင်းသား တွမ်ပေနေး ပါဝင်လာကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃ ရက်တွင် ရေးသားတင်ပြထားသည်။

သို့ရာတွင် Horizon ဇာတ်ကား၌ မင်းသား တွမ်ပေနေး ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား တွမ်ပေနေးသည် မင်းသားကြီး ကီဗင်ကော့စနာ၊ မင်းသား အက်ဘေးလီ၊ စကော့ဟေ့တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Horizon ဇာတ်ကားသည် အမေရိကန်ပြည်တွင်း စစ်မဖြစ်မီနှင့် ဖြစ်ပွားပြီးနောက် ၁၅ နှစ်တာကာလကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးသည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို မင်းသားကြီး ကီဗင်ကော့စနာက ကိုယ်တိုင်ရိုက်ကူးနေပြီး ဇာတ်ညွှန်းကိုလည်း ဇာတ်ညွှန်းရေးဆရာ ဂျွန်ဘေးယာ့နှင့် ပူးတွဲရေးသားထားသည်။

လက်ရှိအချိန်တွင် Horizon ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို New Line Cinema ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO




# ပန်းချီဆရာ ငါးဦး၏ Five Art အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Art Palace Art Studio & Gallery တွင် ပန်းချီဆရာ ငါးဦး၏ Five Art အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ဒေါ်မိမိဟိန်းက ပြောပြ၍ သိရသည်။

အဆိုပါ ပန်းချီပြပွဲကို အောက်တိုဘာ ၈ ရက်မှ အောက်တိုဘာ ၁၈ ရက်ထိ ပြသသွားမည်ဖြစ်ပြီး ပြပွဲတွင် လူငယ်ပန်းချီ ဆရာများဖြစ်ကြသည့် ပန်းချီ အောင်သူငြိမ်း၊ ပန်းချီ မြတ်ကျော်ခေါင်၊ ပန်းချီ သီဟ၊ ပန်းချီ မျိုးညွှန့်၊ ပန်းချီ သက်ဝေငြိမ်းတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ခဲခြစ် စသည့် လက်ရာစုံ ပန်းချီကားများကို လေ့လာကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။



“စစ်ကိုင်း၊ မကွေး၊ မန္တလေးဘက်က လူငယ် ပန်းချီဆရာ ငါးယောက်ရဲ့ လက်ရာစုံ ပန်းချီကား ၂၅ ကားကို စုစည်းပြသပေးမှာဖြစ်ပါတယ်။ နယ်က ပန်းချီဆရာလေးတွေကို အလှည့်ပေးတဲ့အနေနဲ့ ပြသပေးတာဖြစ်ပါတယ်”ဟု ဒေါ်မိမိဟိန်းက ပြောပြသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၄×၃) ပေ၊ (၄×၂) ပေ၊ (၃×၂) ပေ၊ (၃၀×၄၀) လက်မ၊ (၁၈×၂၄) လက်မစသည့် အရွယ်အစားအစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် နှစ်သိန်းမှ ငွေကျပ် ခုနစ်သိန်းထိရှိကြောင်း သိရသည်။ASH

# No Hard Feeling ဇာတ်ကား၌ မင်းသား အီဘွန်မော့ဘက်ရက် ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၄**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ No Hard Feeling အမည်ရှိ ဟာသဇာတ်ကား၌ မင်းသား အီဘွန်မော့ဘက်ရက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား အီဘွန်မော့ဘက်ရက်သည် မင်းသမီး ဂျင်နီဖာလောရင့်နှင့်အတူ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

သို့ရာတွင် No Hard Feel-ing ဇာတ်ကား၌ မင်းသား အီဘွန်မော့ဘက်ရက် ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် လူချမ်းသာဇနီးမောင်နှံ၏ရှက်တတ်သည့်သားတစ်ဦးကို လူမှုဆက်ဆံရေးလုပ်ငန်းများ၌ ပါဝင်လာစေရန် တာဝန်ယူပေးထားရသော မိန်းကလေးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

No Hard Feeling ဇာတ်ကားကို ဒါရိုက်တာ ဂျီနီစတတ်နစ္စကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ၂၀၂၃ ခုနှစ် ဇွန် ၁၆ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။ KKO



# သီတင်းကျွတ်ပွဲတော်အတွက် အလှဆင်မီးပုံးများနှင့် လက်တွန်းမီးပုံးများကို ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့သို့ တင်ပို့နေရ

**ရန်ကုန် အောက်တိုဘာ ၄**

သီတင်းကျွတ်ပွဲတော်အတွက် အလှဆင်မီးပုံးများနှင့် လက်တွန်းမီးပုံးများကို ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့သို့ တင်ပို့ပေးနေရကြောင်း ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်ရှိ မီးပုံးလုပ်ငန်းပိုင်ရှင် ဦးခင်မောင်ကြည်က ပြောပြ၍ သိရသည်။

အလှဆင်မီးပုံးများနှင့် လက်တွန်းမီးပုံးများကို ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်ရှိ လက်မှုပညာရှင်များက အများဆုံးပြုလုပ်လေ့ရှိပြီး ရန်ကုန်တိုင်းဒေသကြီးသာမက ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့သို့ ပို့ဆောင်ပေးရကြောင်း သိရသည်။

“ကျွန်တော်တို့ ရပ်ကွက်ကို ပန်းတဉ်းတန်းလို့လဲ ခေါ်ကြတယ်။ ဒီရပ်ကွက်မှာက မြန်မာမှုလုပ်ငန်းလုပ်ကိုင်တဲ့သူတွေ တော်တော်များတယ်။ ဘုရားထီးတော်တွေ၊ ဘုရားကြေးဆင်းတု၊ ကျောက်သားဆင်းတု၊ ရွှေထီး စတဲ့ နိဗ္ဗာန်ကုန်တွေ လုပ်ကြပါတယ်။ အခုနှစ် သီတင်းကျွတ်လမှာ မီးပုံးတွေ အော်ဒါများပါတယ်။ အဓိကပို့တာကတော့ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးပါ။ အလှဆင်မီးပုံးဆိုရင် နယ်တစ်နယ်ကို အလုံး ၂၀၀ လောက် ပို့ရပါတယ်။ လက်တွန်းမီးပုံးကတော့ တစ်နယ်ကို အလုံး ၅၀ လောက် ပို့ရပါတယ်”ဟု ဦးခင်မောင်ကြည်က ပြောပြသည်။

အလှဆင်မီးပုံးများနှင့် လက်တွန်းမီးပုံးများမှာ ဒီဇိုင်းနှင့်အရွယ်အစားပေါ်မူတည်၍ တစ်လုံးလျှင် ငွေကျပ် ၁၂၀၀ မှ ငွေကျပ် ၁၀၀၀၀ ကျော်ထိ ရှိကြောင်း၊ ယခုနှစ်တွင် အလှဆင်မီးပုံးအနေဖြင့် မျက်ကွင်း၊ ရှစ်ထောင့်၊ ငါးမြှောင့်၊ ဇာဒ်ရွက်၊ ခြင်းလုံး၊ ကြယ်၊ ဂျပန်၊ တရုတ်၊ ကြာရွက်၊ စသည့် အလှဆင်မီးပုံးအမျိုးအစား ၁၅ မျိုးခန့်ကို ပြုလုပ်ပေးရပြီး လက်တွန်းမီးပုံးများမှာလည်း ယုန်၊ ဂျိုကာ၊ ကြက်ဖ၊ သင်္ဘော၊ ကား၊ လေယာဉ်ပျံစသည့် အမျိုးအစား ၁၅ မျိုးခန့်ရှိကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing pays homage to Shwesandaw Pagoda of four sacred relics, monumental pagoda in Pyay


Senior General Min Aung Hlaing and Daw Kyu Kyu Hla pay homage to Buddha Image.

**Nay Pyi Taw October 4**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Daw Kyu Kyu Hla, the wife of the Senior General, entourages and their wives, the chief minister of Bago Region, the commander of the Southern Command and officials, paid homage to the Shwesandaw Pagoda of four sacred relics, a monumental pagoda in Pyay, this evening.

First, the Senior General and party were welcomed by members of the pagoda board of trustees led by U Soe Win. Then, the Senior General and party paid homage to the Buddha Image made of strips of bamboo and offered flowers, water and lights. Then, the Senior General and party viewed the museum of the pagoda and gave instructions on systematic conservation of historical records and maintenance of the museum building.

Afterwards, the Senior General and party viewed round the pagoda clockwise and gave instructions to officials on conservation of ancient architectural artefacts in their original styles in the maintenance of the pagoda before tolling the Royal Bell of the pagoda five times. Then, the Senior General signed the guest book of the pagoda and made a multi-purpose cash donation for the pagoda, which was accepted by members of the pagoda board of trustees. 100


Senior General Min Aung Hlaing and Daw Kyu Kyu Hla accept a certificate of honour.


Senior General Min Aung Hlaing visits the museum of Shwehsandaw Pagoda.

# Marine product export to Bangladesh earns US$1.236 million in September 2022

**Sittway October 4**

Marine products were exported to Bangladesh in September 2022 of the 2022-23 fiscal year to earn US$1.236 million, said U Aung Aung, General Secretary of Rakhine State Chambers of Commerce and Industry.

During the period from 1 to 24 September, 986 tons of marine products secured US$1.236 million. The export goods flowed out from Sittway border trade camp of Rakhine State to Teknaf of Bangladesh.

He continued, "Marine products were exported from Sittway to Bangladesh. At present, Maungtaw border trade camp suspended export of marine products to Bangladesh due to bad weather."

Myanmar sends areca nut, wool, coconut oil, fish and dried fish, plum jam, ginger, onion, gram, dried plum, tamarind seeds, slipper, cotton sarong, solid of Thanakha, coffee mix, sunflower seeds and instant noodle. ASH

# Myanmar, China to renovate Thabbyinnyu Stupa in Bagan ancient cultural region

**Bagan October 4**

Myanmar-China cooperation will focus on major renovation of Thabbyinnyu stupa in Bagan ancient cultural region without harming underground heritages, said Director U Aung Aung Kyaw of Archaeology and National Museum (Admin).

The earthquake which jolted on 24 August 2016 caused damage to 389 stupas and temples in Bagan. At that time, the upper structure of Thabbyinnyu Stupa was also damaged. Hence, Myanmar cooperates with China in renovation of the stupa.

"In 2016, there were many numbers of religious edifices damaged by the earthquake. Among them, we are maintaining the famous stupas and temples. It is expected to take some 10 years for renovation of the stupa. Both experts will carry out renovation tasks without harming underground heritages," said U Aung Aung Kyaw.

Both sides signed the memorandum of understanding on 22 September 2018. A plan was set to carry out renovation till September 2022 but outbreak of Covid-19 delayed the process and triggered to start the renovation in January 2022.

The cultural heritage protection committee was set up not only for the stupa but to Bagan region. ASH

# Myanmar earns more than US$7.8 billion in export to neighbouring countries within five and half a months

**Nay Pyi Taw October 4**

The Trade Policy Branch of Trade Department stated that Myanmar has got US$7.8 billion in export of goods to neighbouring countries within five and half a months period through border trade camps.

"Export value of 2022-23 fiscal year has got US$7.8 billion, exceeding $1.2 billion than that of last year from 1 April to 16 September 2022," said Daw Cho Thet Mu, deputy director of Trade Policy Branch.

"During the period, Myanmar spent $7.7 million on import goods. As such, borer trade camps along border lines with the total trade volume worth US$15.5 billion, she added.

Myanmar opens its border trade camps sharing border with China, Thailand, India, Bangladesh and India, exporting agricultural produce, marine products and forest products and importing consumer goods, investment and raw materials. ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets MSME entrepreneurs of Pyay District



Senior General Min Aung Hlaing meets MSME entrepreneurs in Pyay.

**Nay Pyi Taw October 4**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met MSME entrepreneurs in Pyay District, Bagon Region, at Thirikhittaya Yadanabon Town Hall in Pyay this morning and held discussions on economic development.

Also present at the meeting together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Union ministers U Win Shein, U Aung Naing Oo, U Tin Htut Oo, U Hla Moe, Dr Charlie Than and Dr Kan Zaw, Bago Region Chief Minister U Myo Swe Win, Chief of General Staff (Army, Navy and Air) General Maung Maung Aye, senior military officers from Office of Commander-in-Chief, the Southern Command commander, officials, members of region government and MSME entrepreneurs in the district.

**Individual discussions on economic progress**

First, the region chief minister reported on MSMEs in Bago Region, production businesses and services, loan provisions for MSMEs, sector-wise trainings, efforts to produce value-added goods through the use of modern machinery, market promotion programs.

Vice chairman of Pyay District Input Entrepreneurs Association U Min Min Tun, Chairman of District Rice Millers U Zaw Htet Paing and MSME members U Lin Aung Dway, Dr Nay Lin Aung, U Ye Lin Oo and other attendees reported on distribution of agro inputs, the need to supply chemical fertilizers that is the main agro input at reasonable prices, distribution of rice at fair prices, the importance of soft agriculture loans, difficulties the area, which has the ancient cultural zone, faced in tourism business during the period Covid-19 infection was high, resurgence of tourism business when the infection rate fell, State's assistance and relaxations for tourism development, erection of visible direction signboards in both Myanmar and English in significant places, extension of loan repayment period for MSME that faces hardships due to Covid-19, provision of capital for investments, edible oil industry and breeding business based on byproducts, modern equipment and technology for improving the oil quality, appreciation of the States encouragement for edible oil industry development, further assistance for industries, availability of fuel at fair prices, State's supply of raw materials and related equipment for steel mills at reasonable prices, technology for producing quality steel, and raw materials for blacksmith industry that is facing difficulties.



Senior General Min Aung Hlaing asks for more information about MSME products.

**Response for individual discussions**

In response to individual discussions, the Senior General said the government supports tourism. Pyay has an ancient cultural zone and many famous pagodas. Rail transport has been upgraded. The goal is to run electric trains in the future to support tourism. Collective efforts are required for the cleanness and pleasantness of the area. A pleasant environment must be created and facilities must be developed systematically to create accommodations and relaxation centres for global tourists. Local people must attract domestic and foreign tourists with more delicious and healthy dishes. Region-wise Russia-Myanmar friendship associations must be formed for tourists from Russia to visit Myanmar. The related ministries must systematically upgrade the direction signboards. Loan payment period will be extended and more financial assistance will be provided.

With regard to cultivation of crops, it is necessary to choose quality strains, prepare the soils in a systematic manner, take adequate volume of natural and chemical fertilizers, and collect the water for successful thriving and apply correct agricultural techniques. As now is implementing the market economy, encouragement is being given to private businesses. The government provides assistance to the farmers of agricultural farms, and those growers need to cultivate the crops systematically. They have to make efforts for gaining the quality seeds of crops and acquire modern machinery to be able to meeting the cent per cent qualification. Production of quality cooking oil needs modern machinery. So, the State provides assistance to oil dealers.

Fuel is imported and the government is trying to sell fuel to the people at fair prices. In the future, some prospects are seen to buy fuel at fair prices. Fuel is used at agriculture and industries. The government is striving for electrifying the industries. So, the deposits of natural gas have been found and it will be explored in coming three years. Action plans are being implemented for public transport system. Businesspersons have been allowed to extract mineral deposits to produce iron. Relevant ministries need to share techniques with businesspersons to produce quality iron. It is necessary to seek ways and means for taking raw materials to produce sculptures.

**Response of Union ministers to relevant sectors**

With regard to individual reports, Union ministers U Win Shein, Dr Kan Zaw, U Tin Htut Oo, Dr Hla Moe, Dr Charlie Than and U Aung Naing Oo explained progress of implementing the projects, State's plans to ease some restrictions related to Covid-19 loans,

See Page 14



Senior General Min Aung Hlaing inspects an MSME product at the exhibition.

# Upgrading of Hpa–Mal Botanical Gardens in Hpa-an of Kayin State complete upgrading works



Hpa–Mal Botanical Gardens in Hpa-an of Kayin State.

**Hpa-an October 4**

Upgrading of Hpa – Mal Botanical Gardens—has been completed in Kayin State, according to U Nyi Nyi Min, assistant director U Nyi Nyi Min, assistant director of Kayin State government office.

The gardens is located on 17 acres of land, attracting local and foreign tourists. In July 2022, Kayin State Development Committee spent K816.51 million on construction of the gardens.

"It was under construction as of July last year. But there remain expansion of roads, recreation sites, and toilets. Such tasks were completed in September 2022," he added.

The gardens was inaugurated on 27 November 2021. Then, the 16 feet wide road was expanded to 24 feet wide. Traditional restaurant was constructed and roads were installed with physical health devices, together with building the park, construction of domestic product shop and toilets.

The gardens is filled with 78 kinds of 1,557 plants. It was built to attract tourists focusing on ecotourism services. ASH

# Myanmar to send over 900 tons of Emahta rice valued at US$400 per ton

**Nay Pyi Taw October 4**

Myanmar plans to export more than 900 tons of Emahta rice to be traded at US$400 per ton to Bangladesh, said U Nyein Chan Aung, central executive member of Myanmar Rice Millers Association.

More than 950 tons of Emahta rice, one ton of which is traded at some US$395, will be sent to Teknaf of Bangladesh from Shwemingan port of Sittway Township in Rakhine State.

"Bangladesh offered Myanmar to purchase Emahta rice with 5% content of broken rice in September. So, we will send 950 tons of rice to Bangladesh through border trade," said U Nyein Chan Aung.

In September of 2022-23 fiscal year, Myanmar earned US$1.236 million from export of marine products through border land from Sittway of Rakhine to Teknaf of Bangladesh.

Currently, Myanmar exported arena nut, dried coconut, tamarind seeds, tamarind flesh, ginger, plum flesh, turmeric, dried chilli, onion, dried plum and others to Bangladesh in 2022-23 fiscal year. ASH

*From Page 13*

efforts to deliver capitals but the State has disbursed a large sum of the State with the aim of developing the State economou, borrowers to pay back the debt to the State, needs of businesspersons for ensuring proper development of economy in order to be good monetary circulation of the State, following the prescribed economic policies for development of economy, opening of offices in relevant areas so as to enable the State and the people to have easy access to local and foreign investments, undertaking of contract farming system for avoiding hike prices of goods and distribution of quality inputs, import of inputs for cultivation at fair prices and production of biofertilizers at home, production of quality strains based on research works to distribute them to businesspersons, invitation to emergence of private seed production, increased income for rural people, assistance for cooperative societies for rural development, supply of necessary inputs to them, technical requirement for development of casting iron and metals, plan to supply technical and raw materials requirements, contact the relevant ministries, and all out efforts for development of rice sector and boosting production of edible oil, needs of Bago Region to try hard to successful undertakings of agricultural tasks based on many opportunities.

**Discharging of State responsibility and overcoming various difficulties in cooperation with the people**

In his speech, the Senior General said he arrived in Pyay for the first time after taking State responsibilities by the State Administration Council to fulfill the needs of MSME industries. MSME is playing a crucial role in economic development of the State as well as a primary business driver for developing countries. Other developed and developing countries are undertaking MSME industries for many per cent. Although MSME industries have been encouraged in the past, outbreak of Covid-19 and political situations hampered the difficulties for development tasks.

We had to assume State duties following electoral fraud in the 2010 election. I had warned even before that election. The then government leaders were urged to postpone the election to protect public health as it was the Covid-19 period, but they didn't. Insincere acts of the government to get the upper hand over the election before, during and after the election periods resulted in chaotic protests, political conflicts and armed insurgencies. The SAC government is controlling the country in accord with the 2008 constitution. Protests and violence were handled in accord with the law. Meetings were held with the government officials concerned to solve the election problems. But they failed and attempted to grab State power by calling a parliament. Therefore, we had to take over State duties unavoidably. The SAC was formed with military and civilian members in a balanced manner. Consequential political problems resulted from vote rigging, and economic difficulties surfaced due to the Covid-19 crisis. But they were overcome thanks to the cooperative efforts of the government, the people and the Tatmadaw. Today's situation has come due to the electoral fraud. So, preparations must be made to ensure a free, fair and systematic election in future.

**Political and economic affairs**

Politics and economy are interrelated. Without sound economy, the country will lack political stability. Declining economy can also cause political problems. As we exercise market economy, entrepreneurs must rely on themselves while the government will deal with the policy sector. MSMEs must be encouraged for economic progress. MSMEs must try to progress in Pyay District. Our country has enough paddy, rice and crops. Efforts must be made for national economy growth based on them. There are some businesspeople who evade tax or pay less. The State income depends on revenues collected form the people and trade activities. Foreign exchange is earned from non-trade activities and it has to be used for national development after drawing budgets.

**The need for productivity based on agriculture and livestock and qualified human resources**

Raw materials, inputs, capital and human resources are required for manufacturing. Productivity is essential for running businesses. As such, raw materials are essential as well. Our country can has a lot of raw materials from agriculture, livestock and underground and aboveground resources. For agriculture and livestock breeding, fertilizers, animal food, fuel, electricity and other inputs.

Waste from the livestock industry could be used as bio-fertilizer for fertilizers necessary for agricultural businesses and natural fertilizer could be acquired through planting hemp. Products based on diary items could be manufactured through farming dairy cows systematically. In commodity production based on local items, many products could be manufactured based on livestock farming. The economy will be boosted through not only selling the livestock products regionally but exporting them.

In producing edible oil, quality edible oil could be manufactured with the use of modern equipment and technology and its waste could be used as animal feed. As the capital is needed for manufacturing businesses, it is necessary to establish the businesses upon the volume of capital on a manageable basis. The Government will disburse capital loans as much as it can. As the nation's economy is on a path of recovery, it is necessary to carry out tasks to boost the commodity production industry. The State will help disburse loans if there are difficulties in running businesses.

In carrying out commodity production businesses, efficiency and effectiveness in human resources are necessary. According to the census, Bago Region has people who are weak in basic education. Those people could be taught basic skills only. During the period that we are taking the responsibilities, a plan is being implemented to be able to teach livestock farming and technical subjects at basic education high schools and it is aimed to teach such subjects at a school in each district. Only if institutes of agriculture and livestock farming could be opened, will there be efficient and effective human resources for livestock and technical industries. Businesspeople running commodity production enterprises are to conduct on-job training courses as much as they can.

**Individual improvement of socio-economic life will help boost regional and national economy**

It is necessary to be able to manufacture value-added products. For availability of markets, it is necessary to hold trade shows and advertise products for awareness of consumers as well. It is necessary to have firm fundamentals in running commodity production enterprises. For availability of markets, it is necessary to sell products in large quantities with a small profit. If the product is the same, the quality is necessary to be better. Operating services are to ensure smoothness in operating enterprises. It is necessary to ensure that commodity production industries will be of more benefit. It is to make efforts to achieve successes in agriculture and livestock farming through using land and water that are the good basis. Tasks of pumping water from the Ayeyawady River could be carried out with the use of solar power. Sequential cropping is helpful to earning more income.

If you work truly, there will be practical benefits and that will be helpful to regional and national economic development. It is necessary to ensure that commodity production enterprises will be successful through using raw materials obtained from agricultural and livestock farming businesses in Pyay District. Doing so will be of help to development of businesses in the region and then to economic development of the nation as well.

Afterwards, the Senior General cordially greeted entrepreneurs of micro, small and medium scale enterprises in Pyay District.

Later, the Senior General viewed exhibits of products including foodstuff, personal goods, industrial items, Myanmar traditional handicraft items, clothes, and traditional medicines and had queries on availability of markets for the products. Officials briefed on sector-wise enterprises. 100

# ကျောင်းကုန်းမြို့နယ်တွင် ဆီထွက်သီးနှံနေကြာ ၈၁၈၅ ဧက စိုက်ပျိုးမည်



**ကျောင်းကုန်း အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၈၁၈၅ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျောင်းကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာကို ၆၁၃၉ ဧကနှင့် သီးညှပ်စိုက်ပျိုးမှု ၂၀၄၆ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဆီထွက်သီးနှံ နေကြာစုစုပေါင်း ၈၁၈၅ ဧက စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများကို နေကြာမျိုးစေ့များ စက်တင်ဘာနောက်ဆုံးပတ်က ပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံနေကြာ ၈၁၈၅ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆီထွက် သီးနှံနေကြာကို မကြာမီ စတင်စိုက်ပျိုးတော့မှာဖြစ်ပါတယ်။ နေကြာစိုက်ပျိုးမဲ့ တောင်သူတွေ၊ စိုက်ပျိုးရေးလုပ်ငန်းနဲ့ ဆက်စပ်တဲ့ အခြားဌာနတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ရှိသူတွေ တွေ့ဆုံဆွေးနွေးထားပါပြီ။ လိုအပ်တဲ့ နေကြာမျိုးစေ့တွေကိုလဲ ပေးအပ်ထားပါပြီ။ ဆီထွက်သီးနှံနေကြာ အောင်မြင်စေရေး၊ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှား အန္တရာယ် ကင်းရှင်းစေရေးတို့ကို စနစ်တကျဆောင်ရွက်စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ကျောင်းကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယမြို့နယ် ဦးစီးမှူး ဒေါ်အမာရီက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဆီထွက်သီးနှံနေကြာများ အထွက်နှုန်းကောင်းစေရန်၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြု နည်းစနစ်များ၊ ရေအသုံးချမှုများ၊ နေကြာမျိုးကောင်းမျိုးသန့်အသုံးချမှုများ၊ စိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေးအဖွဲ့ ရှစ်ဖွဲ့ဖြင့် ကွင်းဆင်းကြီးကြပ်ပြီး စနစ်တကျဆောင်ရွက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကွမ်းလုံမြို့နယ် မြောင်ယောက်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းပြီးစီးမှုစစ်ဆေး

**ကွမ်းလုံ အောက်တိုဘာ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ်တွင် ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဆောင်ရွက်သော ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့်ဆောင်ရွက်သည့် မြောင်ယောက်ကျေးရွာ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်က လမ်းရေရှည်အသုံးပြုနိုင်စေရေး အတွက် စနစ်တကျထိန်းသိမ်း၍ ကျေးရွာအတွက် အကျိုးရှိစွာအသုံးပြုသွားရန် ကျေးရွာကော်မတီဝင်များကို မှာကြားပြီး ကျေးရွာကော်မတီဝင်များ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။



ကွမ်းလုံမြို့နယ် မြောင်ယောက်ကျေးရွာတွင် ဆောင်ရွက်ပြီးစီးသော အရှည် ၅၆၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ဩဂုတ် ၁၂ ရက်က လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဒေသခံများအနေဖြင့် အဆင်ပြေစွာအသုံးပြုနိုင်ပြီဖြစ်ကြောင်း ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်က ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ဆိပ်ဖြူမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ဆိပ်ဖြူ အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်မည့် ချင်တောင်ကျေးရွာနှင့် မြင်ကဝကျေးရွာများမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က အမှာစကားပြောကြားပြီး မြင်ကဝကျေးရွာနှင့် ချင်တောင်ကျေးရွာ၌ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်စေရန်၊ ချေးငွေများ ထုတ်ချေးပေးနိုင်ရေး အတွက် စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြင်ကဝကျေးရွာနှင့် ချင်တောင်ကျေးရွာတို့၏ မြစိမ်းရောင်စီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံသို့ တစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၂၀၀ စီ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါစီမံကိန်းရန်ပုံငွေများကို နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးမည့်တောင်သူ ၁၅၂ ဦးအား ငွေကျပ် ၁၀၀ လျှင် အတိုးနှုန်း ပြား ၅၀ နှုန်းဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါအခမ်းအနားသို့ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် ဝန်ထမ်းများ၊ ဆိပ်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းနိုင်၊ ဆိပ်ဖြူမြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့စိုး၊ မြင်ကဝကျေးရွာနှင့် ချင်တောင်ကျေးရွာတို့မှ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင် ၁၄ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နွဲ့ယဉ်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၄-၁၀-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၆၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၈၀၀၀ |
| **(ဓနထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧမ္ဘာဒီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၄၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

**ရောဝတီမြစ်မှ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံးပြီး ဆောင်ရွက်၍ရ၊ သီးထပ်သီးနှံများစိုက်ပျိုးခြင်းဖြင့် ဝင်ငွေများပိုမိုရရှိမည်ဖြစ်၊ အမှန်တကယ်အလုပ်လုပ်ပါက လက်တွေ့အကျိုးဖြစ်ထွန်းလာပြီး တစ်ဦးချင်း၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုမှ ဒေသနှင့်တိုင်းပြည်သည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်. . .**

**စာမျက်နှာ ၁၇ မှအဆက်**

စီးပွားရေးပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

**စားသုံးဆီများ ထုတ်လုပ်ရာတွင်လည်း ဆီထုတ်လုပ်မှုများကို စေတ်မီစက်ကိရိယာများနှင့် နည်းပညာများကိုအသုံးပြု၍ အရည်အသွေးပြည့်မီသည့်ဆီများထုတ်လုပ်ပြီး ဖွန့်ပစ်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစာအဖြစ်အသုံးပြုနိုင်**ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အရင်းအနှီးလိုအပ်သည့်အတွက် မိမိတို့တတ်နိုင်သည့်ပမာဏပေါ်တွင်သာ အခြေတည်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တတ်နိုင်သမျှရင်းနှီးမတည်ငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏စီးပွားရေးမှာ ပြန်လည်ဦးမော့လာပြီဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဖြစ်ပေါ်ပါက ချေးငွေများထုတ်ချေးနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

**ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် အရည်အချင်းရှိသည့် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်**ကြောင်း၊ **သန်းခေါင်စာရင်းအရ ပဲခူးတိုင်းဒေသကြီးအတွင်း အခြေခံပညာအားနည်းသူများရှိ**ကြောင်း၊ **အဆိုပါ ပညာရေးအားနည်းသူများကို အခြေခံလုပ်ငန်းများသာ သင်ကြားပေးနိုင်**ကြောင်း၊ **မိမိတာဝန်ယူချိန်ကာလအတွင်း အခြေခံပညာကျောင်းများတွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာပညာရပ်များ သင်ကြားနိုင်ရန်အတွက် ခရိုင်တစ်ခုတွင် တစ်ကျောင်းဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိ**ကြောင်း၊ **စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်မှသာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်**ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းခွင်သင်တန်းများကို တတ်နိုင်သမျှ ဖွင့်လှစ်ဆောင်ရွက်ပေးကြစေလိုကြောင်း။

**တစ်ဦးချင်း၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုမှ ဒေသနှင့် တိုင်းပြည်သည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်**

ထုတ်ကုန်များထုတ်လုပ်ရာတွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဈေးကွက်ရရှိရေးအတွက် ကုန်ပစ္စည်းပြပွဲများကျင်းပရန်လိုသကဲ့သို့ သုံးစွဲသူများသိရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံမှစ၍ ခိုင်မာအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ဈေးကွက်ရရှိရေးအတွက် အရေအတွက်များများကို အမြတ်နည်းနည်းဖြင့် ရောင်းချနိုင်ရန်လိုကြောင်း၊ ပစ္စည်းချင်းတူပါကလည်း အရည်အသွေးပိုမိုကောင်းမွန်ရန်လိုကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် လုပ်ငန်းများအဆင်ပြေအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အခြေခံကောင်းများဖြစ်သည့် မြေနှင့် ရေကို အကျိုးရှိစွာအသုံးချ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ **ရောဝတီမြစ်မှ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံးပြီး ဆောင်ရွက်၍ရ**ကြောင်း၊ **သီးထပ်သီးနှံများစိုက်ပျိုးခြင်းဖြင့် ဝင်ငွေများပိုမိုရရှိမည်ဖြစ်**ကြောင်း၊ **အမှန်တကယ်အလုပ်လုပ်ပါက လက်တွေ့အကျိုးဖြစ်ထွန်းလာပြီး တစ်ဦးချင်း၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုမှ ဒေသနှင့် တိုင်းပြည်သည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**ကြောင်း၊ ပြည်ခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ရရှိသည့်ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံ၏စီးပွားရေးသည်လည်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ မြန်မာ့ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့်လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကိုမေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များကလိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၁၀-၂၀၂၂ ရက်ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၁၆ (ငါးကော်လံစာကြောင်းရေ ၄၁)နှင့် စာမျက်နှာ ၁၇ (ကောက်စာ)တို့တွင် ဖော်ပြပါရှိသည့် "ပြည်တွင်းထွက်ကုန်များကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်၊ စားရေးနှင့်ဝတ်ရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်" သတင်း၌ "စားသုံးဆီကို ပြည်ပမှတင်သွင်းနေရသူ(Importer) အဖြစ်မှ ပြည်တွင်း၌ ပိုလျှံသည်အထိထုတ်လုပ်၍ ပြည်ပသို့ ပြန်လည်တင်သွင်းသူ (Exporter) အဖြစ်ထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း" သတင်းစာသားတွင် **ပြည်ပသို့ ပြန်လည်တင်သွင်းသူ(Exporter)** အစား **ပြည်ပသို့ပြန်လည်တင်ပို့သူ (Exporter)**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို တောင်သူများနှင့်တွေ့ဆုံပြီး ရွှေလုံပိုလ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို သွားရောက်ကြည့်ရှု






**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၃ရက် နံနက်ပိုင်းက စဉ့်ကိုင်မြို့နယ် ကန်တွင်းကျေးရွာရှိ အထွက်ကောင်းစပါးမျိုးများ စိုက်ပျိုးထုတ်လုပ်သည့် စိုက်ကွင်းနှင့် ဝါစိုက်ခင်းများသို့သွားရောက်ကာ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး စိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကန်တွင်းကျေးရွာရှိ ရွာဦးကျောင်းသို့ရောက်ရှိကာ ဆရာတော်အားဖူးမြော်၍ နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါကျောင်းရှိ ဓမ္မာရုံတွင် တောင်သူများနှင့်တွေ့ဆုံပြီး ကျေးရွာများရှိ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်၊ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် စိုက်ပျိုးရေးဆောင်ရွက်နေမှုများကို မြေပြင်ကွင်းဆင်းကြည့်ရှုပြီး စိုက်ပျိုးတောင်သူများ၏ လိုအပ်သည်များကို ကူညီပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးကဏ္ဍနှင့် တောင်သူများကို ဦးစားပေးပံ့ပိုးကူညီပေးရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးသီးနှံများကို အထွက်နှုန်းကောင်းမွန်ရန်အတွက် မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ သွင်းအားစုများ လုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လိုအပ်ကြောင်း၊ ဒေသတွင်းဝမ်းစာဖူလုံရေးအတွက် စပါးသီးနှံတစ်ဧကလျှင် သတ်မှတ်အထွက်နှုန်းထွက်ရှိရေး စံပြကွက်များဖြင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရကလည်း စိုက်ပျိုးစရိတ်များ၊ သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရန် အားလုံးစည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တောင်သူများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးချက်အပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေလုံပိုလ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းနိုင်ဦးက ဒုဋ္ဌဝတီမြစ်ပေါ်ရှိ မြစ်ရေတင်လုပ်ငန်း စဉ့်ကိုင်မြို့နယ်တွင် ကိုးခု၊ အမရပူရမြို့နယ်တွင် လေးခု တည်ဆောက်ထားပြီး စိုက်ပျိုးမြေဧက ၁၂၄၀၀ တို့ကို စိုက်ပျိုးရေပေးဝေနေမှု၊ စီမံကိန်းဧရိယာအတွင်းရှိ စိုက်ပျိုးမြေဧက ၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနေမှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲနေမှုနှင့် စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးမြေများကိုရေပေးဝေရာတွင် အလေအလွင့်မရှိစေရေး၊ မြစ်ရေတင်ရာတွင် လျှပ်စစ်မီးကို ဆိုလာလျှပ်စစ်နှင့်တွဲသုံးနိုင်ပါက လျှပ်စစ်ဓာတ်အားခကုန်ကျမှုသက်သာကာ များစွာအကျိုးရှိမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သမိုင်းဝင်ရွှေစာရံဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်းများဆက်ကပ်ကာ ဂေါပကအဖွဲ့ထံ အလှူငွေများ လှူဒါန်းပြီး ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်နိုင်ရေး၊ သန့်ရှင်းသပ်ရပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကို အလေးထားဆောင်ရွက်ရန်နှင့် ရွှေစာရံဘုရားပွဲတော်ကို အစဉ်အလာမပျက်ကျင်းပရေးတို့ကို ဆွေးနွေးမှာကြားပြီး တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်**

**ချစ်ခင်လေးစားအပ်ပါသော ဆရာ၊ ဆရာမများခင်ဗျား**

ယနေ့ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမအားလုံးနှင့် ပြည်သူပြည်သားများအားလုံး ကိုယ်ရောစိတ်ပါ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

ယနေ့ ကမ္ဘာ့ဆရာများနေ့သည် အသိပညာ၊ အတတ်ပညာနှင့် စောင့်ထိန်းအပ်သော အကျင့်သီလသိက္ခာနှင့် ကိုယ်ကျင့်တရားတို့ကို ကောင်းမွန်အောင် သင်ကြားပြုပြင်ပေးကြသော ဆရာ၊ ဆရာမများ၏ ဂုဏ်သိက္ခာနှင့် ဂုဏ်ကျေးဇူးကို အောက်မေ့သတိရဖော်ထုတ်ဂုဏ်ပြုသည့်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ ဆရာတို့၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြု ရိုကျိုးပူဇော်ခဲ့ကြသည်မှာ ရှေးပဝေသဏီဘိုးဘေးစဉ်ဆက်ကတည်းက ယခုအချိန်ထိတိုင်ဖြစ်ပါသည်။ ကမ္ဘာ့ဆရာများနေ့တွင် ဆရာအပေါင်းတို့ကို **"ဂါရဝေါ၊ နိဝါတောစ၊ ကတညုတာ၊ ကတဝေဒီ"** ဟူသည့် မင်္ဂလာတရားတော်နှင့်အညီ ရိုသေထိုက်သူကိုရိုသေခြင်း၊ မိမိကိုယ်ကိုနှိမ့်ချခြင်း၊ သူ့ကျေးဇူးကိုသိတတ်ခြင်း၊ ကျေးဇူးသိမှတ်တုံ့ဆပ်ခြင်းဖြင့် မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို ချီးကျူးဂုဏ်ပြုထုတ်ဖော်ခြင်းပြုအပ်ပါသည်။

မြန်မာတို့လက်အုပ်ချီမိုးရှိခိုးသော အနန္တဂုဏ်ရှင်ငါးပါးတွင် အာစရိယဂိုဏ်းဝင် ဆရာများသည်လည်း တစ်ပါးအပါအဝင်ဖြစ်ပေရာ **"အာစရိယ ဂုဏော အနန္တော"** ဟု ဦးထိပ်ထားလျက် နေ့စဉ်ရှိခိုးထိုက်သော၊ ဆရာ့ကျေးဇူးကို နေ့စဉ်ဆင်ခြင်အောက်မေ့ထိုက်သော ပုဂ္ဂိုလ်များပင်ဖြစ်ပါသည်။ စာသင်ကျောင်းများ၊ တက္ကသိုလ်များ အပါအဝင် နိုင်ငံတစ်ဝန်း၌ အာစရိယပူဇော်ပွဲများကို အခါအားလျော်စွာ ကျင်းပပူဇော်ကျေးဇူးဆပ်လျက်လည်းရှိပါသည်။

ကမ္ဘာ့ဆရာများနေ့ပေါ်ပေါက်လာရခြင်းမှာ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့-ယူနက်စကိုနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့တို့၏ ၁၉၆၆ ခုနှစ်တွင် ဆရာ၊ ဆရာမများ၏ အဆင့်အတန်းအပေါ် အကြံပြုချက်များအရ ကမ္ဘာ့ဆရာများနေ့ကို ၁၉၉၄ ခုနှစ်က စတင်၍ ကျင်းပလာခဲ့ခြင်းဖြစ်ပါသည်။ နှစ်စဉ် အောက်တိုဘာလ ၅ ရက်ကို **"ကမ္ဘာ့ဆရာများနေ့"** ဟူ၍ သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၀၂ ခုနှစ်မှစတင်ကာ နှစ်စဉ် ပညာရေးဝန်ကြီးဌာနက တာဝန်ယူ၍ နိုင်ငံတော်အဆင့်ကျင်းပခဲ့ပါသည်။

၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ဆောင်ပုဒ်ဖြစ်သော **"ပညာရေးပြုပြင်ပြောင်းလဲမှု-ဆရာများကအစပြု"** **"The Transformation of Education Begins with Teachers"** သည် ဆရာများအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုတွင် အရေးပါပုံကို မီးမောင်းထိုးပြကာ ဆရာများ၏ ပါရမီနှင့်သင်ကြားမှုအတတ်ပညာများကို အပြည့်အဝအသုံးချနိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက် ၎င်းတို့၏အနာဂတ်ဘဝရပ်တည်မှုအတွက် စဉ်းစားပေးရန်လိုအပ်ပုံကို ဖော်ညွှန်းသတိပေးနေပါသည်။

ဆရာများသည် မသိသူကိုသိအောင်၊ မတတ်သူကိုတတ်အောင်၊ မကျွမ်းကျင်သူကို ကျွမ်းကျင်အောင်၊ မလိမ္မာမယဉ်ကျေးသူကို လိမ္မာယဉ်ကျေးအောင်၊ ပညာအလင်းပွင့်အောင်၊ စွမ်းရည်ပြည့်ဝကာ ချမ်းသာရဲရင့်အောင်ပြုနိုင်သည့် မေတ္တာစေတနာအစွမ်းကြီးမားသူများဖြစ်ကြသည်။ တပည့်များကို အတတ်ပညာများသင်ပေးရင်း စိတ်ထားကောင်းပြီး ကိုယ်ကျင့်တရားဖြောင့်မတ်မှန်ကန်လာစေရန်လည်း သွန်သင်ပေးတတ်သဖြင့် စာကိုလည်းသင် စိတ်ကိုပြင်သူဟုလည်းဆိုရပါမည်။ အထူးသဖြင့် လမ်းမှားရောက်နေသော တပည့်များကို လမ်းမှန်ရောက်အောင် ပြုပြင်ထိန်းကျောင်းလမ်းပြပေးသူများဖြစ်၍ **"ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့"** ဟု မန်လည်ဆရာတော်ဘုရားကြီးက မိန့်ဆိုခဲ့ပါသည်။

ထိုသို့တပည့်များအပေါ် အကျိုးလိုလားစိတ်ရှိသဖြင့် တပည့်တို့၏ဘဝကို ပြုစုပျိုးထောင်ဖန်တီးပေးသူများဟုလည်း ဆိုနိုင်ပါသည်။ ဆရာသည် ဘဝခရီးနှင့်ရမည့်လူငယ်တပည့်တို့ အနာဂတ်ဘဝတွင်လိုအပ်သည့် အသိပညာ၊ အတတ်ပညာ၊ အလေ့အကျင့်ကောင်းများ၊ ဆောင်ရန်ရှောင်ရန်များကို သင်ကြားပေးလိုက်သူဖြစ်ပါသည်။

ဆရာများသည် စတင်လေ့လာသင်ယူသူများအဖြစ် ကိုယ်ရောစိတ်ပါအပင်ပန်းခံကာ ကိုယ်တိုင်တတ်ကျွမ်းသည်ထိ ဦးစွာသင်ယူကြရပါသည်။ ဆရာကိုယ်တိုင် မျက်စိကိုဖွင့် နားကိုစွင့်ကာ နေ့စဉ်တိုးတက်ဖြစ်ပေါ်နေသော ပညာရပ်များကို စာကြည့်တိုက်၊ အင်တာနက်နှင့် အိုင်တီနည်းပညာများကိုအသုံးပြုကာ စဉ်ဆက်မပြတ် တက်ကြွစွာသင်ယူလျက် တပည့်များအား ခေတ်ပေါ်ပညာရပ်များကို သင်ကြားပေးနိုင်ရေးအတွက် အစဉ်အမြဲကြိုးပမ်းအားထုတ်ကြရပါသည်။

မိမိနည်းတူ ပညာရပ်မှာ မွေ့လျော်အောင် တပည့်များကို လေ့ကျင့်သင်ကြားပေးကြရပါသည်။ မျက်မှောက်ခေတ်ဆရာများသည် မိမိပညာရပ်အတွက် အထောက်အကူပြုစေသည့် ဘာသာစကားများ တတ်ကျွမ်းအောင် သင်ယူနေကြရပါသည်။ တပည့်များကို ထိရောက်အောင်မြင်စွာ သင်ကြားနိုင်ရေးအတွက် သင်ခန်းစာများ၊ သင်ပြနည်းများ၊ သင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူများကို အစဉ်အမြဲဆန်းသစ်ပြုပြင်နေကြရပါသည်။ သို့မှသာ သာမန်သင်ကြားနေရာမှ နည်းပညာသုံး ပညာသင်ကြားရေးသို့အဆင့်မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

**"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး"** ဆိုရမည့် ကျောင်းသား၊ ကျောင်းသူများကို အနာဂတ်တွင် ပညာစွမ်း၊ သတ္တိစွမ်း၊ စိတ်ဓာတ်စွမ်းတို့ဖြင့် ဘဝခရီးကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးသွားကြရမည်ဖြစ်ပါသည်။

အတတ်ပညာ၊ အသိပညာများဖြင့်သာ မိသားစုဘဝ၊ လူမှုဘဝများကို မြှင့်တင်နိုင်သည်ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်၊ လူ့အဖွဲ့အစည်းတစ်ခုသည်လည်း ပညာဖြင့်သာ မြင့်မားတိုးတက်လာစေမည်ဖြစ်ပါသည်။ ထို့ကြောင့် အရည်အချင်းပြည့်ဝသော ဆရာများက ဦးဆောင်နိုင်မှသာ သာယာလှပသော ကမ္ဘာကြီးကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဆရာများသည် **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ"** ဆိုတဲ့ ဆရာကျင့်ဝတ်များနဲ့အညီ မိမိတို့ရဲ့တပည့်များကို ဘေးရန်အန္တရာယ်အသွယ်သွယ်မှ ကင်းဝေးအောင် နည်းမှန်လမ်းမှန်ညွှန်ပြရန်၊ မျိုးဆက်သစ်လူငယ်များ အနာဂတ်ကမ္ဘာ့စိန်ခေါ်မှုများကို ရဲရဲရင့်ရင့်ရင်ဆိုင်ကျော်ဖြတ်နိုင်ရေးအတွက် သင်ကြားရန်၊ အသိမှန် အလုပ်မှန် အကျင့်မှန်ဖြစ်ရေးအတွက် ဦးဆောင်ကြရန်၊ မြန်မာ့ပညာရေး ကမ္ဘာ့အဆင့်နှင့်အညီ ခေတ်မီတိုးတက်စေရန်နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာတွင် ပညာရေးဖြင့် အထောက်အကူပြုရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ဤကမ္ဘာ့ဆရာများနေ့ နေ့ထူးနေ့မြတ်အချိန်အခါသမယ၌ အလေးအနက်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၄**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၀၇ ဦး၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ဦးရေ ၅၃၆၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၈၂၆ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၃၆၈၉ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့တို့၌ ဒေသခံပြည်သူ ၂၆၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၇၆၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား၊ကျောင်းသူ ၁၈၈၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှတာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ဘုတ်ပြင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။




ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးကို ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

## ချင်းပြည်နယ်ရဲတပ်ဖွဲ့၏ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၄**

ချင်းပြည်နယ်ရဲတပ်ဖွဲ့၏ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ပြုလုပ်ရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွန်းလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိုးလွင်မိုးက မြန်မာနိုင်ငံရဲချုပ်ထံမှ ပေးပို့သော ရဲတပ်ဖွဲ့နေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ လေးဦးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နေအိမ်လိုင်းခန်း သန့်ရှင်းရေးအကောင်းဆုံးဆု ရရှိကြသူများကို ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

၂၀ ရှေ့မှအဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင် ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်ကြီးရှိ နီးဘုရားဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ယင်းနောက် စေတီတော်ကြီးသမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုပြီး သမိုင်းမှတ်တမ်းများကို စနစ်တကျထိန်းသိမ်းရန်နှင့် ပြတိုက်ကိုပြန်လည်မွမ်းမံရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးကို လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး ရွှေဟောင်းလက်ရာများအား ပြုပြင်ထိန်းသိမ်းရာတွင် မူလလက်ရာမပျက် ပြုပြင်ထိန်းသိမ်းသွားရန် မှာကြားပြီး စေတီတော်ကြီးရှိ ခေါင်းလောင်းတော်ကို ငါးချက်ထိုး၍ ပူဇော်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်မြို့ ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဥ‌ည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှထံ ဂေါပကအဖွဲ့ဝင်များက လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးပုံတော်အား ပြန်လည်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ စေတီတော်ကြီးသမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၄**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း တိုင်းစစ်ဌာနချုပ်ရှိ စံပြဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံ၌ ဥစားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ်ရှိ စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ ဥစားကြက်၊ အသားတိုးကြက်၊ နို့စားနွား၊ အသားတိုးနွားနှင့် DYL ဝက်မွေးမြူထားရှိမှု၊ နေရောင်ပြအင်း၌ ငါးနှင့်ဘဲ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက် နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## အောက်တိုဘာ ၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်ဦးရေ ၃၉၀ တွေ့ရှိပြီး ယနေ့ နှစ်ဦးသေဆုံး

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၄၆၈၂ ဦး |
| သေဆုံးသူ | ၁၉၄၆၃ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၅၉၈၉၉၄ ဦး |

**နေပြည်တော် အောက်တိုဘာ ၄**

အောက်တိုဘာ ၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၂၁၉၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်ဦးရေ ၃၉၀ တွေ့ရှိပြီး ယနေ့နှစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ ရတနာအောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်း ဆရာတော်ထံ တာဝန်ရှိသူတစ်ဦးက နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် အောက်တိုဘာ ၄**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်ရည်ရွယ်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာနွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ သိရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၊ ကွတ်ခိုင်မြို့ရှိ ဇေယျသုခတပ်ဦးကျောင်းတိုက်၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ရှိ သစ်စည်းတောင် ပရိယတ္တိသာသနာ့အေးရိပ်သာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာရှိ ရွာဦးအောင်ကျောင်းတိုက်၊ သန်လျင်မြို့နယ် ငပကျေးရွာရှိ လင်းရောင်ခြည်ကျောင်းတိုက်၊ လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာရှိ ကျိုက်ထီးရိုးလေးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ရှိ မစိုးရိမ်ကျောင်းတိုက်၊ ပုသိမ်မြို့ရှိ ကျွန်းခြားကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ ဆုတောင်းပြည့်ဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့ရှိ ရတနာအောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်း၊ မြောက်ဦးမြို့ တပ်ဦးဘုန်းတော်ကြီးကျောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာကျောင်းတိုက်၊ မိတ္ထီလာမြို့နယ်ရှိ ဆည်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၊ ရမည်းသင်းမြို့နယ် ရွှေနန်းပေါ်ကျေးရွာရှိ ရွှေမြင်တင်ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ ပရဟိတ စပယ်ဦးသီလရှင်ကျောင်း၊ မင်းလှမြို့ရှိ ကုန်းကြီးကျေးရွာဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာနွယ်ဝင် သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မကွေးမြို့ ဖန်ခါးမြေဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မကွေးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့်အာဟာရဖြည့်စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းခဲ့ကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်း မိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများ အသီးသီးသွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပန်ကွဲကျေးရွာရှိ အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲပြုလုပ်စဉ်။

# ကျိုင်းတုံမြို့နယ် ပန်ကွဲကျေးရွာရှိ အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီး၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပန်ကွဲကျေးရွာရှိ အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီး၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ ကျိုင်းတုံမြို့ လွယ်မွေ့ သာသနာပြုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝေပုလ္လ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နားပေါ်သာသနာပြုဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသဝထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များက ပဋ္ဌာန်းအမွန်းဂါထာများကိုရွတ်ဖတ်ကာ အလှည့်ကျဆရာတော်က မဟာပဋ္ဌာန်းကျမ်းမြတ်ကို စတင်ရွတ်ဖတ်ပူဇော်သည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို သံဃာတော် ၁၈ ပါးဖြင့် အောက်တိုဘာ ၈ ရက်ထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံအပေါ်ထားရှိသော လူ့အခွင့်အရေးယန္တရားများမှ ဖုံးကွယ်ထားသောအချက်များကို မြန်မာနိုင်ငံက ထောက်ပြ

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှစ၍ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံကထောက်ခံခြင်းမရှိသော နိုင်ငံတစ်ခုချင်းစီကို ဦးတည်သည့် အစီအစဉ်များပါဝင်ကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံကို ဆက်လက်ခွဲခြားချယ်ပစ်မှတ်ထားရန် ဥရောပသမဂ္ဂနှင့် အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများက အပြန်အလှန်ဆွေးနွေးပွဲအများအပြားကိုဖန်တီးခဲ့သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ယန္တရား (IIMM) နှင့်လည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်နှင့်၂၂ ရက်တို့တွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူနှင့်လည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်မှာပင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့်လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် ခေတ္တလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့်လည်းကောင်း အပြန်အလှန်ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

တရားစွဲဆိုရေးအဖွဲ့မဟုတ်သည့် လူ့အခွင့်အရေးကောင်စီသည် IIMM ကဲ့သို့ ယန္တရားထူထောင်ရန် လုပ်ပိုင်ခွင့်မရှိဘဲ IIMM ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယင်းယန္တရားသည် သက်တမ်းအကန့်အသတ်မရှိဘဲ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၅ သန်း သုံးစွဲခွင့်ရထားပြီး ၎င်းစုဆောင်းသည်ဆိုသည့် အချက်အလက်အပိုင်းအစသုံးသန်းကို မည်သည့်အခါမှ စိစစ်ခွင့်မရခြင်း၊ ကုလသမဂ္ဂ၏အထူးလုပ်ပိုင်ခွင့်ရှိသူများအနေဖြင့် ရယူခွင့်မရှိသော်လည်း IIMM က အမေရိကန်အစိုးရက ထပ်မံပေးအပ်သောရန်ပုံငွေကို လက်ခံခြင်းနှင့် ၎င်း၏ဝန်ထမ်းရွေးချယ်ခန့်ထားမှုများကို မည်သည့်အခါကမျှ ထုတ်ပြန်မှုမပြုခြင်းတို့အပေါ် စိစစ်ကြပ်မတ်သည့်နည်းလမ်းများမရှိကြောင်း တွေ့ရှိရသည်။ ပူးတွဲအဆိုတင်သွင်းသူများလိုချင်သည့် ကောက်ချက်ချမှုများရရှိရန် IIMM ကို ယင်းသို့မသဲမကွဲစီမံထားခြင်းကြောင့် IIMM ယန္တရားကို စတင်ထူထောင်စဉ်ကပင် မြန်မာနိုင်ငံက အသိအမှတ်ပြုခြင်းမရှိခဲ့ပါ။ လက်ရှိအချိန်ထိလည်း ယင်းရပ်တည်ချက်အတိုင်းပင် အသိအမှတ်မပြုကြောင်း ထပ်လောင်းဖော်ပြအပ်သည်။

အထူးအစီရင်ခံစာတင်သွင်းသူသည် ၎င်းကိုယ်တိုင်ကိုယ်ကျသိရှိခြင်းမရှိဘဲ ခိုင်လုံမှုမရှိသည့် ဆန့်ကျင်ဘက်အရင်းအမြစ်များကိုသာ အလွယ်တကူရည်ညွှန်းပြီး လုပ်ပိုင်ခွင့်ကို တလွဲသုံးလျက် မြန်မာအစိုးရသည် နိုင်ငံတကာပြစ်မှုများကျူးလွန်ကြောင်းကိုသာ အကြိမ်ကြိမ်စွပ်စွဲမှုများ ပြုလုပ်လျက်ရှိသည်။ ၎င်းသည် ကုလသမဂ္ဂ၏အခွင့်အာဏာကို ကျော်လွန်လျက် NUG အကြမ်းဖက်အဖွဲ့ကို အသိအမှတ်ပြုရေး လှုံ့ဆော်ပြောဆိုနေသည့်အပြင် ကလေးသူငယ် ၈၈ ဦးအပါအဝင် လက်နက်မဲ့ပြည်သူဦးရေ ၃၈၀၀ ကို ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် NUG နှင့် PDFs အကြမ်းဖက်များ၏ အကြမ်းဖက်မှုများကို ဖုံးကွယ်ခြင်းဖြင့် နိုင်ငံတကာကို လိမ်လည်လှည့်ဖြားလျက်ရှိသည်။ မျက်လုံးကိုအဝတ်ဖြင့်စည်းခံရသည့် အမျိုးသမီးဆရာမ နှစ်ဦးက အသက်ကိုချမ်းသာပေးရန် တောင်းပန်နေသည့်ကြားမှ PDFs အကြမ်းဖက်သမားများက ငဲ့ညှာမှုကင်းစွာဖြင့် သတ်ဖြတ်သည့်ဗီဒီယိုမှာ အွန်လိုင်းတွင် ကျယ်ပြန့်စွာ ပျံ့နှံ့နေသည့်တိုင် အထူးအစီရင်ခံစာတင်သွင်းသူက မျက်ကွယ်ပြုခဲ့သည်။ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မင်းရွာမှ ကျောင်းအုပ်ဆရာမတစ်ဦးနှင့် ဆရာမတစ်ဦးတို့ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် သတ်ဖြတ်ခံခဲ့ရသည့်ဖြစ်စဉ်မှာ တစ်ကြိမ်တစ်ခါတည်း ဖြစ်ပွားခဲ့သည့်ကိစ္စမဟုတ်ပါ။ ဩဂုတ် ၂၃ ရက်တွင် မန္တလေးမြို့၌ ရှစ်နှစ်အရွယ်သမီးငယ်ကိုကျောင်းပို့ပြီး ပြန်လာသော မိဘနှစ်ဦးမှာလည်း PDFs အကြမ်းဖက်သမားများ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသည်။

အထူးအစီရင်ခံစာတင်သွင်းသူသည် မမှန်မကန်ဇာတ်လမ်းအားလုံးကို ထည့်သွင်းစဉ်းစားသော်လည်း ၎င်းလိုလားသော ဇာတ်ကြောင်းနှင့် ဆန့်ကျင်သည့် အချက်အလက်များကို ချန်လှပ်ထားသည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၌ NUG အကြမ်းဖက်သမားများက လူပေါင်း ၂၀ ကျော်ကို ကြောက်မက်ဖွယ်သတ်ဖြတ်ခဲ့သည့်ကိစ္စမျိုးကိုမူ ထည့်သွင်းဖော်ပြခြင်းမပြုခဲ့ပါ။ ယင်းတို့မှာ ကုလသမဂ္ဂလူ့အခွင့်အရေးဆောင်ရွက်သူများက အထူးဖုံးကွယ်ထားသည့် အခြားသောအမှုပေါင်း ၃၈၀၀ အနက်မှာ အနည်းငယ်သောဖြစ်စဉ်များဖြစ်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဘက်ပေါင်းစုံမှ ဝင်ရောက်စွက်ဖက်ရန်အတွက် အချို့သောအနောက်နိုင်ငံများထံမှ ပံ့ပိုးမှုအမျိုးမျိုးရရှိထားသော အဖွဲ့အစည်းများနှင့် မီဒီယာများ၏ စာရွက်စာတမ်းများနည်းတူ လှုံ့ဆော်သည့်အစီရင်ခံစာဖြစ်ကြောင်း တွေ့ရသည်။ ထို့ပြင် မဟာမင်းကြီးရုံးသည် မြန်မာနိုင်ငံသားတို့၏ ဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်ကို တားဆီးပိတ်ပင်ရန် ရည်ရွယ်၍ နိုင်ငံပိုင်လုပ်ငန်းများအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများဆောင်ရွက်ရန် တောင်းဆိုထားပြီး ယင်းမှာ စင်စစ်တွင် ပြည်သူလူထု၏လူနေမှုဘဝအပေါ် သက်ရောက်စေမည်ဖြစ်သည်။ မဟာမင်းကြီးရုံးသည် ယင်းကိုဖုံးကွယ်ရန် မည်မျှပင်ကြိုးပမ်းစေကာမူ စီးပွားရေးအရပိတ်ဆို့မှုများသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝကို ထိခိုက်မှသာ ယင်းပိတ်ဆို့မှုများ ထိရောက်သည်ဆိုသည့်အချက်မှာ အများပြည်သူအသိပင်ဖြစ်သည်။

အလားတူ လူ့အခွင့်အရေးဆိုင်ရာ ခေတ္တမဟာမင်းကြီးသည်လည်း မြန်မာအစိုးရအပေါ် တစ်ဖက်သတ်စွပ်စွဲချက်များဖြင့် ချဲ့ကားပြောကြားခဲ့သော်လည်း အပြန်အလှန်ဆွေးနွေးပွဲများတွင် သက်ဆိုင်ရာမြန်မာနိုင်ငံ၏ ပါဝင်တက်ရောက်ခွင့်၊ ခုခံချေပခွင့်ကို ရည်ရွယ်ချက်ရှိရှိဖြင့်ချန်လှပ်ခဲ့သည်။ ခေတ္တမဟာမင်းကြီးက နိုင်ငံအတွင်း အချို့သော ထိတွေ့မှုဖြစ်စဉ်များကို ပြောကြားခဲ့ရာတွင် တိုင်းရင်းသားဒေသအချို့ရှိ လက်နက်ကိုင်အဖွဲ့များ၏ အကူအညီဖြင့် NUG နှင့် PDFs အကြမ်းဖက်အဖွဲ့များက အပြစ်မဲ့ပြည်သူများအပေါ် ဆိုးရွားစွာကျူးလွန်မှုများကို ထုတ်ဖော်ပြောကြားရန်ပျက်ကွက်ခဲ့သည်။ ယင်းသို့ လက်နက်ကိုင်အဖွဲ့များ မရှိသည့်နေရာများတွင် တည်ငြိမ်အေးချမ်းလျက်ရှိသည်ကို ငြင်းပယ်၍မရကြောင်း အလေးထားဖော်ပြအပ်သည်။ ရခိုင်ပြည်နယ်တွင် ကုလသမဂ္ဂအဖွဲ့အစည်း ၁၅ ခုနှင့် အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်း ၂၆ ခု ရုံးလည်ပတ်လျက်ရှိရာ လူသားချင်းစာနာမှုအကူအညီများပေးအပ်ခွင့် ငြင်းပယ်ခံရကြောင်း စွပ်စွဲချက်မှာယုတ္တိမရှိကြောင်းတွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် အတည်ပြုပြီးသောနေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန်အသင့်ရှိသော်လည်း "ရိုဟင်ဂျာ" အသုံးအနှုန်းကို မြန်မာနိုင်ငံက မည်သည့်အခါကမျှ အသိအမှတ်မပြုကြောင်း ဖော်ပြအပ်သည်။

လူ့အခွင့်အရေးကောင်စီ၏မူများနှင့်အညီ ရပ်တည်သည့်နိုင်ငံများကို မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။ လူ့အခွင့်အရေးကောင်စီ၏ (၅၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သော မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် ချို့ယွင်းချက်များဖြင့် အစီရင်ခံစာများ၊ တင်ပြချက်များနှင့် နိုင်ငံအချို့၏ စွက်ဖက်ပြောကြားချက်များကို မြန်မာနိုင်ငံက ရှုတ်ချပြီး ပြတ်သားစွာကန့်ကွက်ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်**

# မက္ကဆီကိုနိုင်ငံအနောက်ဘက်ကမ်းခြေသို့ အော်လန်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်



**မက္ကဆီကိုစီးတီး အောက်တိုဘာ ၄**

မက္ကဆီကိုနိုင်ငံအနောက်ဘက်ကမ်းခြေသို့ အော်လန်ဟာရီကိန်းမုန်တိုင်း အောက်တိုဘာ ၃ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း အမေရိကန်နေရှင်နယ်ဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အော်လန်ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံအနောက်ဘက်ပိုင်း ဆင်နာလိုအာပြည်နယ်မာဆက်လန်ကမ်းခြေသို့ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်နေကြောင်း သိရသည်။

"အောက်တိုဘာ ၃ ရက်ညပိုင်းမှာ အော်လန်ဟာရီကိန်းမုန်တိုင်းဟာ ဆင်နာလိုအာပြည်နယ်ကို ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းဟာ တစ်နာရီ ၃၅ မိုင်နှုန်းနဲ့ ဝင်ရောက်တိုက်ခတ်ခဲ့တာဖြစ်ပါတယ်။ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်လာပြီး မြေပြိုကျမှုတွေ ဖြစ်လာနိုင်တဲ့အတွက် ပျက်စီးဆုံးရှုံးမှုတွေ ရှိလာနိုင်ပါတယ်"ဟု မက္ကဆီကို မိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အော်လန်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်မည့် အခြေအနေနှင့်ပတ်သက်ပြီး အမေရိကန်နေရှင်နယ်ဟာရီကိန်းစင်တာက အောက်တိုဘာ ၂ ရက်ကတည်းက သတိပေးချက်ထုတ်ပြန်ထားပြီးဖြစ်သကဲ့သို့ ထုတ်ပြန်ထားသည့် သတိပေးချက်အတိုင်း အော်လန်ဟာရီကိန်းမုန်တိုင်း စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အော်လန်ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကို အနောက်ဘက်ကမ်းခြေတွင် တစ်နာရီလျှင် ၃၅ မိုင်နှုန်းဖြင့် တိုက်ခတ်နေခြင်းဖြစ်ပြီး အရှေ့မြောက်ဘက်ပိုင်းကို ဦးတည်တိုက်ခတ်နေကြောင်း သိရသည်။

အော်လန်ဟာရီကိန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ဆင်နာလိုအာပြည်နယ်တွင် လာမည့်ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားလာနိုင်သကဲ့သို့ မြေပြိုကျမှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း မက္ကဆီကို မိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

ကြိုတင်ခန့်မှန်းထားသည့်အတိုင်း မိုးရေချိန်အဆမတန်မြင့်တက်လျက်ရှိပြီး လက်ရှိ ဆင်နာလိုအာပြည်နယ်တွင် ရွာသွန်းနေသည့် မိုးရေချိန်မှာ သုံးလက်မမှ ခြောက်လက်မထိရှိကြောင်း သိရသည်။ **နိုင်းဆက်**

# နီဘရာစကာအမျိုးသားသစ်တောအလယ်ပိုင်းတွင် ဧက ၁၅၀၀၀ ထိ တောမီးလောင်ကျွမ်းလျက်ရှိ

**ဝါရှင်တန် အောက်တိုဘာ ၄**

အမေရိကန်နိုင်ငံ နီဘရာစကာအမျိုးသားသစ်တောအလယ်ပိုင်းတွင် လောင်ကျွမ်းလျက်ရှိသော တောမီးသည် အောက်တိုဘာ ၃ ရက်က လျင်မြန်စွာကူးစက်လာပြီး ဧက ၁၅၀၀၀ ထိ လောင်ကျွမ်းလျက်ရှိကြောင်း ယူပီအိုင်သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

သောမတ်စ်ကောင်တီ နီဘရာစကာအမျိုးသားသစ်တောအတွင်း လောင်ကျွမ်းလျက်ရှိသော တောမီးသည် အလွန်လျင်မြန်စွာကူးစက်လောင်ကျွမ်းနေသောကြောင့် အဆိုပါဒေသတွင်ရှိသော စခန်းချကွင်းများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းစေခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

"မီးက ကူးစက်တာ တအားမြန်တဲ့အတွက် အသေးစိတ်အချက်အလက်တွေ မထုတ်ပြန်နိုင်သေးပါဘူး။ စခန်းချနေထိုင်တဲ့အဖွဲ့တွေကို ဘေးလွတ်ရာကို ပြောင်းရွှေ့ပေးထားပါတယ်"ဟု နီဘရာစကာအမျိုးသားသစ်တောအရာရှိများက လူမှုကွန်ရက်မှတစ်ဆင့် ပြောကြားခဲ့သည်။

အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်းတွင် စတင်သတင်းရရှိခဲ့သော တောမီးသည် အဆိုပါနေ့ ည ၇ နာရီ ၃၀ မိနစ်တွင် ဧက ၇၇၈၀ ထိ လောင်ကျွမ်းခဲ့ကြောင်း၊ မီးသတ်သမားများအနေဖြင့် စက်တစ်လုံးတပ်လေယာဉ်ဘော် အများအပြားအကူအညီဖြင့် မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး စီမံခန့်ခွဲရေးအဖွဲ့က ကြိုးကြပ်ဆောင်ရွက်ခဲ့သော်လည်း 4-H အခြေချစခန်းရှိ အဆောက်အအုံအများအပြား မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ယခုနှစ် နီဘရာစကာတွင် လောင်ကျွမ်းနေသောတောမီးသည် မိုးခေါင်ခြင်းကြောင့် အဓိကလောင်ကျွမ်းရခြင်းဖြစ်ကြောင်း နီဘရာစကာတက္ကသိုလ်မှ မိုးခေါင်ရေရှား စောင့်ကြည့်တိုင်းတာရေးစက်ကိုကိုးကား၍ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

AZH

# ပေါ်တူဂီနိုင်ငံတွင် အပူလှိုင်းနှင့် သဲမုန်တိုင်းဖြတ်သန်းတိုက်ခတ်ဖွယ်ရှိ

**လစ္စဘွန်း အောက်တိုဘာ ၄**

ယခုနှစ် နွေကာလအတွင်း ပေါ်တူဂီနိုင်ငံတွင် လာမည့်ရက်ပိုင်းအတွင်း အပူလှိုင်းထပ်မံဖြတ်သန်းဖွယ်ရှိနေသလို သဲမုန်တိုင်းဖြတ်သန်းတိုက်ခတ်ဖွယ်ရှိနေကြောင်း ပေါ်တူဂီသမုဒ္ဒရာနှင့် လေထုဝန်ကျင်းဆိုင်ရာအင်စတီကျု(IPMA)က ထုတ်ပြန်ခဲ့သည်ဟု PRG News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပေါ်တူဂီနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှု အကြိမ်ရေစိပ်ခဲ့သလို အပူချိန်စံချိန်တင် မြင့်တက်မှုပြဿနာဖြင့်လည်း ရင်ဆိုင်ခဲ့ရပြီး အပူလှိုင်းဖြတ်သန်းမှုကြောင့်လည်း တောမီးလောင်ကျွမ်းမှုပြဿနာများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ အောက်တိုဘာလအတွင်း အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေသကဲ့သို့ အပူချိန်မှာလည်း စံချိန်တင်မြင့်တက်လာနိုင်ကြောင်း သိရသည်။

"အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းလောက်ကနေစတင်ပြီးတော့ လေထုပတ်ဝန်းကျင်မှာ အဝါရောင်အဖြစ် ပြောင်းလဲလာတာတွေ့ရတယ်။ ရလဒ်တွေအရ အပူလှိုင်းတွေ ဖြတ်သန်းလာဖွယ်ရှိနေပြီး အပူချိန်တွေ မြင့်တက်လာနိုင်တယ်။ ဒါ့ပြင် သဲမုန်တိုင်းပါ ဝင်ရောက်လာနိုင်တဲ့ လက္ခဏာဖြစ်ပါတယ်။



အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေကြောင့် နောက်ဆက်တွဲပြဿနာတွေကိုလဲ သတိပြုရမဲ့ အခြေအနေဖြစ်ပါတယ်" ဟု ပေါ်တူဂီသမုဒ္ဒရာနှင့်လေထုဝန်ကျင်းဆိုင်ရာ အင်စတီကျု (IPMA)မှ သုတေသီတစ်ဦးဖြစ်သူ ခရစ္စတီးနား စီမိုစ်က ပြောကြားခဲ့သည်။

ပေါ်တူဂီနိုင်ငံ သမိုင်းတစ်လျှောက် အပူချိန်အမြင့်ဆုံးသော အောက်တိုဘာလဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး အပူချိန်မှာ ၃၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ကြောင်း၊ ကြိုတင်ခန့်မှန်းတိုင်းတာချက်အရ အပူလှိုင်းဖြတ်သန်းပြီးပါက အပူချိန်မှာ ခြောက်ရက် ဆက်တိုက်မြင့်တက်လာနိုင်သည့်အခြေအနေဖြစ်ကြောင်း သိရသည်။

**နိုင်းဆက်**

# ရေကြီးရေလျှံမှုများကို ရင်ဆိုင်ဖြေရှင်းရန် မလေးရှားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီများ အသင့်ပြင်ဆင်ထား

**ကွာလာလမ်ပူ အောက်တိုဘာ ၄**

ယခုနှစ်ကုန်တွင် ကြုံတွေ့လာရနိုင်သည့် ရေကြီးရေလျှံမှုအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းရန် မလေးရှားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီများက အသင့်ပြင်ဆင်ထားကြောင်း မလေးရှားနိုင်ငံဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီးက ယနေ့ ပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြထားသည်။

ယခုနှစ်ကုန်ပိုင်းတွင် မလေးရှားနိုင်ငံတစ်ဝန်းဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံခြင်းနှင့် ရေလွှမ်းမိုးမှုများကို ရင်ဆိုင်ရန်အတွက် အေဂျင်စီအသီးသီးမှ ဝန်ထမ်းဦးရေ ၇၇၀၀၀ ခန့် ပြင်ဆင်ထားကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

အရှေ့မြောက် မုတ်သုံရာသီမတိုင်မီ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြင်ဆင်ထားကြောင်း ဝန်ကြီးချုပ်ရုံးမှ ဒုတိယဝန်ကြီး မဒမ်မက်စ်တူရာမို ယာဇစ်က အောက်တိုဘာ ၃ ရက်တွင် မလေးရှားအောက်လွှတ်တော်၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

မလေးရှားဆည်မြောင်းနှင့် ရေနုတ်မြောင်းဦးစီးဌာန(JPS)က ရေကြီးရေလျှံမှုသတိပေးချက်ဥပြမျာနှင့် မိုဘိုင်းပန့်များကဲ့သို့သောစက်ကိရိယာများကို ပြင်ဆင်ထားကြောင်း၊ နိုင်ငံအတွင်းရှိ ခရိုင်တစ်ခုစီကို မလေးရှားရင်းဂစ် ၅၀၀၀၀ စီခွဲဝေပေးထားပြီး ရင်းဂစ် ၁ ဒသမ ၀၈ သန်းကို တုံ့ပြန်ရေးအေဂျင်စီရှစ်ခုထံ လွှဲပြောင်းပေးထားပြီးဖြစ်ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီ (NADMA)က ဖိုက်ဘာမော်တော်ယာဉ်လှေနှစ်စီးဝယ်ယူရန်အတွက် ခရိုင်တစ်ခုစီသို့ ရင်းဂစ် ၃၀၀၀၀ စီခွဲဝေပေးထားပြီး လူမှုဝန်ထမ်းဦးစီးဌာနက ဒုက္ခသည် ၁ ဒသမ ၆ သန်းကျော်အတွက် ရည်မှန်း၍ ယာယီကယ်ဆယ်ရေးစခန်းပေါင်း ၆၀၁၀ ခုကိုပြင်ဆင်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကူညီပံ့ပိုးရေးပစ္စည်းများသက်ဆိုင်ရာနေရာများသို့ ရောက်ရှိအောင် ကြိုတင်ပြင်ဆင်ထားရန် ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများကို ညွှန်ကြားထားကြောင်း သိရသည်။ AZH

# စကော့တလန်နိုင်ငံ၌ ရာသီဥတုဖောက်ပြန်လာပါက သောက်သုံးရေရှားပါးမှုဖြင့် ရင်ဆိုင်လာရဖွယ်ရှိနေ

**လန်ဒန် အောက်တိုဘာ ၄**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်တွင် အောက်တိုဘာ ၃ ရက်က ဗြိတိန်ကျွန်းစုနိုင်ငံများကြား ရာသီဥတုဖောက်ပြန်မှုနှင့် ပတ်သက်သည့် စီးပွားရေးဆိုင်ရာ၊ မူဝါဒဆိုင်ရာများကို ဆွေးနွေးမှုတစ်ရပ်ပြုလုပ်သွားခဲ့ပြီး ၎င်းအစည်းအဝေးပွဲတွင် လန်ဒန်မြို့အခြေစိုက် အဖျော်ယမကာကုမ္ပဏီတစ်ခုဖြစ်သည့် Diageo ကုမ္ပဏီ၏အမှုဆောင်ချုပ်ဖြစ်သူ မီနီဇက်က စကော့တလန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်လာပါက သောက်သုံးရေရှားပါးသည့် ပြဿနာများဖြင့် ရင်ဆိုင်လာရဖွယ်ရှိနေကြောင်း သုံးသပ်ပြောကြားခဲ့သည်ဟု Mirror သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

Diageoကုမ္ပဏီထုတ် စကော့တလန်ဝီစကီများကို စကော့တလန်နိုင်ငံတွင် အဓိကထုတ်လုပ်လျက်ရှိပြီး ကုန်ထုတ်လုပ်မှုအပိုင်းတွင်လည်း Diageoကုမ္ပဏီအနေဖြင့် စကော့တလန်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် သောက်သုံးရေရှားပါးလာပါက ကုမ္ပဏီအတွက်လည်း အခက်အခဲများရှိလာနိုင်ကြောင်း မီနီဇက်က ပြောကြားခဲ့သည်။

"စကော့တလန်မှာထုတ်လုပ်နေတဲ့ ယမကာနဲ့ပတ်သက်ပြီးတော့ အောင်မြင်မှုဟာ ရာသီဥတုအခြေအပေါ် မူတည်နေပါတယ်။ ရာသီဥတုတွေ ပြောင်းလဲပြီး သောက်သုံးရေအလုံအလောက် မရနိုင်တဲ့ပြဿနာက ကုမ္ပဏီရဲ့ကုန်ထုတ်လုပ်မှုအပိုင်းကို သိသိသာသာ ထိခိုက်လာစေနိုင်ပါတယ်"ဟု Diageo ကုမ္ပဏီ၏ အမှုဆောင်ချုပ်ဖြစ်သူ မီနီဇက်က ပြောကြားခဲ့သည်။

ရာသီဥတုဖောက်ပြန်မှုနှုန်းမြင့်မားလာပါက ဂျော်နီဝေါ်ကာအမှတ်တံဆိပ် ယမကာထုတ်လုပ်မှုအပိုင်း ကျဆင်းလာဖွယ်ရှိနေပြီး သောက်သုံးရေရှားပါးလာနိုင်သည့် ပြဿနာသည်လည်း ကုမ္ပဏီကိုအထိနာလာစေနိုင်ကြောင်း မီနီဇက်က ပြောကြားခဲ့ကြောင်း သိရသည်။ **နိုင်းဆက်**

တစ်ခေတ်တစ်ခါ
သူ့လက်ရာ
ဝတ္ထုတိုကဏ္ဍ

# အဘွားအိုငိုရသော မီးထွန်းပွဲ

ရွှေဘိုဘာဓမယ်ခင်အောင်



(၁)

အရှေ့ပြုဗ္ဗာကျွန်းဆီမှ ထွက်ပြူလာသောလပြည့်ဝန်းကြီးသည် တစ်လောကလုံးကို အေးမြစေလေသည်။

ယနေ့သည် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာဖြစ်သော ဘုရားမီးပူဇော်ပွဲနေ့ကြီးဖြစ်၍ မြန်မာတိုင်းရင်းသားတိုင်း ရွှင်မြူးနေကြသည်။ မြို့တွင်းရှိ ရပ်ကွက်အသီးသီး၌ စိမ်း၊ နီ၊ ပြာ၊ ဝါ အရောင်မျိုးစုံဖြင့် မွမ်းမံခြယ်လှယ်ထားသော လူ၊ နဂါး၊ ကျားရုပ်မီးပလုတ်တုတ်များကို တစ်ရပ်နှင့်တစ်ရပ်၊ တစ်အိမ်နှင့်တစ်အိမ် အပြိုင်အဆိုင်ထွန်းညှိပူဇော်ထားကြကုန်၏။

အချို့ငွေကြေးတတ်နိုင်သည့် တိုက်အိမ်များတွင် ရောင်စုံလျှပ်စစ်ဖန်သီးများနှင့် မီးပူဇော်ထားသည်ကို ကြည့်ရသည်မှာ လူ၏စိတ်နှလုံးကို ရွှင်မြူးစေလေသည်။

ထိုရွှင်ပြုံးသည့်အထဲတွင် ကိုသုခတစ်ယောက်လည်း ပါဝင်လေသည်။ ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ၊ အပျို၊ အအိုတို့သည် သစ်ဆန်းသောအဝတ်များကို ကျနစွာဝတ်ဆင်၍ မီးထွန်းပွဲတော်ကြီးကို လိုက်လံကြည့်ရှုကြလေသည်။

မီးထွန်းပွဲတော်ကြီးကို တိုးဝှေ့ကြည့်ရှုနေကြသော လူသိုက်ကိုကြည့်ပြီး ကိုသုခတစ်ယောက် သဘောခွေ့နေသည်။

လူစည်ကားသော ရပ်ကွက်တစ်ခု၏ထောင့်တွင် ကျောင်းသူကလေးများ မီးယိမ်းကနေကြသည်ကိုလည်း ကိုသုခ ပီတိသောမနသ်ဖြစ်နေသေးသည်။

ယမ်းအိုးပေါက်ကွဲသံများ ကြားရလျှင် ကိုသုခသည် သူတောခိုစဉ်က အစိုးရနှင့် တိုက်ပွဲဖြစ်သည့်အခါ တစ်ဖက်နှင့်တစ်ဖက် ပစ်ပေါက်သောသေနတ်သံများကို ပြေး၍ သတိရလိုက်၏။

ဟုတ်ပေသည် ၁၉၆၁ ခုနှစ်၌ ကိုသုခကို သူ၏ဆရာရင်းဖြစ်သော ကရင်လူမျိုးစောဘုရင်လှဲ့ဆော် တိုက်တွန်းချက်အရ ဘာမသိ ညာမသိ အသက် ၁၈ နှစ်သာရှိသည့်ကိုသုခ တောခိုခဲ့လေသည်။

ပျော်ပွဲရွှင်ပွဲ၊ ဘုရားပွဲ၊ တရားပွဲများနှင့်ကင်းဝေးသည့် တောတောင်၊ တောမြောင်၊ တောခေါင်ခေါင်ဝယ် သေနတ်ကြီးတကိုင်ကိုင်နှင့် ကိုယ့်လူမျိုးကို ဆယ်နှစ်ဆယ်မိုးသစ္စာဖောက်၍ နေခဲ့သော ကိုသုခအဖို့ ယခုမျက်မှောက်တွေ့မြင်နေရသည့် ကိစ္စအဝဝတို့သည် ထူးဆန်းနေလေ၏။

ကိုသုခအလင်းဝင်ခဲ့သည်မှာ သုံးလပင်မပြည့်တတ်သေးပေ။ ကိုသုခသည် တစ်ကိုယ်တည်း မြို့တောင်စွန်မှစကာ မီးထွန်းပွဲတော်ကြီးကို လှည့်လည်ကြည့်ရှုလာရာ တဖြည်းဖြည်းမြို့မြောက်စွန်းသို့ ရောက်လာ၏။

ထိုမြောက်စွန်းရှိ ရပ်ကွက်ကလေးတွင်ကား မီးရောင်လှလှ မထွန်းမပူဇော်ကြ။ အုမ တောင့်သူများမဟုတ်ကြသဖြင့် သီလမစောင့်နိုင်ကြ။

အချို့တဲငယ်ကလေးတို့တွင် မီးပုံးနှစ်လုံး၊ သုံးလုံးထွန်းညှိပူဇော်ထားသည်မှအပ ကျန်တာဘာမျှမရှိ။

ကိုသုခသည် မြောက်ဖျားမှ ပြန်လှည့်မည်အလုပ် တစ်ခုသော တဲအိုအတွင်းမှ ဘုရားရှိခိုးသံကြားရ၍ ကြည့်လိုက်ရာ ရေနံဆီမီးခွက်ကို သေတ္တာပျက်တစ်လုံးပေါ်တင်လျက် ဘုရားမီးပူဇော်အာရုံပြုနေသည့် အဘွားအိုတစ်ဦးကို တွေ့မြင်ရလေသည်။ အဘွားနှုတ်ပါးမှ ရွတ်ဆိုလိုက်သောတရားသံသည် ကိုသုခ၏ စိတ်နှလုံးတို့ အေးမြစေလေသည်။

အသံဆုံးသည်နှင့်တစ်ပြိုင်နက် ကိုသုခ အဘွားအိုနေသော တဲအိုကလေးဆီသို့ လျှောက်သွားလေ၏။ ပတ်ဝန်းကျင်ကား တိတ်ဆိတ်လှပါဘိတောင်း။ အဘွားသည် ဘုရားဝတ်ပြုပြီး တဲအိုအတွင်းမှ ထွက်လာ၍ ကွပ်ပျစ်တွင် ထိုင်ချလိုက်လေသည်။

ကိုသုခသည် အဘွားအနီး ရှိကျိုးစွာ ဦးညွှတ်လျက်

"ဘွားဘွား ခဏထိုင်မယ်နော်"

အဘွားသည် မေးမှိန်၍ အရောင်ကင်းမဲ့သော မျက်လုံးဖြင့် ကိုသုခကို စူးစူးစိုက်စိုက်ကြည့်ပြီး။

"ဩော်. . . ထိုင်ပါမောင်ထိုင်ပါ။ မောင်ရင်လေးက ဘယ်ကလဲ"

"ကျွန်တော်မြို့ထဲကပါခင်ဗျာ"

"ဩော်. . . မြို့ထဲကကိုး။ ဘာကိစ္စအတွက်ပါလဲမောင်"

"ကိစ္စကတော့ အထူးမရှိပါဘူးခင်ဗျာ။ ဘွားဘွားရဲ့ တရားသံကို ကြားရကတည်းက ဘွားဘွားကို ကြည်ညိုစိတ်ပေါက်ပြီး ဝင်လာတာပါခင်ဗျာ"

"သာဓုကွယ် သာဓု သာဓု။ စိတ်ချမ်းသာလို့ ကိုယ်ကျန်းမာပြီး ငွေပေါများနိုင်ပါစေကွယ်၊ ပေါများနိုင်ကြပါစေ"

အဘွားသည် ရှည်လျားသောဆုတောင်းမေတ္တာကို ကိုသုခအတွက်ပေးနေလေ၏။

"ဒီ မောင်ရင်လေးအမည်က ဘယ့်နှယ်ခေါ်ပါသလဲ"

"သုခပါခင်ဗျာ"

"ဩော်. . . မောင်သုခတဲ့လား။ အေးကွယ် အေးကွယ်။ နာမည်နဲ့လိုက်အောင် သုခချမ်းသာနဲ့ ပြည့်ဝနိုင်ပါစေ။ ဟဲ့ငါ့မြေး ဟောဒီမောင်သုခစားဖို့ မုန့်ဆီကြော်တွေသွားထည့်ကွယ်။ အဘွားဖို့ ဖက်ဆေးလိပ်လဲ ဆွဲခဲ့အုံး"

အသက် ၁၃ နှစ်ခန့်သာရှိမည်ထင်ရသော သျှောင်ပေစူးကလေးနှင့် ကလေးမလေးသည် သွက်လက်စွာ ထပြေးလေသည်။

ကိုသုခတစ်ယောက် ထိုရပ်ကွက်ရှိ လူနေမှုအခင့်အတန်းကို လေးနက်စွာကြည့်ရှုအကဲခတ်နေခိုက်။

"ဒီ မောင်ရင်သုခ ဘာဝမ်းကျောင်းစားသလဲ"

"ကျွန်တော် ကုန်ရောင်းကုန်ဝယ်လုပ်စားပါတယ်ခင်ဗျာ"

"အေး ကောင်းတယ် ကောင်းတယ်။ ကုန်သည်ဆိုတော့ လွတ်လပ်တာပေါ့"

ကိုသုခသည် ကုန်သည်ဟု မုသားပြောလိုက်ခြင်းဖြစ်သည်။ အမှန်တော့ ရဲဘော်ထွက်ပါ။

"ဘွားဘွားကော"

"ဘွားဘွားလား။ ဘွားဘွားက ဗယာကြော်ရောင်းစားတယ်လေ။ ဆင်းရဲလိုက်တာတော့လွန်ရော အသက်ကြီးမှ ဆင်းရဲရတယ်ကွယ်။ ကိုယ့်ဗုဒ္ဓ နေ့ထူးနေ့မြတ်ကြီးမှာ ဆီမီးမြိုင်မြိုင်မပူဇော်နိုင်တာသာကြည့်တော့"

အဘွား၏ယိုယွင်းရှုံ့တွညိုမည်းနေသောမျက်နှာသည် တစ်မှုဟုတ်ချင်းညှိုးငယ်သောအသွင်သို့ ပြောင်းသွားသည်ကို ကိုသုခသည် လဝန်းအရောင်ကြောင့် သတိပြုမိ၏။

"အဘွားရဲ့ခင်ပွန်း ဘုရားတကာကြီး ကိုတုတ်ဆုံးတာကြာပြီ လူလေးရယ်"

နှစ်ယောက်သား အတန်ကြာတိတ်ဆိတ်သွားကြလေသည်။ ကိုယ့်အတွေးနှင့်ကိုယ် မျောနေဟန်တူသည်။ အဘွားသည် မရွှင်လန်းမကြည်သာသော မျက်နှာငယ်ကလေးနှင့် ရှေ့တူရှုသို့ ငေးကြောင်စိုက်ကြည့်ရင်း တံတွေးကိုသာ တွင်တွင်ကြီးမျိုချနေတော့သည်။

"ဘုရားတကာကြီး မသေထိုက်ဘဲ အသေဆိုးနဲ့သေရရှာတယ်ကလေးရယ်။ ဩော်. . . ကိုတုတ် ကိုတုတ် ကိုတုတ်သာရှိရင် အဘွား ဒီလိုမနေရဘူး လူလေးရဲ့"

အဘွားသည် ငိုသံပါကြီးဖြင့် ပြောနေရှာသည်။

"ဘယ်လိုကြောင့် သေဆုံးရတာလဲဘွားဘွား"

ချိုင်၍ဟောက်နေသောမျက်တွင်းမှ တစ်လိမ့်ချင်း ကျဆင်းနေသောမျက်ရည်ပေါက်များကို အဘွားငိုပြီး လုံချည်စနှင့် သုတ်နေရှာသည်။

"မနက်ဖြန်ညဆို သောင်းကျန်းသူတွေက ကိုတုတ်ကို သေနတ်ကြီးတွေနဲ့ ဝိုင်းပစ်သတ်ကြတဲ့နေ့ဆိုးကြီး ရောက်ပြီလူလေးရယ်"

"ဟောဗျာ"

"နေ့ကြီးရက်ကြီးမရှိကြတဲ့ မောင်သောင်းကျန်းတွေက အဘွားတို့ရွာသားတွေဟာ အစိုးရကိုအားပေးတယ်ဆိုပြီး ဝင်ပစ်သတ်တော့တာပါပဲ။ ရွာကြီးမီးလောင်သွားတယ်ကွယ်။ ရက်စက်လိုက်ကြတာ ကိုယ့်မြန်မာအချင်းချင်း ဒီလောက်မရက်စက်သင့်ပါဘူးကွယ်။ လူတွေဟာ လူစိတ်မရှိကြတော့ဘူး။ အခုလို မီးပူဇော်ပွဲရက်ကြီးမှာဆိုရင် အဘွားတို့ရဲ့ရွာကြီးမှာ ပျော်ပျော်ပါးပါးစားကြသောက်ကြ၊ ကကြခုန်ကြနဲ့ မီးပူဇော်လိုက်ကြတာ တစ်ရွာလုံးကိုလင်းလို့။ ကိုတုတ်ကဆို အဘွားတို့ရဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးမှာ ကွက်လပ်မရှိအောင် မြို့ကဝယ်လာတဲ့ မီးပုံးတွေနဲ့ ပူဇော်ထားတာ။ အခုတော့ ဆီမီးခွက်ကလေးတစ်ခွက်ကိုတောင် ဝယ်မထွန်းနိုင်တဲ့ဘဝရောက်သွားပြီလူလေးရယ်။ အဘွားတို့အဖြစ်နယ် ဆိုးလိုက်လေ"

ကိုသုခသည် အဘွားကို ငေးစိုက်၍ကြည့်နေလေသည်။ ဝမ်းနည်းပက်လက်ငိုနေရှာသောအဘွားကို မော့ကြည့်နေရှာသော ကလေးမလေး၏မျက်နှာကလေးသည် ဆီးရွက်ပမာ-

"အဘွားတို့ အိမ်ရှေ့ကွပ်ပျစ်မှာ ကိုတုတ်ဘုရားအာရုံပြုနေတုန်း အစိုးရကိုပုန်ကန်နေတဲ့မောင်သောင်းကျန်းတွေ ရွာထဲဝင်လာပြီး တွေ့သမျှယောကျ်ားတွေကို သေနတ်ကြီးတွေနဲ့ ဝိုင်းပစ်ကြတော့တာပဲကွယ်။ သူတော်ကောင်းကြီးလဲ သေနတ်ဒဏ်ရာနဲ့ပဲ မချိမဆံ့ သေသွားရရှာတယ်"

အဘွား၏မျက်ရည်သည် ကိုသုခ၏စိတ်ကို နွမ်းစေလေသည်။

"သိပ်ရက်စက်ကြတာပါလားဗျာ။ မြန်မာတွေ မဟုတ်ကြဘူးလား။ ကိုယ့်ဗုဒ္ဓနေ့ကြီးမှာ မလုပ်သင့်ပါဘူး"

"ဟုတ်တယ် လူလေးရယ်။ လူတွေဟာ တရားပျက်ကုန်ပြီ။ သူတို့မှာ ကြင်နာစိတ်ဆိုတာ မရှိကြတော့ဘူး။ အကုသိုလ်စီးဝင်နေတဲ့ သေနတ်ကြီးတွေကို အမြဲလက်ကိုင်ပြုနေရလေတော့ ဘယ်သူတော်ကောင်းစိတ်ရှိတော့မလဲ"

"ဟုတ်တယ်ဘွားဘွား ဟုတ်တယ်။ လူတွေဟာ တရားပျက်ကုန်ပြီ"

"အဘွားတို့မှာ သူပုန်တွေရက်စက်ကြလို့ လူတွေလဲပျက်စီး၊ ရွာကြီးလဲပြာကျ၊ စီးပွားတွေပျက်၊ အို. . . ကုန်ပြီ ကုန်ပြီ။ ဘာမှမရှိတော့ဘူး"

အဘွား၏မျက်နှာသည် ညှိုးရာမှမှိန်၊ မှိန်ရာမှ နွမ်း၊ နွမ်းရာမှ လွမ်းသယောင်ယောင်ပြနေတော့သည်။

"ဒီကလေးရဲ့မိခင်ဟာ သောင်းကျန်းသူလက်ချက်နဲ့ သေရရှာတယ်"

"အိုဗျာ၊ ဖြစ်မှဖြစ်ရလေ"

ကိုသုခသည် ကလေးမလေးကိုကြည့်၍ ရင်ဆို့သွားသည်။

စာမျက်နှာ ၂၇သို့

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်ဆီမီး ၁၀၀၀၀ ပူဇော်ပွဲ ကျင်းပမည်



**ရန်ကုန် အောက်တိုဘာ ၄**

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့နှင့် လပြည့်ကျော် တစ်ရက်နေ့တွင် ရဟန်းရှင်လူပြည်သူများ ဆီမီး ပူဇော်နိုင်စေရန် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။

ထိုသို့ ရဟန်းရှင်လူပြည်သူများ မြတ်စွာဘုရားကို ဆီမီးပူဇော်နိုင်စေရန် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်နိုင်မည့် နေရာများနှင့် ဆီမီးခွက်များ စီစဉ်ဆောင်ရွက်ပေးထားမည်ဖြစ်ကြောင်း၊ သီတင်းကျွတ်အဖိတ်နေ့ ညပိုင်းတွင်လည်း ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ဝန်ထမ်းများနှင့် ဝေယျာဝစ္စအဖွဲ့များ ပူးပေါင်းပြီး ဘုရားရင်ပြင်တော်ပေါ်ရှိ အာရုံခံတန်ဆောင်း လေးခုနှင့် ဘုရားပတ်ပတ်လည်တွင် လျှပ်စစ်မီးရောင်စုံများနှင့် ဆီမီးများ ထွန်းညှိပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

"သီတင်းကျွတ်လပြည့်နေ့ မနက်ပိုင်းမှာ ခုနစ်ရက်သားသမီးကောင်းမှုနဲ့ ဘုရားကို ဆွမ်းတော်ကြီးကပ်လှူတာ၊ ဆရာတော်ကြီးတွေကိုပင့်ဖိတ်ပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းတာနဲ့ လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းတာတွေ ဆောင်ရွက်သွားပါမယ်။ ညပိုင်းကျရင်လဲ ဘုရားပတ်ပတ်လည်မှာ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်သွားပါမယ်။ လပြည့်ကျော် တစ်ရက်မှာလဲ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်သွားပါမယ်။ ရဟန်းရှင်လူပြည်သူတွေကိုယ်တိုင် မည်သူမဆို ဆီမီးထွန်းညှိပူဇော်ပြီး ပါဝင်ကုသိုလ်ယူနိုင်အောင် ဘုရားဂေါပကအဖွဲ့က အဆင်သင့် စီစဉ်ပေးထားပါမယ်"ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဌေးလှိုင်က ပြောပြ၍ သိရသည်။

**မိုးယံ(ဥက္ကလာ)**

# သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သပိတ်ကျင်း အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဝါးဖြူတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုး၊ သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဝါးဖြူတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်စိုးက လမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။



ဝါးဖြူတောင်ကျေးရွာတွင် လမ်းအရှည်ပေ ၆၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

➤ **စာမျက်နှာ ၂၆မှအဆက်**

"ကိုယ့်မြန်မာအချင်းချင်း ပြန်သတ်နေကြတာတော့မကောင်းပါဘူးကွယ်။ ဘာမှအပြစ်မရှိတဲ့လူတွေ ကြားကအသက်ခံနေရတာပဲ အဖတ်တင်တာပေါ့။ တောရွာသားတွေဆိုတာ သူတို့လက်ခုပ်ထဲကရေလိုပါ။ သူတို့ပြုသမျှ နုကြရမဲ့ဟာတွေပါကွယ်"

"အခု ဘွားဘွားရဲ့သားကော"

"ဘွားဘွားရဲ့သားလား။ သားက မြန်မာ့တပ်မတော်ထဲ ဝင်သွားလေရဲ့။ သူ့အဖေနဲ့ သူ့မိန်းမဆုံးပြီးလို့ ရက်ပေါင်း ၄၀ မပြည့်ခင်ပဲ စစ်ထဲလိုက်သွားတယ်။ အခုဆို သုံးနှစ်ရှိပြီ။ အခုလို လူထုအကျိုးထမ်းဆောင်တာကို အဘွား သိပ်သဘောကျနေတယ်။ တိုင်းပြည်အကျိုးထမ်းဆောင်သူဟာ သူ့ရဲကောင်းယောကျ်ားပီသသူလို့ အဘွားတော့ သဘောထားတယ်။ နောက်ဆုံး ရန်သူ့ကျည်ဆန်သင့်လို့ သေဆုံးတောင် ရဲသော်မသေ သေသော်ငရဲမလားတဲ့ကွဲ့"

အဘွားမျက်နှာသည် ပြောရင်းတစ်မုဟုတ်ချင်း လဝန်းကြီးနှင့် ပြိုင်၍ ဝင်းပလာလေသည်။

"အဘွားရဲ့သားလေး စစ်ထဲဝင်ခါနီးမှာ ပြောသွားတဲ့စကားကို အခုထိ အဘွားနားထဲက မထွက်သေးဘူး"

"ဘယ်လိုများ ပြောသွားသလဲဘွားဘွား"

"အဘွားရဲ့သားကြီးကလေ မေမေ သားအတွက် ဘာမှမပူနဲ့။ ဖေဖေ၊ ကျွန်တော့်မိန်းမနဲ့ ရွာသားတွေကိုသတ်သွားတဲ့ သောင်းကျန်းသူတွေကို ကလဲ့စားချေရင်း တိုင်းပြည်အကျိုးထမ်းဆောင်လို့ အားရင် သားမောင် မေမေနဲ့ သမီးလေးဆီ ပြန်လာပါ့မယ်တဲ့။ ဘယ်လောက်ဝမ်းသာစရာကောင်းသလဲကွယ်။ ဒါမှ ယောကျ်ားကွဲ့။ အဘွား သိပ်ဝမ်းသာတယ်"

"တိုင်းကျိုးပြည်ကျိုးဆောင်တာ ကောင်းတဲ့လုပ်ငန်းပေါ့ဗျာ"

အဘွားသည် သူ့သားကြီးအကြောင်း ပြောပြလိုက်ရ၍ ကျေနပ်သွားပေသည်။

"ဒီသောင်းကျန်းတဲ့သူပုန်တွေက သိပ်အနိုင်ကျင့်တာ။ သူတို့ ရွာထဲဝင်လာပြီဆိုရင် ဆက်ကြေးတောင်း၊ ပြန်ပေးဆွဲ၊ ဓားပြတိုက်၊ ရွာထဲက သမီးပျိုတွေကိုဖျက်ဆီး။ အို. . . ကောင်းတာဘာတစ်ခုမှ မလုပ်ဘူး။ တို့အစိုးရနဲ့တော့ ကွာပါတယ်။ ပြောရတာတော့ကောင်းပါရဲ့ မောလိုက်တာကွယ်။ ငါ့မြေး ရေတစ်ခွက်ခပ်ချေစမ်း"

ကိုသုခနှင့် အဘွားသည် ထွေရာလေးပါးပြောလိုက်ကြသည်မှာ ညဉ့်နှစ်ချက်ပင် တီးနေလေပြီ။ မြေးမလေး သင်းယုတစ်ယောက်ကတော့ ငိုက်မျဉ်းလျက်-

"ဘွားဘွားအိပ်ကြပါစို့။ သင်းယုအိပ်ချင်ပြီ"

"ဟာ ဟုတ်သားပဲ။ စကားကောင်းနေလိုက်တာ။ ဘွားဘွား ညဉ့်ပဲ နက်ပါပြီ။ မနက်ဖြန်မှ ကျွန်တော်စောစောလာပါအုံးမယ်။ အခု ကျွန်တော့်ကို ပြန်ခွင့်ပြုပါအုံးခင်ဗျာ။ မပြန်ခင် ဘွားဘွားကို ကန်တော့သွားပါရစေ"

"သာဓုကွယ် သာဓု သာဓု။ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘုန်းကြီးလို့ သက်ရှည်ပါစေ။ နောက်နောင်လဲ ဝင်ထွက်ပါကွယ်"

ကိုသုခသည် အဘွားကို ငွေကျပ် ၁၀ ကန်တော့၍ ပြန်လာလေတော့သည်။

**မှတ်ချက်**

**ဤဝတ္ထုကို မန္တလေးကထုတ်ဝေသော ပဟိုရ်စည်သတင်းစာတွင် ၂၄-၁၀-၁၉၆၁ က ဖော်ပြခဲ့ရပါသည်။ ယခု ၆၁ နှစ် ရှိခဲ့ပြီဖြစ်ပါသည်။**

## ပညာပန်းတိုင် ဆွတ်လှမ်းကိုင်စို့

\- မြတ်ပညာ သင်ယူရေး
အစဉ်တွေးလို့ ဖြည့်ဆည်းမယ်၊
ဘိုးဘွားစုံ မိဘအပေါင်းတို့
ကျောင်းပို့ကြကွယ်၊
လောကအလယ်
သောကမကြွယ် နေနိုင်ရေး၊
ပညာပန်းတိုင် ဆုံးခန်းရောက်ဖို့
ချီးမြှောက်စို့လေး။

\- ပညာသင်ချိန် နောက်ကျမနေးမှ
ဘဝလမ်းလေး သာလိမ့်မယ်၊
အပျင်းစိတ်တွေ ပယ်သတ်လို့
အမြတ်ရှာကွယ်၊
လူ့ဘဝ ပထမအရွယ်
ပညာနယ်မှာ ကျက်စား၊
အောင်မြင်မှုတွေ အပိုင်ရဖို့
သားတို့ရေ. . .
လုံ့လစိုက်ထား။

\- ကျန်းမာရေးငယ် ချို့ယွင်းမသွားဖို့
အစားအသောက်လည်း မျှပါစေ၊
ဆရာသခင် မိဘတို့လည်း
လမ်းပြပါလေ၊
ရောဂါအပေါင်း ပျက်ပြုန်းကြွေ
ထိုးပါမသွေ ကာကွယ်ဆေး၊
သို့မှသာ
မြတ်ပညာ ပန်းတိုင်ကြီးနှင့်
နီးလိမ့်မယ်လေး။ ။

**စိုင်းနေဝန်း**

# စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခြင်ပြစ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဆဋ္ဌမအကြိမ်မြောက်ထုတ်ချေးခြင်းကို အောက်တိုဘာ ၃ ရက်က အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ခြင်ပြစ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်မြောက် ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခြင်ပြစ်ကိုင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၈ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ငွေကျပ် ၄၃ ဒသမ ၂ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# အမှိုက်မီးရှို့ခြင်း၏ဆိုးကျိုးနှင့် လေထုညစ်ညမ်းမှု

မေဇင်ထွန်း



ယနေ့ခေတ်တွင် အညစ်အကြေးနှင့်အမှိုက်များ ကင်းစင်ရေးလုပ်ငန်းစဉ်များအတိုင်း အတိအကျ လုပ်ဆောင်ရန်မှာ ပိုမို၍ခက်ခဲလာသည်။ အမှိုက်မီးရှို့ခြင်းလုပ်ငန်းစဉ်များကို အမေရိကန်နိုင်ငံတွင် ရှေးယခင်ကတည်းက ပြုလုပ်လာခဲ့ကြသည်။

စက်ရုံများသည် ထွက်ရှိလာသောအမှိုက်များကို ဖန်တီးထားသော မီးရှို့စက်များဖြင့် အမှိုက်မီးရှို့ခြင်းများဆောင်ရွက်ပြီး စွန့်ပစ်သည်။ သို့သော်လည်း အမှိုက်မီးရှို့ခြင်းမှ ထုတ်လွှတ်သောမီးခိုးနှင့် ဓာတ်ငွေ့များသည် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးသက်ရောက်မှုများဖြစ်စေသဖြင့် သဘာဝပတ်ဝန်းကျင်အတွက် ပိုမိုရေရှည်တည်တံ့သော စွန့်ပစ်ခြင်းအလေ့အကျင့်များကို ဆောင်ရွက်လာကြသည်။

ထိုသို့ပတ်ဝန်းကျင်ကို ဆိုးကျိုးသက်ရောက်မှုများဖြစ်စေသော အကြောင်းရင်းကြောင့် အမှိုက်မီးရှို့ခြင်းများ လျော့နည်းကျဆင်းသွားကြောင်းကို အစီရင်ခံစာတစ်ခုတွင် ရေးသားဖော်ပြခဲ့ကြသည်။ အမှိုက်မီးရှို့ခြင်းသည် လူသားတို့၏ကျန်းမာရေးထိခိုက်ရမှု၊ သက်တမ်းရင့်အပင်များပျက်စီးရမှု၊ ၎င်းမီးရှို့စက်များ လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုကုန်ကျစရိတ်များ တိုးမြင့်လာမှုတို့ကြောင့် အမှိုက်မီးရှို့ခြင်းကို လျှော့ချရန် လူထုကစိတ်ဝင်စားမှုရှိလာသည်။ သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုကိုလျှော့ချခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ခြင်းတို့ကိုလည်း လူထုက စိတ်ဝင်စားစွာလုပ်ဆောင်လာကြသည်။ မည်သို့ပင်ဆိုစေကာမူ အမေရိကန်နိုင်ငံတွင် အမှိုက်မီးရှို့စက် ၇၂ လုံး လည်ပတ်နေဆဲဖြစ်သည်။ ၎င်းအမှိုက်မီးရှို့စက်များထဲမှ အများစုကို ဆင်းရဲသားများနေထိုင်ရာရပ်ကွက်၊ ဝင်ငွေနည်းသူများနေထိုင်ရာရပ်ကွက်များတွင် တည်ထားသည်ကို တွေ့ရှိရသည်။ အမှိုက်မီးရှို့စက်များသည် လေထုညစ်ညမ်းမှု အရင်းအမြစ်များစွာမှတစ်ခုဖြစ်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များကို ပိုမိုဆိုးရွားစေသည်။

အမှိုက်မီးရှို့စက်များကို အမေရိကန်နိုင်ငံ၏ အရှေ့မြောက်ပြည်နယ်များနှင့် ဖလော်ရီဒါပြည်နယ်များတွင် များစွာရှိသည်ကိုတွေ့ရသည်။ ၎င်းနေရာများတွင် ဆင်းရဲသားများနှင့် ဝင်ငွေနည်းသူများ အများဆုံးနေထိုင်ကြသည့်အပြင် လူဦးရေသိပ်သည်းစွာနေထိုင်ကြသည်ကိုလည်း တွေ့ရသည်။ ထို့ပြင် ၎င်းဒေသများတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကိုလည်း ထုတ်လုပ်သည်။

ကယ်လီဖိုးနီးယားပြည်နယ်၊ ဒက်ထရွိုက်ပြည်နယ်၊ မစ်ရှီဂန်ပြည်နယ်တို့တွင်ရှိသော အမှိုက်မီးရှို့ဖျက်ဆီးမှုများကို ၂၀၂၂ ခုနှစ်က ပိတ်ပစ်နိုင်ခဲ့သည်။ ဒက်ထရွိုက်ပြည်နယ်တွင်ရှိသော အမှိုက်မီးရှို့စက်ကို ၁၉၈၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ပြီး ပတ်ဝန်းကျင်နှင့် လူသားတို့အပေါ် ဆိုးကျိုးသက်ရောက်မှုရှိသဖြင့် ပိတ်ခဲ့သည်။

အပင်များ၏ ပျမ်းမျှသက်တမ်းမှာ နှစ် ၃၀ ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် လည်ပတ်နေသော အမှိုက်မီးရှို့စက်၏ လေးပုံသုံးပုံ၏သက်တမ်းမှာ အနည်းဆုံး ၂၅ နှစ်ဖြစ်သည်။ ၂၅ နှစ်ကျော်လာသော ၎င်းစက်များသည် ဝင်ငွေမလုံလောက်ခြင်း သို့မဟုတ် လိုအပ်သော အဆင့်မြှင့်တင်မှုများ မတတ်နိုင်ခြင်းတို့ကဲ့သို့သော ပြဿနာများကြောင့် ၂၀၀၀ ပြည့်နှစ်မှစပြီး မီးလောင်မှုများ၊ အမှိုက်ညော်နံ့များ ပတ်ဝန်းကျင်သို့ဆိုးရွားစွာပျံ့နှံ့စေခဲ့သည်။ ထိုသို့သော ပြဿနာများဆိုးရွားစွာဖြစ်ခဲ့သည့် အမှိုက်မီးရှို့စက်ရုံ ၃၁ ရုံကို ပိတ်ခဲ့သည်။

အပင်များသည် ၎င်းတို့သက်တမ်းကြီးရင့်လာသည်နှင့်အမျှ စွမ်းဆောင်ရည်ကျဆင်းလာသည်။ ထိုသို့ အပင်များ၏ စွမ်းဆောင်ရည်ကျဆင်းချိန်တွင် အမှိုက်မီးရှို့စက်များသည် ၎င်း၏သက်တမ်းကုန်သွားသော်လည်း ဆက်လက်အသုံးပြုနေရမှုများကြောင့် ဘေးထွက်ဆိုးကျိုးများ ယခင်ကထက် ပိုမိုဖြစ်လာသည်။ စက်ရုံများ၏လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုစရိတ်များသည်လည်း ပုံမှန်ထက်ပိုများလာသည်။ လေထုညစ်ညမ်းမှုကို ထိန်းချုပ်ပေးသည့် ကိရိယာများတပ်ဆင်ခြင်းကဲ့သို့သော အဆင့်မြှင့်တင်မှုများသည် ဒေါ်လာသန်းဆယ်နှင့်ချီ ကုန်ကျနိုင်သဖြင့် မတပ်ဆင်ဘဲ ဆက်လက်အသုံးပြုနေမှုများသည် လူသားများနှင့် ပတ်ဝန်းကျင်ကို များစွာထိခိုက်မှုများဖြစ်စေခဲ့သည်။ တစ်ပြိုင်တည်းမှာပင် အပင်များသက်တမ်းရင့်လာသည်နှင့်အမျှ ၎င်းတို့၏ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းညှိမှု စွမ်းဆောင်ရည်သည်လည်း ကျဆင်းလာသောကြောင့် ပတ်ဝန်းကျင်နှင့် အများပြည်သူကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ အတွင်း စည်ပင်အမှိုက်များ၏ဖွဲ့စည်းပုံမှာ ပြောင်းလဲခဲ့သည်။ ပလတ်စတစ်ကဲ့သို့သော ဓာတုပစ္စည်းများ တိုးပွားလာသော်လည်း စက္ကူနှင့် သစ်ရွက်ကြွေများကဲ့သို့ ဇီဝဓာတုပစ္စည်းများ၊ ဆွေးမြည့်နိုင်သောပစ္စည်းများ လျော့နည်းလာသည်။

အထူးသဖြင့် ရေနံကိုအခြေခံ၍ ဖြစ်လာသော ပလတ်စတစ်များသည် အမှိုက်များ၏ အဓိကပြဿနာဖြစ်ပြီး ၎င်းတို့သည်ဇီဝကမ္မဖြစ်စဉ်တွင် အကျိုးမဝင်သောပစ္စည်းများဖြစ်သည်။ ၎င်းတို့ကို မီးလောင်ရာမှ ညော်နံ့အဖြစ်ထွက်လာသော ဒိုင်အောက်ဇင်နှင့် အခြားသောဓာတ်များသည် အန္တရာယ်ရှိပြီး လေ၏သယ်ဆောင်မှုဖြင့် လူသားတို့နေထိုင်ရာလေထုအတွင်း ပျံ့နှံ့လာခဲ့သည်။

**အမှိုက်စီမံခန့်ခွဲမှုလမ်းကြောင်းများ**

ယနေ့ခေတ်တွင် အမှိုက်ကိုင်တွယ်ခြင်းဆိုင်ရာ ရွေးချယ်မှုများ ဆင့်ကဲပြောင်းလဲလာမှုကြောင့် စည်ပင်သာယာရေးလုပ်ငန်းစဉ်များ၌ စွန့်ပစ်ပစ္စည်းများ အများစုကို မြေဆွေးအဖြစ် သို့မဟုတ် ပြန်လည်အသုံးပြုခြင်းများပြုလုပ်လာကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် လေ၊ မြေဆီလွှာ၊ ရေညစ်ညမ်းမှုနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအပါအဝင် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို လျှော့ချပေးသည်။ နယူးယောက်နှင့် ဆန်ဖရန်စစ္စကိုကဲ့သို့ မြို့ကြီးများတွင် အမှိုက်ကင်းစင်ရေးမူဝါဒများချမှတ်ခဲ့ပြီးနောက် အမှိုက်ပုံများ သို့မဟုတ် မီးရှို့စက်များမှအမှိုက်များကို ယခင်လို မီးရှို့ခြင်းများ မပြုလုပ်တော့ဘဲ လမ်းကြောင်းပြောင်း၍ စွန့်ပစ်မှုများကြောင့် အမှိုက်မီးရှို့ခြင်းသည် ပို၍အသုံးမဝင်တော့သည်ကို တွေ့ရသည်။




မြို့ကြီးများနှင့် ပြည်နယ်အများအပြားသည် ပြင်းထန်သော ရာသီဥတုပြောင်းလဲမှုများကြောင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးအတွက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အမှိုက်လျှော့ချရေးနှင့် လွှဲပို့မှုရည်မှန်းချက်များကို ပြည့်မီရန် အရေးကြီးသောအပိုင်းများခွဲကာ ဆောင်ရွက်လာကြသည်။ ထုတ်ကုန် ထုတ်လုပ်သူများကို ပလတ်စတစ်တားမြစ်ချက်နှင့် အဆိပ်သင့်မှုနည်းသော ထုတ်ကုန်များကို ပြန်လည်ဒီဇိုင်းပုံစံရေးဆွဲရန် လူထုက ပိုမိုတောင်းဆိုလာကြသည်။ အမှိုက်မရှိသည့် ပတ်ဝန်းကျင်ဟူသော ပန်းတိုင်များကိုရောက်ရှိအောင် ဦးစားပေး၍ လူနေမှုပုံစံများနှင့်အညီ လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

**ပြင်းထန်စွာညစ်ညမ်းစေမှု**

မီးရှို့စက်များသည် နိုက်ထရိုဂျင်အောက်ဆိုက်များ၊ ဆာလဖာဒိုင်အောက်ဆိုက်များ၊ အမှုန်အမွှားများ၊ ခဲ၊ ပြဒါး စသည့်အရာများ ထုတ်လုပ်ပြီး ၎င်းတို့သည် ကင်ဆာဖြစ်နိုင်ခြေကို တိုးမြင့်စေသည်။

ကင်ဆာရောဂါဖြစ်မှုကို တိုးမြင့်စေသည့်အပြင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ နှလုံးရောဂါနှင့် မျိုးပွားမှု၊ ဖွံ့ဖြိုးမှုနှင့် အာရုံကြောဆိုင်ရာ ရောဂါများထိဖြစ်စေနိုင်ပြီး ပြည်သူ့ကျန်းမာရေးကို ပြင်းထန်သောသက်ရောက်မှုရှိကြောင်း တွေ့ရှိလာသည်။ လေ့လာမှုကိန်းဂဏန်းများအရ အမှိုက်လုပ်ငန်းမှ လျှပ်စစ်ဓာတ်အားသုံးစွဲမှုပိုများပြီး သဘာဝဓာတ်ငွေ့လောင်ကျွမ်းသည့် ဓာတ်အားပေးစက်ရုံများထက် ဆာလဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်အောက်ဆိုက်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်များကို ပိုမိုထုတ်လွှတ်သည်ကို တွေ့ရှိခဲ့ရသည်။

အမှိုက်မီးရှို့ဖျက်ဆီးခြင်း၏ တိုက်ရိုက်ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို သုတေသနပြုမှုများတွင် ဖော်ပြခဲ့ခြင်းဖြင့် စွန့်ပစ်အမှိုက်များပျံ့နှံ့နေသည့် အာရှနှင့် ဥရောပနိုင်ငံများသို့ အမှိုက်မီးရှို့ဖျက်ဆီးခြင်း၏ ဆိုးကျိုးများကိုသိရှိစေခဲ့သည်။ ဥပမာအားဖြင့် အီတလီနိုင်ငံ မြောက်ပိုင်းရှိ Emilia-Romagna ဒေသရှိ မီးဖို ခုနစ်လုံးအနီးတွင် နေထိုင်သည့် အသက် ၁၅ နှစ်မှ ၄၉ နှစ်ကြား အမျိုးသမီးများတွင် ကိုယ်ဝန်ပျက်ကျမှုဖြစ်ပွားခြင်းကို ၂၀၁၃ ခုနှစ် လေ့လာမှုတစ်ခုက ခွဲခြမ်းစိတ်ဖြာခဲ့ပြီး အမှိုက်မီးရှို့ဖျက်ဆီးခြင်းမှ ထွက်လာသောအမှုန်အမွှားထုတ်လွှတ်မှုသည် ကိုယ်ဝန်ပျက်ကျနိုင်ခြေ ပိုများလာကြောင်း တွေ့ရှိခဲ့သည်။

အမှိုက်မီးရှို့ဖျက်ဆီးခြင်းသည် တစ်နေ့လျှင် အမှိုက်တန်ချိန် ရာဂဏန်းမှ ထောင်ပေါင်းများစွာထိ လောင်ကျွမ်းနိုင်သည်။ သေးငယ်သော မီးရှို့စက်များသည် ဓာတ်ငွေ့ထုတ်လွှတ်မှု နည်းပါးသော်လည်း ၎င်းတို့လောင်ကျွမ်းသည့် အမှိုက်တန်ချိန်တိုင်းအတွက် အန္တရာယ်ရှိသော ညစ်ညမ်းမှုများကို ပိုမိုထုတ်လွှတ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**5 things you should know about the impact of burning trash ကို ဘာသာပြန်ဆိုပါသည်။**

# သီပေါမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးတွင် (၁၂၇)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းကြီးလောင်းလှူပွဲကျင်းပသွားမည်



**သီပေါ အောက်တိုဘာ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးတွင် (၁၂၇)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာသံဃာ့ဒါနဆွမ်းကြီးလောင်းလှူပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သီပေါမြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းကြီးလောင်းလှူပွဲဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးစိုင်းစံလှက ပြောပြ၍ သိရသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးတွင် (၁၂၇)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းကြီးလောင်းလှူပွဲကို ယခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ အကျဉ်းရုံး ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"သီပေါမြို့မှာ မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းကြီးလောင်းလှူပွဲကို နှစ်စဉ်အစဉ်အလာမပျက်ကျင်းပခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် နှစ်နှစ်လောက်ရပ်နားခဲ့ရပြီး ဒီနှစ်မှာတော့ မြို့နယ်ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တွေရဲ့ ဩဝါဒခံယူပြီးတော့ သီပေါမြို့ရဲ့ထင်ရှားတဲ့အစဉ်အလာပွဲကြီးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်တွေနဲ့အညီ ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ အရင်နှစ်တွေကလို အငြိမ့်၊ ဇာတ်၊ ရိုးရာအကတွေ မပါဝင်နိုင်ပေမဲ့ ဆွမ်းလောင်းပွဲမှာတော့ ရိုးရာအကအဖွဲ့တွေက ဓမ္မတေးတွေနဲ့ ပါဝင်ကြမှာပါ"ဟု ဦးစိုင်းစံလှက ပြောပြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၁ ကျောင်းမှ ရဟန်း ၃၀၃ ပါး၊ သာမဏေ ၁၄၉၆ ပါး စုစုပေါင်း သံဃာတော် ၁၇၉၉ ပါးတို့ကိုယ်စား ကျောင်းတိုက်များ၏ ဦးစီးပဓာန နာယကဆရာတော် ၃၁ ပါးကို ပင့်ဖိတ်၍ ယခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက် နံနက်ပိုင်းတွင် မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ခြင်း၊ ကျောင်း ၃၁ ကျောင်းမှ ဆရာတော်အရှင်သူမြတ်များအား အချက်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဖွယ်ပစ္စည်း၊ ဝတ္ထုငွေများ လောင်းလှူခြင်းများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ၄ ရက်တွင် ကျင်းပလေ့ရှိသည့် သီပေါမြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းလောင်းပွဲကြီးကို အငြိမ့်၊ ပြဇာတ်၊ ရှမ်းရိုးရာကပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြောင်း သီပေါ မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါန ဆွမ်းကြီးလောင်းလှူပွဲ ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

ASH

# အောင်လံမြို့နယ် ကွမ်းလောင်း(ရေ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**အောင်လံ အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (V-DP)ဖြင့် ကွမ်းလောင်း(ရေ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁နာရီ မိနစ် ၃၀ က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီအောင်နှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ ကွမ်းလောင်း(ရေ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိက ကျေးရွာစီမံကိန်းကော်မတီဝင်များအနေဖြင့် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကွမ်းလောင်း(ရေ)ကျေးရွာတွင် လမ်းအရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၁ သိန်းနှစ်သောင်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ပြည်သူလူထုကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျ စုပေါင်းကာ ကဏ္ဍပေါင်းစုံပါဝင်သော ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းဖြစ်သည့် VDP စီမံကိန်းရန်ပုံငွေကိုဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူတို့၏ စွမ်းဆောင်ရည်မြင့်တက်ခြင်း၊ နည်းပညာများရရှိခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်တတ်လာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်**









ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်း ဖော်ပြပေးလိုက်ပါသည်။

# ဂါထာမျက်ရှ ထုတ်ဝေဖြန့်ချိ




ရှင်မတောင်စာပေက ထုတ်ဝေသော မျက်ရှ ဦးကျော်လွင်(ဓမ္မာစရိယ၊ ပါဠိပါရဂူ)၏ ဂါထာမျက်ရှ စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် မဟာနမက္ကာရကြီး၊ အရှင်ပါမောက္ခ၏အမှာစာ၊ မျက်ရှဦးကျော်လွင်၏ ဘဝဖြစ်စဉ်တို့ကို ဦးစွာဖော်ပြထားပြီး အရှင်ပါမောက္ခ၏အမှာစာမှ ကောက်နုတ်ဖော်ပြရလျှင် သူရွတ်ဆိုတဲ့ဂါထာအနက်တွေက အလွန်နားထောင်ကောင်းပါတယ်။ မှတ်မှတ်ရရဆိုရရင် ပရိတ်ရွတ်ပွဲတွေမှာ သိရသို့-ဂါထာအနက်ပေးသံကြားရတိုင်း ဝါဝွမ်းစိုင်နုနုလေးကို လက်ဖဝါးနုနုနဲ့ဆုပ်နယ်သလို နားထောင်ရသူတွေရဲ့ရင်ထဲမှာ တသိမ့်သိမ့်ခံစားရပါတယ်။ တရားဟောသံ ဂါထာရွတ်သံတွေဟာ သတ္တဝါတွေအပေါ် သနားကြင်နာစိတ်တွေ လွှမ်းခြုံဖြန့်ကြက်ပေးလိုက်သလို ခံစားရပါတယ် စသည်ဖြင့်ဖော်ပြပါရှိသည်။

ယခုစာအုပ်တွင် လောကီအကျိုးစီးပွားကိုလည်းကောင်း၊ လောကုတ္တရာအကျိုးစီးပွားကိုလည်းကောင်း ဆောင်နိုင်သောဂါထာများနှင့်စပ်လျဉ်း၍ စိတ်ဝင်စားဖွယ်ရေးသားတင်ပြထားကြောင်း တွေ့ရသည်။

ယခုစာအုပ်ပါ အောင်ခြင်းရှစ်ဖြာရှစ်ဂါထာတွင် ဤသို့ထည့်သွင်းရေးသားထားသည်။ **"မာရံ ယက္ခံ ဂဇံ စောရံ၊ စိဉ္စမာဏဝူ သစ္စကံ၊ နာဂံ ဗကံ ဗိနော ဓိနိ၊ ဟောတုမေ ဇယမင်္ဂလံ"** ဂါထာကိုပြောတာလား' 'လေးလေးအဖြေကိုခဏထား။ အဲဒီဂါထာရဲ့အဓိပ္ပာယ်ကို တူမ သိသလိုပြောပြဦး' 'အောင်ပန်းပန်ဆင်အကျွန်ုပ်တို့ ဘုရားရှင်သည် **မာရ်နတ်သား၊ အာဠဝကဘီလူး၊ နာဠာဂီရိဆင်၊ အင်္ဂုလိမာလ လူဆိုးကြီး၊ စိဉ္စာမိန်းမပျို၊ သစ္စကပရိဗိုဇ်၊ နန္ဒောပနန္ဒနဂါး၊ ဗကဗြဟ္မာ**တို့ကို အောင်မြင်တော်မူခဲ့ပြီ။ (ဤမှန်သောစကားကြောင့်) အကျွန်ုပ်မှာ အောင်မြင်မှုမင်္ဂလာတွေ ဆင့်ကာဆင့်ကာဖြစ်ပါစေ'

စာ-၃၇၊ ၃၈ မှ

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ရိသဲ့သဲ့ ထွက်ရှိလာ




စိတ်ကူးချိုချိုစာပေက တတိယအကြိမ်ထုတ်ဝေသော မြမျိုးလွင်၏ ရိသဲ့သဲ့လုံးချင်းဝတ္ထုစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်သည် ၁၉၄၁ ခုနှစ်က ထုတ်ဝေခဲ့သောဝတ္ထုစာအုပ်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်ရှိသော သတင်းစာဆရာ တစ်ယောက်၏ ယုံကြည်ချက်အတွက် အခက်အခဲများကို နှစ်နာခံ၊ ကိုယ်ကျိုးစွန့်ခဲ့သောအဖြစ်ကို အဓိကထားရေးသားသည့် ဇာတ်လမ်းဖြစ်သည်ဟုလည်းကောင်း၊ သတင်းစာဆရာကို အဓိကဇာတ်ဆောင်ဖွဲ့၍လည်းကောင်း သတင်းစာလုပ်ငန်းကို ဇာတ်လမ်းကျောရိုးပြု၍ လည်းကောင်း ရေးဖွဲ့သောဝတ္ထုမျိုးသည် ရိသဲ့သဲ့ဝတ္ထု ထွက်လာချိန်ကာလပိုင်း၌ အလွန်နည်းပါးသေး၏ဟုလည်းကောင်း မလိခက ညွှန်းဆိုခဲ့သည်။

ယခုစာအုပ်တွင် ချမ်းသာကြွယ်ဝသော မေခင်နှင့် သတင်းစာသမား ကိုရေချမ်းတို့၏ အချစ်ဇာတ်လမ်းကို ဟန်ဆောင်ဇနီးမောင်နှံဘဝမှ တကယ့်ဇနီးမောင်နှံဘဝသို့ ကူးပြောင်း ရောက်ရှိသွားသည့်အခြေအနေအဖြစ် စိတ်လှုပ်ရှားဖွယ်ရေးသားတင်ပြထားသည်မှာ ဤသို့ဖြစ်သည်။ တစ်စတစ်စအချိန်ကုန်သွားလျက် ညဉ့်နက်လာလေ၏။ အောက်ထပ်က လူများပင်အိပ်မောကျကာ ငြိမ်သက် တိတ်ဆိတ်နေသဖြင့် မောင်ရေချမ်းမှာ အိပ်တော့မည်ဟု ကုလားထိုင်မှထကာ အပေါ်အင်္ကျီကိုချွတ်မှ ရုတ်တရက်သတိရလာသော အကြောင်းတစ်ခုသည်ကား မေခင်အားပေးရန် နေ့လယ်က ထည့်ထားသော ဘဏ်တိုက်သုံး ချက်လက်မှတ်တစ်ခုအတွက် ဖြစ်လေ၏။ ထို့ကြောင့် အပေါ်ဝတ်အင်္ကျီကို လက်မောင်းတစ်ဖက်တွင် လိမ်ပတ်၍ချိတ်ရင်း အိတ်တွင်းမှ ချက်လက်မှတ်ကို နှိုက်ယူရာက မေခင်၏အခန်းတွင်းသို့ လျှောက်ဝင်လာသော်လည်း မေခင်မှာ စာကို စိတ်ဝင်စားစွာကြည့်နေ၍ အိပ်ရာဘေးတွင် သွားရပ်မိသည်အထိ မသိဘဲရှိနေမှ. . . "ခင်. . . "ဟု လေးလေးပင်ပင်ကြီးခေါ်လိုက်သည်နှင့် တစ်ပြိုင်နက် မေခင်မှာ မိုးကြိုးသွားနှင့် နှက်လိုက်သည်ဟုထင်သွားသလားမသိ၊

စာ-၁၈၄ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ကလေးလူငယ်လူကြီးနှင့် စာပေ ပုံနှိပ်ထုတ်ဝေ




အိမ်ချမ်းမြေ့ စာအုပ်တိုက်က ထုတ်ဝေသော အောင်သင်း၏ ကလေးလူငယ်လူကြီးနှင့် စာပေ စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် ကလေး၊ လူငယ်၊ လူကြီးနှင့်စာပေ၊ လုပ်ချင်တာလုပ် လုပ်သင့်တာတော့ ပြီးအောင်လုပ်၊ ဒေါ်သလည်းဖြစ် စိတ်လည်းညစ်၊ ပုံပြင်လက်ဆောင်၊ မောင်ကျော်ထက် (ခေတ္တဂျပန်)၊ မောင်ကျော်ထက်(ခေတ္တဂျပန်)-၂ ဟူသည့်စာစု ခြောက်ပုဒ်ပါဝင်ပြီး သိမှတ် ဆင်ခြင်ဖွယ်ရာများကို တရင်းတနှီး ပြောပြနေဟန်ဖြင့် ရေးသားထားသည့် စာစုများဖြစ်ကြောင်း တွေ့ရသည်။


ယခုစာအုပ်ပါ ကလေး၊လူငယ်၊ လူကြီးနှင့်စာပေပါအကြောင်းအရာများကို မိတ်ဆက်ဖော်ပြရလျှင်- အခု ဒီမြန်မာပြည်မှာ ပုစွန်မွေးမြူရေး၊ ငါးမွေးမြူရေး၊ စိုက်ပျိုးရေးတို့ကို ကြည့်လိုက်ကြရအောင်။ ငါးမွေးမြူရေးဆိုရင်လည်း ငါးတွေရောဂါကင်းအောင်၊ ထွားကြိုင်းအောင် အစာတို့ဘာတို့၊ ဖွဲနုတို့သေချာကျွေးရတယ်။ စိုက်ပျိုးရေးမှာဆိုလို့ရှိရင်လည်း မျိုးကောင်းမျိုးသန့်ရအောင်၊ ပိုးတွေဘာတွေမကျအောင် ကြိုးစားပမ်းစားလုပ်ကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဗမာပြည်မှာက အဲဒီငါးမွေးမြူရေးထက်၊ သစ်ပင်စိုက်ပျိုးရေးထက် အရေးကြီးတဲ့လူငယ်ပျိုးထောင်ရေးကျတော့မေ့နေတယ်။ လူထက်ပိုပြီး တန်ဖိုးရှိတာဘာမှမရှိဘူး။ သစ်ပင်ကျတော့ ဂရုစိုက်တယ်။ ငါးတွေဘာတွေကျတော့ ဂရုစိုက်တယ်။ ကလေးတွေကို ဂရုစိုက်ဖို့သတိမရဘူး။ အဲဒါကျွန်တော်တို့တိုင်းပြည်ရဲ့ အဓိကမှားနေတဲ့အချက်ပဲ။ ကိုယ့်သားကိုယ့်သမီးတောင်မှ အဲဒီလောက်အထိအောင် ဂရုမစိုက်ကြဘူး။ အဲဒီလိုဖြစ်နေတာဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ တိုးတက်မှုရဲ့အမှားပဲ။

စာ-၇၊ ၈ မှ

အဟောအပြောတွင် အာဝဇ္ဇန်းကောင်းပြီး စာရေးသားရာ၌ ရှင်းလင်းပီပြင်စွာ ရေးသားတတ်သော ဆရာဦးအောင်သင်း၏ ရေးသားဖော်ပြချက်များမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ဦးနှောက်ထဲပိတ်မိခြင်း ထွက်ရှိလာ




ဂျူတီစာပေက ထုတ်ဝေသော မျိုးကျော်(BSc)၏ ဦးနှောက်ထဲပိတ်မိခြင်းစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် ကျေးဇူးတင်လွှာ၊ စကားချီး၊ နှစ် ၂၀ ပြည့် အထိမ်းအမှတ်ထုတ်ဝေမှုအတွက် အမှာစာနိဒါန်းတို့ပါဝင်ပြီး နိဒါန်းမှ ကောက်နုတ်ဖော်ပြရလျှင် အပြုအမူဆိုင်ရာစိတ်ကုထုံး နည်းစနစ်များကို အသုံးချခြင်းဖြင့် ထိုအတွေးတွေနဲ့ နှိုးဆွမှုတွေကို သင်ဘယ်လိုတုံ့ပြန်တာကို ပြောင်းလဲနိုင်ပါတယ်။ အဲဒီလို ပြောင်းလဲလိုက်တာဟာ **ဦးနှောက်အလုပ်လုပ်ပုံက ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းပုံလည်း ပြောင်းလဲလိုက်တာပါ** စသည်ဖြင့် ဖော်ပြထားသည်။

ယခုစာအုပ်တွင် အပိုင်း(၁)မှ အပိုင်း(၃)ထိပါဝင်ပြီး အပိုင်းတစ်ခုချင်းစီတွင် ခေါင်းစဉ်ခွဲများဖြင့် ရှင်းလင်းဖော်ပြထားကြောင်း တွေ့ရသည်။ ယခုစာအုပ်ပါ အပိုင်း(၁) အဆင့်လေးဆင့်တွင် (၁) အဆင့်(၁) ပြန်လည်အမည်တပ်- "အဲဒါ ကျွန်ုပ်မဟုတ်ပါ-ကျွန်ုပ်ရဲ့ OCDပါ"။ (၂) အဆင့်(၂)ပြန်လည်အကြောင်းအရင်းသတ်မှတ်- "ဦးနှောက်ပိတ်မိနေမှုကိုဖွင့်ထုတ်ခြင်း"၊ (၃)အဆင့်(၃)ပြန်လည်အာရုံစိုက်-"ဆုတောင်းခြင်းက ၎င်းကိုဖြစ်ပျက်သွားစေမည်မဟုတ်ပါ"၊ (၄) အဆင့်(၄) ပြန်လည် အဓိပ္ပာယ်သတ်မှတ်- "OCD မှ လေ့လာခဲ့ရသောသင်ခန်းစာများဟူ၍ တွေ့ရသည်။

အပိုင်း(၁) အဆင့်လေးဆင့်ပါ သင့်ခရီးလမ်းအား လမ်းညွှန်ပြသပေးမည့်အမြော်အမြင်ပေးသော စကားလုံးများမှ သမိုင်းအချိန်အစီအစဉ်အတိုင်းကို ကောက်နုတ်ဖော်ပြရလျှင် ဒေါသတုံ့ပြန်မှုနှေးသူသည် စစ်သူကြီးတစ်ယောက်ထက် ပိုကောင်းမွန်သည်။ ကိုယ့်ရဲ့စိတ်ဝိညာဉ်ကိုနိုင်နင်းသူသည် မြို့တစ်မြို့သိမ်းပိုက်နိုင်သူထက်သာသည်။ -King Solomon. Proverbs 16:32၊ သင်ကိုယ်တိုင်က အားအင်ကြိုးမားစွာ စိုက်ထုတ်ရသောအလုပ်ကို မဖြစ်မနေလုပ်ဆောင်ရမည်။ ထိုးထွင်းသိမြင်နိုင်မှု ရရှိခဲ့သောသူများသည် လမ်းကြောင်းကိုသာ ပြသပေးနိုင်သည်။-Gotama Buddha, Dhammapada 276၊

စာ-၇၀ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ ထုတ်ဝေဖြန့်ချိ




ရွှေပေစာအုပ်တိုက်က ဒုတိယအကြိမ်ထုတ်ဝေသော ဒေါက်တာထွန်းတင့်၏ စည်းနဲ့ကမ်းနဲ့မြန်မာစာ စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် ဒေါက်တာထွန်းတင့်၏ကိုယ်ရေးအကျဉ်းဖော်ပြထားရာတွင် မြန်မာစာကို သိပ္ပံနည်းကျခြေခြေမြစ်မြစ် လေ့လာထားသူဖြစ်သည်။ 'မြန်မာဝေါဟာရတိုင်း ပေါင်းစည်းခြင်းဟူသော အနက်ရှိသလော'ဟူသော ကျမ်းခေါင်းစဉ်ဖြင့် ရန်ကုန်တက္ကသိုလ်မှ မြန်မာစာပါရဂူဘွဲ့ရရှိသည်ဟုလည်း ထည့်သွင်းဖော်ပြထားသည်။

ယခုစာအုပ်တွင် ပဲနဲ့ဘဲ၊ ဖူးနဲ့ဘူး၊ ဖက်နဲ့ဘက်၊ ခတ်နဲ့ခပ်၊ သုဒ္ဓကြိယာ၊ ကာရိုက်ကြိယာ စသည့်ခေါင်းစဉ်ခွဲများဖြင့် အကြောင်းအရာ ၂၇ ခုကို ရှင်းလင်းရေးသားထားကြောင်း တွေ့ရသည်။

ယခုစာအုပ် ခတ်နဲ့ခပ်ခေါင်းစဉ်ပါ အကဲခတ်၊ အကဲခပ်မှ ကောက်နုတ်ဖော်ပြရလျှင် 'အကဲခတ်'ဆိုတဲ့ဝေါဟာရမှာ အ-ရယ်၊ ကဲ-ရယ်၊ ခတ်-ရယ် စကားသုံးလုံးပါတာကို တွေ့ရတယ်နော်။ အဲဒီစကားသုံးလုံးမှာ 'အ'ကိုတော့ ပစ္စည်းလို့သတ်မှတ်နိုင်ပါတယ်။ ဘာပစ္စည်းလည်းဆိုတော့ နာမ်ပုဒ်ပြောင်းပစ္စည်းပါ။ နာမ်ပုဒ်ပြောင်းပစ္စည်းမှာ ကြိယာနာမ်ပုဒ်ပြောင်းပစ္စည်း၊ ဂုဏ်ရည်ပြ နာမ်ပုဒ်ပြောင်းပစ္စည်းရယ်လို့ နှစ်မျိုးရှိတာ ညီလေးသိပြီးဖြစ်မှာပါ။ ဒီနေရာမှာ 'ကဲ'ဆိုတဲ့ကြိယာကို ကြိယာနာမ်ဖြစ်အောင် 'အကဲ'လို့ ပြောထားတာမို့ ကြိယာနာမ်ပြောင်းပစ္စည်းလို့ပြောရမှာပေါ့။ 'ကဲ'ဆိုတာကတော့ ပိုတယ်၊ သာတယ်ဆိုတဲ့အနက်မျိုး၊ ထပ်ဖြည့်တယ်၊ ဖြည့်စွက်တယ်ဆိုတဲ့အနက်မျိုး၊ အလွန်အကြူး ပြုမူတယ်ဆိုတဲ့အနက်မျိုး၊ ကြီးမှူးတယ်ဆိုတဲ့အနက်မျိုးတွေရှိတယ်လေ။

စာ-၄၀မှ

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုး ငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

နေမျိုး
စုစည်းသည်








## စားသောက်ဆိုင်အတွက် ဝန်ထမ်းအလိုရှိသည်

- **Senior Accountant** မ (2)ဦး
- **Cashier** မ (4)ဦး
- **Store** မ (2)ဦး
- အသက် (၂၀) မှ (၂၅)နှစ်အတွင်း
- အဆောင်နေနိုင်သူဖြစ်ရမည်။
- **HR** ကျား **(1)ဦး**
- အသက် (၃၀)နှစ်အတွင်း
- HR Certificate တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- **လျှပ်စစ်ကျွမ်းကျင်** ကျား **(1)ဦး**
- အသက် (၃၀)အတွင်း
- ဆက်သွယ်ရန်/ ဖုန်း: **09-444460326**

## အမည်မှန်

မန္တလေး အမရပူရမြို့နယ် အထက(ပလစ-၂) Grade-5 အခန်း(B)တွင် ပညာသင်ကြားနေသော အဘ ဦးဇေနောင်၏ သားဖြစ်သူ မောင်ဟိန်းဒီလျှံဦး၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် မွေးဖွားစာရင်းအရ **မောင်တုန်ိုင်းခ** ဖြစ်ပါကြောင်း။ **မောင်တုန်ိုင်းခ**

မြို့မဆေးဝါးကုဆေးဆိုင်ကို

## ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ခဲ၊ နင်းစူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

[illegible]

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ သံရွာ အ. ထ. က ကျောင်းမှ Grade-11 ဟောင်းတွင် ပညာသင်ကြားနေသော အဘ ဦးအောင်ငွေ ၏သမီးဖြစ်သူ မဝိုင်းချစ်၏ မွေးသက္ကရာဇ်အမှန်မှာ မှတ်ပုံတင်စာရင်းအရ (၂၀-၆-၂၀၀၄) ဖြစ်ပါကြောင်း။

၂၀-၆-၂၀၀၄

## ပျောက်ဆုံးကြောင်း

သာပေါင်းမြို့နေ မောင်ထွန်းလှ (ဘ) ဦးညိုလုံး (၁၄/သပန(နိုင်)၁၃၃၉၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၆၉၁၃၄၅၅

## ပျောက်ဆုံးကြောင်း

နေပြည်မြို့နယ်နေ စိုးမောင်မောင် (ဘ) ဦးတင်ဝင်း (၁၄/နေဖ(နိုင်)၁၄၈၇၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၄၂၇၆၁၈၇

## ပျောက်ဆုံးကြောင်း

အိမ်မဲမြို့နယ်နေ စောဆာသွဲမူး (ဘ) ဦးအေးကြီး (၁၄/အမန(နိုင်)၁၁၃၆၃၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၃၂၃၇၁၃၇

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်နေ ဒေါ်ချိုချို (ဘ) ဦးအုန်းမောင် (၉/မရမ(နိုင်)၀၆၃၄၁၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၇၂၈၇၇၄

## ပျောက်ဆုံးကြောင်း

မြောင်းမြမြို့နေ ကောင်းမြတ်ထက် (ဘ) ဦးနေလင်း (၁၄/မမန(နိုင်)၃၅၄၉၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၄၈၈၈၅၀၁

## ပျောက်ဆုံးကြောင်း

မြောင်းမြမြို့နေ ဒေါ်စန္ဒာမြင့် (ဘ) ဦးခင်မောင်ရင် (၁၄/အမန(နိုင်)၀၀၀၇၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၄၅၀၈၈၆၀

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

---

အားကစားနှင့်ပတ်သက်၍ ချက်ချင်းထလုပ်၍ရသည့်လုပ်ငန်းမဟုတ်သည့်အတွက် အချိန်ယူလေ့ကျင့်မွေးထုတ်သွားရန်လို၊ ပြည်သူလူထုကျန်းမာရေးအတွက် အလွယ်ကူဆုံးအားကစားမှာ လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းတို့ရှိ၊ ကျန်းမာမှ ပညာရေး၊ စီးပွားရေးနှင့် အခြားကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်၊ ဒေသအလိုက် အားကစားကွင်းများတည်ဆောက်ရာတွင် ရေရှည်မြော်တွေးဆောင်ရွက်ကြရမည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)**

၈-၈-၂၀၂၂

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေး






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။**

**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို ပြည်မြို့ရှိ သီရိခေတ္တရာရတနာပုံမြို့တော်ခန်းမ၌တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ဒေါက်တာကံဇော်၊ဦးကိုကိုဦး၊တင်ထွဋ်ဦး၊ ဦးလှမိုး၊ဒေါက်တာချာလီသန်း၊ဦးအောင်နိုင်ဦးနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

---

**မြစ်ရေကြီးခြင်း သတိပေးချက်**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ကလေးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**